# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

၁၃၈၄ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၅ ရက် | ၂၀၂၂ ခုနှစ်၊ ဩဂုတ် ၁၆ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၁)၊ အမှတ် (၃၁၅)


**ဝီရိယကို မြဲမြဲစွာအားထုတ်**

ပျင်းရိသည်ဖြစ်၍ ဝီရိယမရှိဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်နေရခြင်းထက် ဝီရိယကို မြဲမြဲစွာ အားထုတ်သောသူ၏ တစ်ရက်မျှ အသက်ရှည်ရခြင်းသည် မြတ်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၁၂)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက် လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်း များဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## CDM ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် လူငယ်၊ လူရွယ်များအနေဖြင့် ကြိုဆိုရေးစခန်းများ၊ နီးစပ်ရာလုံခြုံရေးစခန်းများအပြင် နီးစပ်ရာမြို့နယ်များရှိ မြို့နယ်ကြက်ခြေနီအသင်း၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊မြို့နယ်လူမှုဝန်ထမ်းရုံးနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တရားဝင်အသိအမှတ်ပြုထားသည့် လူမှုကယ်ဆယ်ရေး အသင်းအဖွဲ့အသီးသီးသို့လည်း ဆက်သွယ်ဆောင်ရွက်နိုင်မည်ဖြစ်

နေပြည်တော် ဩဂုတ် ၁၅

နယ်စပ်ဒေသအသီးသီးနှင့် အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအတွင်းသို့ ရောက်ရှိနေသည့် CDM ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် လူငယ်၊ လူရွယ်များအား နယ်စပ်ကြိုဆိုရေးစခန်းအသီးသီးနှင့် နီးစပ်ရာ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းအသီးသီးသို့ ဆက်သွယ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်နိုင်ကြောင်းနှင့် ယင်းသို့ သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့က အသိပေးထုတ်ပြန်ထားရှိပြီး ဖြစ်ပါသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ◆

**ယနေ့ ဖတ်စရာ**


**အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း (MAI) ၏ (၂၉)နှစ်မြောက် နှစ်ပတ်လည် အခမ်းအနားကျင်းပ** — ပြည်တွင်းသတင်း စာ - ၄

**အချိုးကျကိုယ်စားပြုစနစ် (PR)နှင့် မြန်မာနိုင်ငံ** — ဆောင်းပါး စာ - ၁၀

**လာအိုနိုင်ငံမြောက်ပိုင်းရှိ နေရာအနှံ့အပြား၌ လူထောင်ချီ ရေဘေးသင့်** — နိုင်ငံတကာသတင်း စာ - ၁၃


## ရုရှားနိုင်ငံ၌ ကျင်းပသည့် တတိယအကြိမ်မြောက် နိုင်ငံတကာဗိုလ်လောင်းများ အားကစားပြိုင်ပွဲ မြန်မာ့တပ်မတော် ဝင်ရောက်ယှဉ်ပြိုင်၊ နိုင်ငံပေါင်း ၂၀ ယှဉ်ပြိုင်ရာတွင် အဆင့် ၈ နေရာရရှိ

နေပြည်တော် ဩဂုတ် ၁၅

ရုရှားဖက်ဒရေးရှင်း နိုင်ငံ၌ ၂၀၂၂ ခုနှစ် ဩဂုတ် ၄ ရက်မှ ၁၂ ရက်အထိ ကျင်းပပြုလုပ်သည့် တတိယအကြိမ်မြောက် နိုင်ငံတကာဗိုလ်လောင်းများအားကစားပြိုင်ပွဲ (3rd CISM World Cadet Games) တွင် မြန်မာ့တပ်မတော်ကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်ခဲ့သည့် ဗိုလ်လောင်းများသည် ပြိုင်ပွဲတွင် အားကစားအမျိုးအစား ခုနစ်မျိုးရှိသည့်အနက် သုံးမျိုး ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ရိုင်ဖယ်သေနတ်ပစ် တစ်ဦးချင်း အမြန်ပစ်ခတ်ခြင်း ပြိုင်ပွဲတွင် ပထမရွှေတံဆိပ်ဆု၊ ရိုင်ဖယ်သေနတ်ပစ် အသင်းလိုက် အမြန်ပစ်ခတ်ခြင်း ပြိုင်ပွဲတွင်

*စာမျက်နှာ ၃ ကော်လံ ၁* ✪



## မြန်မာအလုပ်သမားများ MoU စနစ်ဖြင့် အလုပ်လုပ်ကိုင်ရန် ထိုင်းနိုင်ငံသို့ ထွက်ခွာ



ကော့သောင်း ဩဂုတ် ၁၅

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ အလုပ်သမားဝန်ကြီးဌာန အလုပ်သမားညွှန်ကြားရေး ဦးစီးဌာန၏ ထိုင်းနိုင်ငံသို့ MoU စနစ်ဖြင့် မြန်မာအလုပ်သမားများ စေလွှတ်ရေးလုပ်ငန်းစဉ်အရ ယနေ့မွန်းလွဲပိုင်းက ကော့သောင်းနယ်စပ်ဂိတ်မှ တစ်ဆင့် မြန်မာအလုပ်သမား

*စာမျက်နှာ ၃ ကော်လံ ၁* ❏

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၉) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲ ကျင်းပမည်

နေပြည်တော် ဩဂုတ် ၁၅

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၉) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကို ဩဂုတ် ၁၇ ရက် မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ သတင်းစာရှင်းလင်းပွဲသို့ တက်ရောက်ရန် ပြည်တွင်း/ ပြည်ပ သတင်းမီဒီယာများအား ဖိတ်ကြားထားကြောင်း သိရသည်။

သတင်းစဉ်

မြန်မာ့အလင်း

## အကြမ်းဖက်အဖျက်အုပ်စုများကို အားပေးအားမြှောက်ပြုလုပ်မှုတို့၏ နောက်ကွယ်

ခေတ်သစ်ကမ္ဘာ့သမိုင်းကို ဒုတိယကမ္ဘာစစ်ပြီးကာလ ကုလသမဂ္ဂအဖွဲ့ကြီး ပေါ်ပေါက်လာချိန်မှ စတင်ကြည့်လျှင် ကိုလိုနီအင်ပါယာများ တစ်ခုပြီးတစ်ခု ချုပ်ငြိမ်းသွားခြင်း၊ နယ်ချဲ့လက်အောက်ခံနိုင်ငံအများအပြား လွတ်လပ်ရေး ရရှိလာခြင်း၊ နိုင်ငံသစ်များ ပေါ်ထွက်လာကာ ကမ္ဘာ့မြေပုံတွင် အပြောင်းအလဲများ ဖြစ်ပေါ်ခြင်း၊ ဝါဒနှစ်ရပ် အားပြိုင်ပွဲနှင့်အတူ စစ်အေးတိုက်ပွဲနှင့် လက်နက်အပြိုင်အဆိုင်တပ်ဆင်မှုများ ပေါ်ပေါက်ခြင်း၊ ဆိုဗီယက်ယူနီယံပြိုကွဲခြင်းနှင့်အတူ စစ်အေးကာလ ပြီးဆုံးသွားခြင်း၊ ဂလိုဘယ်လိုက်ဇေးရှင်းနှင့် အာရှစီးပွားရေး အားကောင်းမောင်းသန်ထွက်ပေါ်လာခြင်းနှင့် အာရှအင်အားကြီးနိုင်ငံများ ကမ္ဘာ့အစီအစဉ်တွင် နေရာယူလာခြင်းစသော သမိုင်းမှတ်တိုင်များကို တစ်ခုပြီးတစ်ခု တွေ့ရမည်ဖြစ်သည်။

ဒုတိယကမ္ဘာစစ်ပြီးကာလ နိုင်ငံတကာဆက်ဆံရေးနှင့် ကမ္ဘာ့ဇာတ်ခုံတွင် အမေရိကန်က ဦးဆောင်နေရာယူထားပြီး အပြိုင်အဖြစ် ဆိုဗီယက်နှင့် တရုတ်တို့ဦးဆောင်သည့် လက်ဝဲအုပ်စုရှိနေသည်။ နိုင်ငံတကာ တန်းတူရည်တူ ဆက်ဆံရေးနှင့် ကမ္ဘာ့ရေးရာများတွင် စုပေါင်းဆောင်ရွက်နိုင်ရန် ဖွဲ့စည်းခဲ့သည့် ကုလသမဂ္ဂအဖွဲ့ကြီးအတွင်း၌ပင် အုပ်စုဖွဲ့ပြိုင်ဆိုင်မှုများ ရှိခဲ့၊ ရှိဆဲဖြစ်နေသည်။ ဒုတိယကမ္ဘာစစ်တွင် စစ်နိုင်မဟာမိတ် အမေရိကန်၊ ဆိုဗီယက်၊ အင်္ဂလိပ်၊ ပြင်သစ်၊ တရုတ် ငါးနိုင်ငံဖြင့် လုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင်များအဖြစ် ဗီတိုအာဏာကို ရရှိထားရာ အနောက်အုပ်စုက သုံးနိုင်ငံအဖြစ် အမြဲအားသာခဲ့သည်။ ထို့အပြင် စီးပွားရေး၊ ဘဏ္ဍာရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဖွဲ့စည်းခဲ့သည့် ကမ္ဘာ့ဘဏ်၊ နိုင်ငံတကာ ငွေကြေးရန်ပုံအဖွဲ့၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့တို့တွင်လည်း အနောက်အုပ်စုနှင့် အလွမ်းသင့်မှသာ အလုပ်ဖြစ်နိုင်သည့် အခြေအနေရှိသည်။

မြန်မာနိုင်ငံလွတ်လပ်ရေးမရမီ ၁၉၄၆ ခုနှစ် ဇန်နဝါရီလအတွင်းက ပြောကြားခဲ့သည့် ဗိုလ်ချုပ်အောင်ဆန်း၏ အလယ်ပစ္စယံညီလာခံ မိန့်ခွန်းတွင် "နိုင်ငံပေါင်းစုံ ကုလသမဂ္ဂသည် ကမ္ဘာ့ငြိမ်းချမ်းရေး၊ ကမ္ဘာ့လုံခြုံရေးအတွက် ထိထိရောက်ရောက် ဆောင်ရွက်နိုင်သော အဖွဲ့ကြီးဖြစ်လိုခဲ့ပါလျှင် နိုင်ငံကြီး နိုင်ငံငယ် စက်ဆုပ်ဖွယ်ကောင်းသော အတန်းအစားခွဲခြင်းတို့ကို ပပျောက်အောင် ပြုလုပ်သင့်ကြပေပြီ" ဟူ၍ ထည့်သွင်းပြောကြားခဲ့ရာ ထိုစဉ်ကတည်းကပင် နိုင်ငံတကာဆက်ဆံရေးတွင် အင်အားကြီးတို့၏ လွှမ်းမိုးမှု၊ အုပ်စုဖွဲ့ခွဲခြားမှု၊ နိုင်ငံငယ်များ၏ နိုင်ငံရေး၊ စီးပွားရေး မျှော်လင့်ချက်များ မရေရာမှုတို့ ခံစားခဲ့ရသည့် သာဓကပင်ဖြစ်သည်။

မျက်မှောက်ကာလသည် စစ်အေးခေတ်နောက်ပိုင်းတွင် အပြင်းထန်ဆုံးသော ပထဝီနိုင်ငံရေးအားပြိုင်မှု ပေါ်ပေါက်နေသောကာလဖြစ်သည်။ ကမ္ဘာ့နိုင်ငံရေးနှင့် စီးပွားရေးတို့ကို ချုပ်ကိုင်နိုင်ရေးအတွက် အင်အားကြီးတို့၏ ပြိုင်ဆိုင်မှုများတွင် အုပ်စုနောက်လိုက် နောက်ပါများကလည်း ကျရာကဏ္ဍမှပါဝင်၍ အကွက်ရွှေ့ကစားကြရသည်။ အင်အားကြီးနိုင်ငံ မဟုတ်သော်ငြားငြားတို့၏ ပါဝါဂိမ်းအတွက် အချက်အချာနေရာတွင် ရှိနေသည့် မြန်မာနိုင်ငံကို နာလန်မထူနိုင်သည့် နိုင်ငံ၊ ပြိုကျပျက်သုဉ်းသည့် နိုင်ငံ ဖြစ်စေရေးအတွက် ပြည်တွင်းမှ အကြမ်းဖက်အဖျက်အုပ်စုများကို အားပေးအားမြှောက်ပြုကာ စိတ်ဓာတ်၊ ငွေကြေး၊ လက်နက် စသည်တို့ ကူညီပံ့ပိုးမှုများကို ပြင်ပအင်အားစုများက ရည်ရွယ်ချက်ရှိရှိပြုလုပ်နေကြခြင်း ဖြစ်သည်။ ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း မလေးရှားနိုင်ငံခြားရေးဝန်ကြီး၏ မြန်မာ့ပြည်တွင်းရေးနှင့် စပ်လျဉ်း၍ အာဆီယံအဖွဲ့အတွင်း နှုတ်သရမ်းမှုများသည် အကြောင်းမဲ့မဟုတ်ဘဲ နောက်ကွယ်မှ အကြောင်းများကြောင့်သာ ဖြစ်သည်။

ပြီးခဲ့သည့် အင်န်အယ်လ်ဒီအစိုးရလက်ထက်တွင် မြန်မာနိုင်ငံနှင့် မိုင်ထောင်ချီဝေးသည့် ဂမ်ဘီယာနိုင်ငံက ပြဿနာဖန်တီးကာ မြန်မာနိုင်ငံကို တရားစွဲခဲ့ခြင်းသည်လည်းကောင်း၊ ယခုတစ်ဖန် အာဆီယံနိုင်ငံများအတွင်း မြန်မာနိုင်ငံကို ပြဿနာရှာနေခြင်းသည်လည်းကောင်း မြန်မာနိုင်ငံအတွက် ပျက်စီးရာပျက်စီးကြောင်း ရည်ရွယ်ချက်တစ်ခုတည်းသာ ဖြစ်သည်။ လူ့အခွင့်အရေး၊ ဒီမိုကရေစီရေးဟူသော ဝေါဟာရများသည် နိုင်ငံတစ်နိုင်ငံကို အုပ်စုဖွဲ့ အနိုင်ကျင့်ရန်အတွက် အကြောင်းပြ သက်သက်မျှသာ ဖြစ်ပါကြောင်း။ ။

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော် လှူဒါန်း

**နေပြည်တော် ဩဂုတ် ၁၅**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်၊ ဝန်ထမ်း အရာထမ်း၊ အမှုထမ်း မိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းသည်။

ထိုသို့လှူဒါန်းလျက်ရှိရာ ယနေ့တွင် ကချင်ပြည်နယ် ရွှေကူမြို့နယ်ရှိ မင်္ဂလာရာမပရိယတ္တိစာသင်တိုက်သို့ လည်းကောင်း၊ ကရင်ပြည်နယ် ဘားအံမြို့နယ်ရှိ ကမော့ကစင်ကျောင်းတိုက်သို့ လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်ရှိ သဒ္ဓမ္မဇောတက သုဇာတာရုံကျောင်းတိုက်သို့ လည်းကောင်း၊ မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်ရှိ ဟံသာဝတီ တိုက်သစ်စာသင်တိုက်သို့ လည်းကောင်း၊ ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်ရှိ ဓမ္မောဒယပရိယတ္တိစာသင်တိုက်နှင့် လားရှိုးမြို့နယ်ရှိ အလိုတော်ပြည့်ကျောင်းတိုက်တို့သို့ လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်များကို တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ရေဝင်ရောက်မှုများဖြစ်ပေါ်ခဲ့သည့် နေရာများ၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်၊ အလှူငွေများ လှူဒါန်း

**နေပြည်တော် ဩဂုတ် ၁၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်နှင့် တာချီလိတ်မြို့နယ်တို့အတွင်း ဩဂုတ် ၁၂ ရက်မှ ၁၃ ရက်အထိ မိုးသည်းထန်စွာရွာသွန်းပြီး ချောင်းရေများ မြင့်တက်မှုကြောင့် အဆိုပါမြို့များရှိ ရပ်ကွက်များ၊ ကျေးရွာများ၊ ဘုန်းကြီးကျောင်းများ၊ ဘာသာရေးကျောင်းများ၊ နေအိမ်များ၊ စာသင်ကျောင်းများ၊ ဘိုးဘွားရိပ်သာများနှင့် လမ်းများပေါ်သို့ ရေဝင်ရောက်မှုများ ဖြစ်ပေါ်ခဲ့သည်။



အဆိုပါ ရေဝင်ရောက်မှုများ ဖြစ်ပေါ်ခဲ့သည့်နေရာများ၌ ယနေ့ နံနက်ပိုင်းမှစ၍ ရေများပြန်လည်ကျဆင်းသွားပြီ ဖြစ်သဖြင့် နယ်မြေခံ တပ်မတော်သားများက မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဒေသခံ တိုင်းရင်းသား ပြည်သူများနှင့်အတူ ဘုန်းကြီးကျောင်းများ၊ ဘာသာရေးကျောင်းများ၊ နေအိမ်များ၊ စာသင်ကျောင်းများ၊ ဘိုးဘွားရိပ်သာများနှင့် လမ်းများပေါ်၌ တင်ကျန်ခဲ့သော အမှိုက်များနှင့် နုန်းများအား ဖယ်ရှားရှင်းလင်းခြင်း **(အပေါ်ပုံ)**၊ ရေမြောင်းများအား စက်ယန္တရားကြီးများဖြင့် ပြန်လည်ပြုပြင်ပေးခြင်းများ ဆောင်ရွက်ပေးကြသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မျိုးမင်းထွန်းနှင့် တာချီလိတ်တပ်နယ်တို့မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ရေဝင်ရောက်မှုများ ဖြစ်ပေါ်ခဲ့သည့် ကျိုင်းတုံမြို့ရှိ ဓမ္မရက္ခိတ သီလရှင်စာသင်တိုက်၊ မူလတန်းကြိုကျောင်းနှင့် ဘိုးဘွားရိပ်သာများသို့ သွားရောက်၍ အလှူငွေများ လှူဒါန်းကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှအဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဩဂုတ် ၁၅**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ကုမ္ပဏီ တစ်ခု၊ ယာဉ်စီးရေနှစ်စီးဖြင့် Mask (၁၀ ဒသမ ၃၈) တန် တင်သွင်းခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့်ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့်ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့်ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူ သိရှိစေရန်ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဩဂုတ် ၁၅**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တို့တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့် ရှိနေမည်။

**မိုး/ဇလ**



# သံတမန်ရေးရာသင်တန်း အမှတ်စဉ် (၇/၂၀၂၂) သင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပ



ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် သံတမန်ရေးရာသင်တန်း (Course in Diplomacy – CID) အမှတ်စဉ် (၇/၂၀၂၂ ) သင်တန်း ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဩဂုတ် ၁၅**

နိုင်ငံခြားရေး ဝန်ကြီးဌာနတွင် အသစ်ခန့်အပ်လိုက်သော အရာထမ်းငယ်များအတွက် ဖွင့်လှစ်သည့် သံတမန်ရေးရာသင်တန်း (Course in Diplomacy – CID) အမှတ်စဉ် (၇/၂၀၂၂ ) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန လောကနတ်ခန်းမ၌ ကျင်းပရာ နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် တက်ရောက်၍ သင်တန်းဖွင့် အမှာစကား ပြောကြားသည်။

**၃၄ ဦး တက်ရောက်**

သင်တန်း ဖွင့်ပွဲအခမ်းအနားသို့ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ်၊ အမြဲတမ်းအတွင်းဝန် ဦးချမ်းအေး၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဦးစီးဌာနအသီးသီးမှ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့် သင်တန်းသား သင်တန်းသူ ၃၄ ဦး တက်ရောက်ကြသည်။

**သင်ကြားပို့ချသွားမည်**

သင်တန်းတွင် သံတမန်အရာထမ်းငယ်များ၏ အရည်အသွေးမြှင့်တင်ရန်နှင့် ဘာသာရပ်ဆိုင်ရာ ဗဟုသုတကြွယ်ဝစေရန်အတွက် နိုင်ငံခြားရေးမူဝါဒ၊ မျက်မှောက်ခေတ် နိုင်ငံတကာရေးရာများ၊ ကုလသမဂ္ဂနှင့် အပြည်ပြည်ဆိုင်ရာဥပဒေများ၊ နိုင်ငံတကာနှင့် ဒေသတွင်း အဖွဲ့အစည်းများဆိုင်ရာကိစ္စရပ်များ၊ နိုင်ငံတကာဆက်ဆံရေး ဘာသာရပ်များ၊ သံတမန်ရေးရာများ၊ ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာများ၊ နိုင်ငံသားအကျိုး ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ကိစ္စရပ်များ၊ စီးပွားရေးဆိုင်ရာဘာသာရပ်များနှင့် အင်္ဂလိပ်စာ ဘာသာရပ်များကို လက်တွေ့အသုံးချ ကျွမ်းကျင်ရေး စာတွေ့ လက်တွေ့ ရက်သတ္တ ၁၂ပတ်ကြာ သင်ကြား ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် ကျင်းပပြုလုပ်သည့် တတိယအကြိမ်မြောက် နိုင်ငံတကာဗိုလ်လောင်းများ အားကစားပြိုင်ပွဲ (3rd CISM World Cadet Games) တွင် မြန်မာ့တပ်မတော်မှ ဗိုလ်လောင်း ရိုင်ဖယ်သေနတ်ပစ် တစ်ဦးချင်း အမြန်ပစ်ခြင်းပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်စဉ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ညွှန့်ဝင်းဆွေ တတိယအကြိမ်မြောက် နိုင်ငံတကာဗိုလ်လောင်းများ အားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် အောင်ပွဲရ ပြိုင်ပွဲဝင်ဗိုလ်လောင်းများအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဂုဏ်ပြုကြိုဆိုစဉ်။

❂ *ရှေ့ဖုံးမှ*

ဒုတိယငွေတံဆိပ်ဆု၊ ပစ္စတိုသေနတ်ပစ် တိကျပစ်ခတ်ခြင်းအသင်းလိုက်ပြိုင်ပွဲတွင် တတိယကြေးတံဆိပ်ဆုနှင့် ပစ္စတိုသေနတ်ပစ်အသင်းလိုက် အမြန်ပစ်ခတ်ခြင်းပြိုင်ပွဲတွင် တတိယကြေးတံဆိပ်ဆု အသီးသီးရရှိခဲ့ပြီး ပြိုင်ပွဲဝင်နိုင်ငံပေါင်း ၂၀ ရှိသည့်အနက်တွင် နိုင်ငံအလိုက် အဆင့် ၈ နေရာ ရရှိခဲ့သည်။

အဆိုပါ တတိယအကြိမ်မြောက် နိုင်ငံတကာဗိုလ်လောင်းများ အားကစားပြိုင်ပွဲ (3rd CISM World Cadet Games) တွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့် ဗိုလ်လောင်းများနှင့် အုပ်ချုပ်သူ နည်းပြအရာရှိများသည် ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ညွှန့်ဝင်းဆွေနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

◆ *ရှေ့ဖုံးမှ*

ထိုသို့ သဘောထားထုတ်ပြန်ပြီးနောက်ပိုင်းတွင် နိုင်ငံတော်၏ လူသားအရင်းအမြစ်များ မလိုလားအပ်ဘဲ ဆုံးရှုံးမှုမရှိစေရေးအတွက် တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများကို ပြန်လည်ဖိတ်ခေါ်ရာတွင် ၃၁၅၆ ဦး၊ ရေးဖွင့်ထားသည့်အမှုများအား ပိတ်သိမ်းရန် ဆက်သွယ်လာသူ ၁၀၀၉ ဦး၊ PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင် ဆန့်ကျင်သူများအနက်မှ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများအား ပြန်လည်ဖိတ်ခေါ်ရာတွင် ၂၃၁ ဦး ပြန်လည်ဝင်ရောက်လာပြီးဖြစ်သည်။ အဆိုပါ ပြန်လည်ဝင်ရောက်လာသူများအား စနစ်တကျ လက်ခံပေးခြင်း၊ မိဘရပ်ထံ ပြန်လည်အပ်နှံခြင်းများ ဆောင်ရွက်ပေးလျက်ရှိခြင်းတို့ကြောင့် ယခုအခါတွင် ပြန်လည်ဝင်ရောက်လာသူများနှင့် ပြန်လည်ဝင်ရောက်လိုသူများ များပြားလျက်ရှိသည်ကို တွေ့ရှိရသည်။ သို့ဖြစ်ပါ၍ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လိုသူများအား ကျယ်ကျယ်ပြန့်ပြန့် ပိုမိုလက်ခံဆက်သွယ်ဆောင်ရွက်နိုင်ရေး လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ ကျယ်ကျယ်ပြန့်ပြန့် ပိုမိုလက်ခံနိုင်ရေး လုပ်ဆောင်ပေးလျက်ရှိရာ နိုင်ငံတော်အစိုးရအနေဖြင့် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအား နယ်စပ်ဒေသအသီးသီးတွင် ကြိုဆိုလက်ခံရေးစခန်းများ ဖွင့်လှစ်လက်ခံသကဲ့သို့ နီးစပ်ရာ မြို့နယ်များရှိ မြို့နယ်ကြက်ခြေနီအသင်း၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်လူမှုဝန်ထမ်းရုံးနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တရားဝင်အသိအမှတ်ပြုထားသည့် လူမှုကယ်ဆယ်ရေးအသင်းအဖွဲ့အသီးသီးတို့သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းနှင့် ယင်းသို့သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းများနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

❑ *ရှေ့ဖုံးမှ*

အမျိုးသား ၂၀၊ အမျိုးသမီး ၈၀ စုစုပေါင်းအလုပ်သမား ၁၀၀ ထိုင်းနိုင်ငံသို့ MoU စနစ်ဖြင့် အလုပ်လုပ်ကိုင်ရန် ထွက်ခွာသွားကြောင်း သိရသည်။

အဆိုပါ မြန်မာအလုပ်သမားများအား ပြည်ပအလုပ်အကိုင် အကျိုးဆောင်(ထိုင်း) လိုင်စင်ရ အေဂျင်စီတစ်ခုဖြစ်သည့် Golden Royal Mandalay Co.,Ltd မှ ထိုင်းနိုင်ငံရှိ Swet Kanchanaburi Co.,Ltd သို့ နှစ်နှစ်စာချုပ်ဖြင့် အလုပ်လုပ်ကိုင်နိုင်ရန် တာဝန်ယူဆောင်ရွက်ပေးခြင်းဖြစ်ကာ ရန်ကုန်မြို့မှတစ်ဆင့် ကော့သောင်းမြို့သို့ လေကြောင်းခရီးစဉ်ဖြင့်ခေါ်ယူခဲ့ပြီး ကော့သောင်းအပြည်ပြည်ဆိုင်ရာ နယ်စပ်ဂိတ်မှတစ်ဆင့် ရေလမ်းခရီးဖြင့် ထိုင်းနိုင်ငံသို့ ပို့ဆောင်ပေးမည်ဖြစ်ရာ သွားရောက်အလုပ်လုပ်ကိုင်မည့် မြန်မာအလုပ်သမားများအား ကော့သောင်းခရိုင် အလုပ်သမားညွှန်ကြားမှုဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကော့သောင်း ခရိုင်ရုံးနှင့် တာဝန်ရှိအဖွဲ့အစည်းများက လိုအပ်သည့် စစ်ဆေးမှုများ ဆောင်ရွက်ပေးခဲ့ကြပြီး အလုပ်အကိုင်ကုမ္ပဏီတာဝန်ရှိသူများက ထိုင်းနိုင်ငံရှိ အလုပ်လုပ်ကိုင်မည့်ကုမ္ပဏီသို့ စနစ်တကျပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

# (၇၅) နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့အကြို တူယှဉ်နွဲ့ပျော် ဂီတပွဲတော် Season-2 ဆုပေးပွဲ အခမ်းအနားကျင်းပ

**ပဲခူး ဩဂုတ် ၁၅**

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အကြို တူယှဉ်နွဲ့ပျော် ဂီတပွဲတော် ဆုပေးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပဲခူးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တက်ရောက် အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးအစိုးရအဖွဲ့ တာဝန်ရှိသူများက (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အကြို တူယှဉ်နွဲ့ပျော် ဂီတပွဲတော်ပြိုင်ပွဲတွင် နှစ်သိမ့်ဆုရရှိသူများကို လည်းကောင်း၊ အမှတ် (၇၇) ခြေမြန်တပ်မဌာနချုပ်၊ ဒုတိယတပ်မှူး ဗိုလ်မှူးကြီး ဆန်းညွန့်လှိုင်က တတိယဆုရရှိသည့် တောင်ငူခရိုင်ကိုယ်စားပြု ဒေါ်မြမြသက် ကိုလည်းကောင်း၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်လွင်လွင်အေးကျော်က ဒုတိယဆုရရှိသည့် ပြည်ခရိုင် ကိုယ်စားပြု ဒေါ်မြတ်ကေခိုင် ကိုလည်းကောင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ပထမဆုရရှိသည့် ပဲခူးခရိုင်ကိုယ်စားပြု ဦးလှျမ်းထက်ကိုလည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။ **(ယာပုံ)**

ယင်းနောက် ပထမဆု၊ ဒုတိယဆု၊ တတိယဆုရရှိသူများက ပြိုင်ပွဲဝင်သီချင်းများ၊ စိတ်ကြိုက်သီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့က တီးဝိုင်းပညာရှင်များ၊ သီဆိုဖျော်ဖြေခဲ့ကြသည့် အဆိုရှင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**







## သင်တန်းမှပို့ချသည့် အသိပညာ၊ အတတ်ပညာများသာမက နိုင်ငံတကာမှ ပညာရပ်များကိုလည်း အမြဲလေ့လာ

**နေပြည်တော် ဩဂုတ် ၁၅**

ဝန်ထမ်းများ တစ်ဦးချင်း စွမ်းဆောင်ရည် မြင့်မားလာစေရန်နှင့် အင်္ဂလိပ်ဘာသာစကား ကျွမ်းကျင်မှု ပိုမိုတိုးတက်လာစေရန်ရည်ရွယ်၍ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန လူငယ်ရေးရာဦးစီးဌာနမှ ဖွင့်လှစ်သည့် “အခြေခံ အင်္ဂလိပ်စကားပြောသင်တန်းအမှတ်စဉ် (၁/၂၀၂၂) ဖွင့်ပွဲအခမ်းအနား” ကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် အားကစားလေ့ကျင့်ရေး စခန်း (Gold Camp) ရှိ Multi-purpose Hall ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ဒုတိယဝန်ကြီး ဦးမျိုးလှိုင်က အာဆီယံနိုင်ငံများ၊ ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ရာတွင် ဘာသာစကား အခက်အခဲမရှိစေရန် ရည်ရွယ်၍ ယခုသင်တန်းကို ဖွင့်လှစ်ပေးရခြင်း ဖြစ်ပါကြောင်း၊ သင်တန်းမှပို့ချသည့် အသိပညာ၊ အတတ်ပညာများသာမက နိုင်ငံတကာမှ ပညာရပ်များကိုလည်း အမြဲလေ့လာ၍ တွေးတောကြံဆနေရမည်ဖြစ်ပြီး မိမိတို့ကိုယ်တိုင် အရည်အချင်းပြည့်မီနေအောင် အမြဲကြိုးစားနေရမည်ဖြစ်ကြောင်း၊ သင်တန်းကာလတွင် အချင်းချင်း အပြန်အလှန်သင်ယူ ပူးပေါင်းဆောင်ရွက်ပြီး မိမိဘဝတိုးတက်ရေး၊ မိမိဌာနတိုးတက်ရေးမှသည် မိမိနိုင်ငံတိုးတက်ရေးအထိ သယ်ပိုးဆောင်ရွက်သွားစေလိုကြောင်း ပြောကြားသည်။

အဆိုပါ သင်တန်းကို ဩဂုတ် ၁၅ ရက်မှ အောက်တိုဘာ ၇ ရက်အထိ လူငယ်ရေးရာဦးစီးဌာန သင်တန်းခန်းမ၌ တနင်္လာနေ့မှ သောကြာနေ့များတွင် နေ့စဉ် မွန်းလွဲ ၂ နာရီမှ ၄ နာရီအထိ သင်တန်းကာလ နှစ်လကြာဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းနည်းပြဆရာမ နှစ်ဦးက သင်တန်းသားသင်တန်းသူ ၃၀ ကို သင်ခန်းစာများ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## မင်းတပ်မြို့၌ လူဦးရေစာရင်း မှန်ကန်မှု ရှိ/မရှိ လူဦးရေစာရင်း ဖ၆/ဖ၆(က) ဖြင့် တိုက်ဆိုင်စစ်ဆေး

**မင်းတပ် ဩဂုတ် ၁၅**

ချင်းပြည်နယ် မင်းတပ်မြို့၌ လူဦးရေစာရင်း မှန်ကန်မှု ရှိ/မရှိ လူဦးရေစာရင်း ဖ၆/ဖ၆(က) ဖြင့် တိုက်ဆိုင် စစ်ဆေးခြင်းနှင့် အဘိတ် ဆေးခတ်ပေးခြင်း ကွင်းဆင်း ဆောင်ရွက်ခြင်းကို ဩဂုတ် ၁၅ ရက်တွင် နံနက် ၉ နာရီတွင် စံပြရပ်ကွက်မှ စတင်ဆောင်ရွက်လျက် ရှိကြောင်း သိရသည်။

လူဝင်မှုကြီးကြပ်ရေး နှင့် ပြည်သူ့အင်အား ဦးစီးဌာန၏ လူဦးရေစာရင်း ဖ၆/ဖ၆(က) မှန်ကန်မှုရှိစေရေး၊ ပြောင်းဝင်/ပြောင်းထွက် စာရင်းမှန်ကန်မှု ရှိ/မရှိ၊ ဖွား/သေစာရင်း ရေးသွင်းထားရှိမှု မှန်ကန်မှု ရှိ/မရှိနှင့် မဲစာရင်း တိကျမှန်ကန်မှု ရရှိစေရေးအတွက် မင်းတပ် မြို့ စံပြရပ်ကွက်မှစတင်၍ ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ကြသည်။

အဆိုပါ ကွင်းဆင်းစစ်ဆေးမှု ဆောင်ရွက်နေစဉ် ကျန်းမာရေးဦးစီးဌာနမှ သွေးလွန်တုပ်ကွေးရောဂါနှင့် ငှက်ဖျားရောဂါကြိုတင်ကာကွယ်ရေးအတွက် ရေကန်၊ ရေပုံးများတွင် အဘိတ်ဆေးများ ခတ်ထားပေးလျက်ရှိသည်။ အဆိုပါ ကွင်းဆင်းဆောင်ရွက်မှုကို ခရိုင်/မြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီး ဌာနမှ ဝန်ထမ်းများ၊ မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်မှ ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ ကျန်းမာရေးဌာနမှ ဝန်ထမ်းများနှင့် ရပ်မိရပ်ဖများက ပူးပေါင်းပါဝင် ဆောင်ရွက်ပေးလျက် ရှိကြောင်း သိရသည်။ **ဝေဖြိုး(ဇလပ်မြေ)**



# အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး လုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် “1111” အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများမေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme – PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများထံမှ Short Code နံပါတ် “1111” ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များက Short Code “1111” ဖြင့် SMS ပေးပို့ မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး လုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနိုးဆော်တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

**“အဂတိလိုက်စားမှုတားဆီးဖို့ “1111” ကို ဖြေကြားစို့”**

**“ဝန်ဆောင်မှုများ ကောင်းစေရေး “1111” ကို ဖြေကြားပေး”**

**“အဂတိပယ်ခွာ ပြည်သာယာဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့”**



# ဘတ်စကက်ဘောအားကစားနည်းဖြင့် ကရင်ပြည်နယ်၏ ဂုဏ်ကိုမြှင့်တင်နိုင်အောင် ဆောင်ရွက်

**ဘားအံ ဩဂုတ် ၁၅**

၂၀၂၂ ခုနှစ် ကရင်ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်ဖလား ကလပ်ပေါင်းစုံ အမျိုးသား ဘတ်စကက်ဘောပြိုင်ပွဲ ဖွင့်ပွဲကို ဩဂုတ် ၁၅ ရက် နံနက် ၈ နာရီက ဘားအံမြို့ အမှတ် (၁) ရပ်ကွက်ရှိမိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပသည်။

ဖွင့်ပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ဘတ်စကက်ဘော အားကစားနည်းသည် ကရင်ပြည်နယ်အတွင်း ဖွံ့ဖြိုးတိုးတက် ပြန့်ပွားအောင် ဆောင်ရွက်ပေးရမည့် အားကစားနည်း တစ်ခုဖြစ်ကြောင်း၊ မြို့နယ်တိုင်းတွင် မိုးလုံလေလုံအားကစားခန်းမများ တည်ဆောက်ပေးထားပြီးဖြစ်သည့်အတွက် ဘတ်စကက်ဘော ဂိုးဘုတ်များ တပ်ဆင်၍ မြို့နယ်အားလုံးတွင် ကစားနိုင်အောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ အားကစားသမားများ အနေဖြင့်လည်း မိမိတို့ကျွမ်းကျင်ပိုင်နိုင် စိတ်ပါဝင်စားသည့် ဘတ်စကက်ဘော အားကစားနည်းဖြင့် ပြည်နယ်၏ ဂုဏ်ကို မြှင့်တင်နိုင်အောင်၊ ပြည်နယ်အတွင်း ပြန့်ပွားလာအောင် ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးစေလိုကြောင်း၊ ဘတ်စကက်ဘော အားကစားနည်းဖြင့် ကရင်ပြည်နယ်၏ဂုဏ်ကိုမြှင့်တင်ဂုဏ်ဆောင်ပေးကြသူများ ဖြစ်ကြစေလိုကြောင်း၊ ပြိုင်ပွဲဝင် ကလပ်အသင်းများအနေဖြင့် ဒိုင်များ၏ အဆုံးအဖြတ်ကိုလိုက်နာ၍ ဥပဒေဘောင်အတွင်းမှ မိမိတို့အသင်း အနိုင်ရရှိအောင် ကြိုးစားယှဉ်ပြိုင်သွားကြရန် မှာကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ထို့နောက်ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာ အဓိဋ္ဌာန်ရွတ်ဆိုကြသည်။ အဖွင့်ပွဲစဉ်အဖြစ် Royal Oshi အသင်းနှင့် ရွှေလက်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ Royal Oshi အသင်းက ၈၁ မှတ် ၃၆ မှတ်ဖြင့် အနိုင်ရရှိသည်။

ပြိုင်ပွဲကျင်းပနေမှုကို ကရင်ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် အားကစားဝါသနာရှင်များ ကြည့်ရှုအားပေးကြသည်။

ပြိုင်ပွဲသို့ ကရင်ပြည်နယ်အတွင်းမှ ဘတ်စကက်ဘော ကလပ်အသင်း ခြောက်သင်းဝင်ရောက် ယှဉ်ပြိုင်ကြကာ ဩဂုတ် ၁၅ ရက်မှ ၁၇ ရက်ထိ ပွဲစဉ်ပေါင်း ၁၀ ပွဲဖြင့် ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်ရာ ထူးချွန်ထက်မြက်သည့် အားကစားသမားများကို ကရင်ပြည်နယ်လက်ရွေးစင်အဖြစ် ရွေးချယ်၍ ဩဂုတ် ၂၅ ရက်မှ ၃၁ ရက်ထိ ရှမ်းပြည်နယ် လားရှိုးမြို့၌ ကျင်းပမည့် ၂၀၂၂ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ဘတ်စကက်ဘော ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ကယားပြည်နယ်ဝန်ကြီးချုပ်ဖလား အမျိုးသားအသက် (၂၅)နှစ်အောက် မိုးရာသီဖိတ်ခေါ် ဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ

**လွိုင်ကော် ဩဂုတ် ၁၅**

၂၀၂၂ ခုနှစ် ကယားပြည်နယ် ဝန်ကြီးချုပ်ဖလား အမျိုးသားအသက် (၂၅) နှစ်အောက် မိုးရာသီဖိတ်ခေါ် ဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက လွိုင်ကော်မြို့ ဒေါ်ဥခူရပ်ကွက်ရှိ ပြည်နယ်ဖူဆယ်အားကစားရုံ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်နှင့် အဖွဲ့ဝင်များက ဗိုလ်လုပွဲစဉ်အဖြစ် လွိုင်ကော်မြို့နယ်အသင်းနှင့် မယ်စဲ့မြို့နယ်အသင်းတို့၏ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြပြီး လွိုင်ကော်မြို့နယ်အသင်းက မယ်စဲ့မြို့နယ်အသင်းကို ကိုးဂိုး-ခြောက်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ဆက်လက်ပြီး ဆုချီးမြှင့်ပွဲ ကျင်းပရာ မိုးရာသီဖိတ်ခေါ် ဖူဆယ်ပြိုင်ပွဲတွင် ပါဝင်ကူညီဆောင်ရွက်ပေးခဲ့ကြသူများအတွက် ဂုဏ်ပြုငွေများကို ပြည်နယ်စီးပွားရေးရာဝန်ကြီး ဦးစိန်ဦးက လည်းကောင်း၊ ပွဲစဉ်တစ်လျှောက် ဂိုးသွင်းအများဆုံးဆု၊ ဂိုးသမားအကောင်းဆုံးဆု၊ အကောင်းဆုံး ကစားသမားဆုရရှိကြသည့် အားကစားသမားများအား ငွေသားဆုနှင့် Trophy တို့ကို ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးအောင်ဝင်းဦး ကလည်းကောင်း၊ ပူးတွဲတတိယဆု ရရှိသည့် လူမှုရေးရာဝန်ကြီးအသင်းနှင့် ဘောလခဲမြို့နယ်အသင်းတို့အား တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေသားဆုတို့ကို ကယားပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မြင့်ဝေက လည်းကောင်း၊ ဒုတိယဆုရရှိသော မယ်စဲ့မြို့နယ်အသင်းအား ငွေသားဆုနှင့် ဆုတံဆိပ်များကို ဒေသကွပ်ကဲမှုစစ်ဌာနချုပ် (လွိုင်ကော်)၊ ဒေသကွပ်ကဲရေးမှူး ဗိုလ်မှူးကြီး မြတ်မင်းမိုးက လည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က ၂၀၂၂ ခုနှစ် ကယားပြည်နယ်ဝန်ကြီးချုပ်ဖလား အမျိုးသားအသက် (၂၅) နှစ်အောက် မိုးရာသီဖိတ်ခေါ် ဖူဆယ်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် လွိုင်ကော်မြို့နယ်အသင်းအား တစ်ဦးချင်း ဆုတံဆိပ်၊ ငွေသားဆုနှင့် တံခွန်စိုက်ဆုဖလားတို့ကို ပေးအပ်ချီးမြှင့်သည်။ **(အောက်ပုံ)**

၂၀၂၂ ခုနှစ် ကယားပြည်နယ်ဝန်ကြီးချုပ်ဖလား အမျိုးသားအသက် (၂၅) နှစ်အောက် မိုးရာသီဖိတ်ခေါ် ဖူဆယ်ပြိုင်ပွဲကို ပြိုင်ပွဲဝင် အသင်း ၁၂ သင်း ပါဝင်ယှဉ်ပြိုင်ကြောင်း သိရသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပြည်နယ်အားကစားကွင်းအတွင်း တည်ဆောက်ထားရှိသည့် အားကစားရုံ၊ အားကစားကွင်း၊ ပွဲကြည့်စင်များကို ကြည့်ရှုစစ်ဆေးပြီး လေ့ကျင့်ရေးအတွက် ထပ်မံဖြည့်ဆည်းဆောင်ရွက်ပေးရမည့် လုပ်ငန်းများနှင့်စဉ်ဆက်မပြတ် ထိန်းသိမ်းဆောင်ရွက်သွားရမည့် လုပ်ငန်းများကို မှာကြားခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**



# ဘူးသီးတောင်မြို့၌ လူကုန်ကူးမှုစိစစ်ဖော်ထုတ်ရေး သင်တန်းဖွင့်

**ဘူးသီးတောင် ဩဂုတ် ၁၅**



ရခိုင်ပြည်နယ်ဘူးသီးတောင်မြို့၌ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ရပ်ရွာအခြေပြုလူကုန်ကူးမှု စိစစ်ဖော်ထုတ်ရေး အဖွဲ့ဝင်များအား လူကုန်ကူးမှု စိစစ်ဖော်ထုတ်ရေး သင်တန်းအမှတ်စဉ် (၁/၂၀၂၂) ဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီက အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်လူကုန်ကူးမှု တားဆီး ကာကွယ်ရေးအဖွဲ့၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျန်အေးက အမှာစကား ပြောကြားသည်။

ထို့နောက် သင်တန်းတွင် လူကုန်ကူးမှုများ ဖြစ်ပေါ်လာခြင်းနှင့် တွန်းအား/ဆွဲအားများ၊ လူကုန်ကူးမှု၊ လူမှောင်ခိုမှု၊ တရားမဝင် ရွှေ့ပြောင်းသွားလာမှု ခြားနားချက်များ၊ ကမ္ဘာနှင့် မြန်မာနိုင်ငံတွင် ဖြစ်ပေါ်နေသော လူကုန်ကူးမှုများ၊ လူကုန်ကူးမှု၏ ဆိုးကျိုးများနှင့် လူကုန်ကူးခံရသူ၏ အခွင့်အရေးများ၊ တရားစွဲဆိုရေးလုပ်ငန်းစဉ်နှင့် လူကုန်ကူးခံရသူများ၏ အရေးပါမှု၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ဥပဒေနှင့် လူကုန်ကူး ခံရသူဖြစ်ကြောင်း စိစစ်ဖော်ထုတ်ခြင်း၊ လူကုန်ကူးမှုဖြစ်စဉ် သုံးဆင့်နှင့် စိစစ်ဖော်ထုတ်ရေးပုံစံများ အသုံးပြုခြင်း၊ တွေ့ဆုံမေးမြန်းမှုပုံစံများ၊ လူကုန်ကူးခံရသူများကို ပြန်လည်လက်ခံခြင်း၊ ပြန်လည် ဝင်ဆံ့ပေါင်းစည်းပေးခြင်းနှင့် ပြန်လည်ထူထောင်ခြင်း၊ တားဆီးနှိမ်နင်းခြင်း၊ ရှာဖွေခြင်း၊ ဖမ်းဆီးခြင်းနှင့် သက်သေခံပစ္စည်းကို နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းနှင့် ပြစ်မှုပြစ်ဒဏ်များ စသည့် သင်ခန်းစာများကို မြို့နယ် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ (ဆန့်ထုပ်) ဘူးသီးတောင် ရဲတပ်ကြပ်ကြီး ဇော်မင်းနှင့် တာဝန်ရှိသူများက သင်တန်းသား ၅၂ ဦးကို ဩဂုတ် ၁၇ ရက်အထိ သင်ကြားသွားမည် ဖြစ်ကြောင်း သိရသည်။ **လှကျော် (ပြန်/ဆက်)**

# ကျွန်းစုမြို့နယ်သမဝါယမဦးစီးဌာနနှင့် မြို့နယ်သမဝါယမအသင်းစုတို့ ပူးပေါင်း၍ ဆန်နှင့် အခြေခံစားကုန်များ ဖြန့်ဖြူးရောင်းချ

**ကျွန်းစု ဩဂုတ် ၁၅**

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် သမဝါယမဦးစီးဌာနနှင့် မြို့နယ်သမဝါယမအသင်းစုတို့ပူးပေါင်း၍ မြို့နယ်အတွင်းရှိ စားသုံးသူ အသင်းသားပြည်သူများ သက်သာသောဈေးနှုန်းဖြင့် လွယ်လင့်တကူ ဝယ်ယူရရှိနိုင်ရန် ရည်ရွယ်၍ ဆန်နှင့် အခြေခံစားကုန်များကို ၂၀၂၂ ခုနှစ် ဧပြီလမှစတင်ကာ ဖြန့်ဖြူးရောင်းချပေးလျက်ရှိသည်။

ထိုသို့ ဖြန့်ဖြူးရောင်းချရာတွင် ကျွန်းစုမြို့ပေါ်ရှိ ဒေသခံပြည်သူများနှင့် အခြေခံသမဝါယမအသင်းများရှိ အသင်းသားပြည်သူများသို့ ပေါ်ဆန်းမွှေးဆန် ၁၀ ပြည်/၅ ပြည်အိတ် ၂၈၀ (တန်ဖိုးငွေကျပ် ၄၈ ဒသမ ၈၈ သိန်း)၊ ယိုးဒယားပဲလုံးဆီ ၅၀ သားဘူး ၁၈၀ (တန်ဖိုးငွေကျပ် ၈ ဒသမ ၆၄ သိန်း) စုစုပေါင်းငွေကျပ် ၅၇ ဒသမ ၅၂ သိန်းကို လဆိုင်းစနစ်ဖြင့် ဖြန့်ဖြူးရောင်းချပေးနိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# စက်သုံးဆီနှင့်ပတ်သက်ပြီး လတ်တလောဖြစ်ပေါ်နေသည့် ကောလာဟလများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ် ဇော်မင်းထွန်း၏ ဖြေကြားချက်

အခုလ ၁၃ ရက်နေ့လောက်ကနေ စပြီးတော့ လူမှုကွန်ရက်စာမျက်နှာတွေပေါ်မှာ စက်သုံးဆီပြတ်လပ်မှုတွေဖြစ်ပေါ်နေတယ်ဆိုတဲ့ ကောလာဟလတွေကို တွေ့ရှိခဲ့ပါတယ်။ အဓိကဖြစ်ပေါ်ခဲ့တာကတော့ မန္တလေးမြို့မှာဖြစ်ပါတယ်။ မန္တလေးမြို့မှာ ဩဂုတ်လ ၁၄ ရက်နေ့ မနက်ပိုင်းလောက်နဲ့ ညပိုင်းလောက်မှာ ပုံမှန်ရောင်းချပေးနေတဲ့ ကုမ္ပဏီကြီးတွေရဲ့ဆီဆိုင်တွေမှာတောင်မှ ကောလာဟလတွေကြောင့် စက်သုံးဆီကို စုပြုံပြီးဝယ်ယူကြတဲ့ အခြေအနေမျိုးတွေဖြစ်ခဲ့ပါတယ်။ သတင်းမရတဲ့ စက်သုံးဆီဆိုင်တချို့မှာလည်း စက်သုံးဆီကိုချွေပြီး ရောင်းတာတို့၊ ဆီကုန်သွားပြီလို့ပြောတာမျိုးတွေရှိခဲ့ပါတယ်။ အဲဒါကြောင့် ကုမ္ပဏီကြီးတွေရဲ့ ဆီဆိုင်တချို့မှာ စုပြုံပြီးတော့ ဝယ်ယူကြတယ်။ အဲဒီလိုစုပြုံပြီး ဝယ်ယူကြတဲ့အတွက် စက်သုံးဆီပြတ်လပ်တဲ့ပုံစံမျိုး ဖြစ်တာဖြစ်ပါတယ်။ ကျွန်တော်တို့မှာ အရန် စက်သုံးဆီတွေရှိပါတယ်။ ကျွန်တော်တို့အနေနဲ့ ချက်ချင်းပြန်လည်ဖြည့်ဆည်းပေးနေပါတယ်။ ဒါပေမယ့်ကြားထဲမှာ အနည်းငယ်ပြတ်လပ်သွားတာတော့ ရှိပါတယ်။ ကောလာဟလသတင်းတွေထုတ်လွှင့်ပြီးတဲ့နောက်မှာ ဒီလိုကိစ္စတွေဖြစ်လာတာ ဖြစ်ပါတယ်။ ပြည်သူလူထုအနေနဲ့ စက်သုံးဆီကိစ္စနဲ့ပတ်သက်ပြီး စိုးရိမ်မှု မရှိဖို့ ကျွန်တော့်အနေနဲ့ ပြောချင်ပါတယ်။ ဩဂုတ် ၁၄ ရက်နေ့က သီလဝါဆိပ်ကမ်းမှာ စက်သုံးဆီတင်သင်္ဘောတစ်စင်း ဆိုက်ကပ်ပြီးတော့ စက်သုံးဆီတွေချခဲ့ပါတယ်။ ဩဂုတ် ၁၅ ရက်နေ့မှာဆိုရင်လည်း စက်သုံးဆီတင်သင်္ဘော ၄ စင်းဆိုက်ကပ်ပြီးတော့ စက်သုံးဆီ




တွေ ချနေပါတယ်။ 92, 95, Diesel နဲ့ Premium Diesel တန်ချိန် ၆၀၀၀၀ လောက် ဒီနေ့ချနေပါတယ်။ ဂါလန် ၁၃ သိန်းလောက်ရှိမယ်လို့ ခန့်မှန်းရပါတယ်။ 92 တန်ချိန် ၂၇၀၀၀ ကျော်၊ 95 တန်ချိန် ၃၀၀၀ ကျော်၊ Diesel တန်ချိန် ၆၀၀၀ ကျော်နဲ့ Premium Diesel တန်ချိန် ၂၂၀၀၀ ကျော်ကို ဒီနေ့ဆိပ်ကမ်းမှာ တစ်ပြိုင်တည်း ချနေပါတယ်။ အခုလ ၁၈ ရက်နေ့မှာ စက်သုံးဆီတန်ချိန် ၂၀၀၀၀ လောက် ထပ်ပြီးဝင်လာဖို့ရှိပါတယ်။ ၁၉ ရက်နေ့မှာဆိုရင်လည်း စက်သုံးဆီ တန်ချိန် ၂၃၀၀၀ လောက် ထပ်ပြီးဝင်ရောက်လာဖို့ရှိပါတယ်။ အဲဒီနောက်ပိုင်းမှာလည်း စက်သုံးဆီတင်သင်္ဘော ၁၂ စင်းလောက်ထပ်ပြီး ဝင်ရောက်လာဖို့ရှိပါတယ်။ အခုလတ်တလော ဆိပ်ကမ်းမှာ စက်သုံးဆီ ဂါလန် ၁၃ သိန်းလောက် ချနေတာဖြစ်တဲ့အတွက် ဒီကိစ္စနဲ့ပတ်သက်ပြီး စိုးရိမ်စရာမရှိဘူးလို့ပဲ ပြောချင်ပါတယ်။ ကောလာဟလတွေထုတ်လွှင့်ပြီး ပြည်သူလူထုကစိုးရိမ်တကြီးနဲ့ စက်သုံးဆီဆိုင်တွေမှာ သိုလှောင်နိုင်တဲ့ ပမာဏထက် စုပြုံဝယ်ယူမှုဖြစ်အောင် လုပ်ဆောင်နေတာဖြစ်တယ်လို့ ပြောလိုပါတယ်။ ကမ္ဘာတစ်ဝန်းလုံးမှာလည်း စက်သုံးဆီဈေးနှုန်းတွေ မြင့်တက်နေပါတယ်။ အဲဒါကိုတော့ ကျွန်တော်တို့လည်း သွားပြီးထိန်းချုပ်လို့မရပါဘူး။ နိုင်ငံတော်အစိုးရအနေနဲ့ စက်သုံးဆီနဲ့ပတ်သက်ပြီး အခွန်တွေကို လျှော့ပေါ့ပေးနေပါတယ်။ ဒါ့အပြင် စက်သုံးဆီဝယ်ယူတင်သွင်းနိုင်ဖို့အတွက် နိုင်ငံခြားငွေရောင်းချပေးတာတွေကိုလည်း ဆောင်ရွက်ပေးနေပါတယ်။ အရှေ့တောင်အာရှ အိမ်နီးချင်းနိုင်ငံတွေမှာ ရောင်းချပေးနေတဲ့ စက်သုံးဆီဈေးနှုန်းက ကျွန်တော်တို့နိုင်ငံအထဲမှာ ရောင်းချနေတဲ့ ဈေးနှုန်းထက်ပိုပြီးမြင့်တက်နေတာကို နှိုင်းယှဉ်ကြည့်ရင် သိနိုင်ပါတယ်။ အကျဉ်းချုပ်ပြောရမယ်ဆိုရင် စက်သုံးဆီပမာဏ တန်ချိန် ၆၀၀၀၀ လောက် သီလဝါဆိပ်ကမ်းမှာ ဒီနေ့ ချနေပါတယ်။ ဂါလန်နဲ့တွက်မယ်ဆိုရင် ဂါလန် ၁၃ သိန်းလောက်ရှိပါတယ်။ အရန်စက်သုံးဆီတွေရှိနေသလို နောက်ထပ်ဝင်ရောက်လာမယ့် စက်သုံးဆီတင်သင်္ဘောတွေလည်း ရှိနေပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ ပြည်သူလူထုရဲ့ လမ်းပန်းဆက်သွယ်ရေးနဲ့ ပြည်သူလူထုရဲ့ စားဝတ်နေရေးတို့နဲ့ ပတ်သက်ပြီး အလေးထားဆောင်ရွက်ပေးနေပါတယ်လို့ ပြောလိုပါတယ်။

■ *ကျောဖုံးမှ*

မိမိအကျိုးစီးပွားကို မျှော်လင့်၍ စက်သုံးဆီပြတ်လပ်သည်(သို့မဟုတ်) စက်သုံးဆီ လက်ကျန်နည်းပါးသည်ဟု ပြောဆိုကာ ရောင်းချမှုရပ်တန့်ခြင်း၊ အကန့်အသတ်ဖြင့်ရောင်းချခြင်းများ ဆောင်ရွက်နေကြောင်း သိရှိရပါသည်။

၃။ ကော်မတီအနေဖြင့် စက်သုံးဆီများကို ၂၀၂၂ ခုနှစ် ဩဂုတ်လ၊ လကုန်ပိုင်းအထိ ပြည့်စုံလုံလောက်စွာ တင်သွင်းဖြန့်ဖြူးထားပြီးဖြစ်ပါသည်။ ဆက်လက်၍ ပြည်သူများစိုးရိမ်ကြောင့်ကြမှုကင်းစွာ သုံးစွဲနိုင်ရန် စက်သုံးဆီများ စဉ်ဆက်မပြတ် ဖြည့်တင်းရေးကိုလည်း မြန်မာနိုင်ငံ စက်သုံးဆီတင်သွင်းရောင်းချဖြန့်ဖြူးရေးအသင်းနှင့် ညှိနှိုင်းပေါင်းစပ်၍ စနစ်တကျစီမံဆောင်ရွက်လျက်ရှိပါသည်။

၄။ သို့ဖြစ်ပါ၍ စက်သုံးဆီအရောင်းဆိုင်များမှ ရောင်းချမှုများရပ်တန့်ထားခြင်း၊ အကန့်အသတ်ဖြင့် ရောင်းချခြင်းများကို တွေ့ရှိပါက သက်ဆိုင်ရာနယ်မြေဒေသအလိုက် ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကုန်သွယ်မှုနှင့်ကုန်စည်စီးဆင်းမှုများမှန်ကန်မြန်ဆန်စေရေးဗဟိုကော်မတီ**

**ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန**
၀၆၇- ၄၁၁၁၂၉ / ၀၉ - ၄၄၀ ၄၃၃ ၅၃၃
၀၆၇-၄၀၉၈၈၁ / ၀၉- ၆၉၉ ၆၁၁ ၁၁၆

| | |
|---|---|
| **နေပြည်တော်** | **ရန်ကုန်တိုင်းဒေသကြီး** |
| ၀၉- ၅၂၄၀၃၆၃/ ၀၆၇- ၃၂၂၀၃၆ | ၀၉- ၅၁၅၀၁၃၀/ ၀၁- ၈၂၉၂၁၂၄ |
| **မန္တလေးတိုင်းဒေသကြီး** | **ပဲခူးတိုင်းဒေသကြီး** |
| ၀၉- ၅၁၄၃၂၄၄ / ၀၂- ၄၀၃၉၂၀၉ | ၀၉- ၅၁၄၈၅၀၅/ ၀၅၂-၂၂၂၁၉၈၉ |
| **မကွေးတိုင်းဒေသကြီး** | **ဧရာဝတီတိုင်းဒေသကြီး** |
| ၀၉- ၅၃၄၀၅၄၈/ ၀၆၃- ၂၀၂၆၈၆၀ | ၀၉- ၉၇၆၄၈၂၅၆၃/ ၀၄၂- ၂၁၂၃၉ |
| **စစ်ကိုင်းတိုင်းဒေသကြီး** | **တနင်္သာရီတိုင်းဒေသကြီး** |
| ၀၉- ၂၅၂၀၀၄၄၄၇/ ၀၇၁-၂၀၂၁၀၈၃ | ၀၉- ၂၅၄၁၆၇၈၉၂ |
| **ကချင်ပြည်နယ်** | **ကယားပြည်နယ်** |
| ၀၉- ၅၄၀၈၄၂၇/ ၀၇၄- ၂၅၂၂၇၃၄ | ၀၉- ၅၁၂၉၁၈၉/ ၀၈၃- ၂၂၁၀၇၃ |
| **ကရင်ပြည်နယ်** | **ချင်းပြည်နယ်** |
| ၀၉- ၅၀၅၃၅၈၄/ ၀၅၈- ၂၁၀၄၅ | ၀၉- ၂၄၅၀၀၄၃/ ၀၇၀- ၂၀၂၁၁၂၃ |
| **မွန်ပြည်နယ်** | **ရခိုင်ပြည်နယ်** |
| ၀၉- ၂၅၅၇၂၄၃၉၅/ ၀၅၇- ၂၀၂၄၄၁၆ | ၀၉-၄၂၁၇၃၅၆၄၄/ ၀၄၃- ၂၃၂၂၀ |
| **ရှမ်းပြည်နယ်(မြောက်ပိုင်း)** | **ရှမ်းပြည်နယ်(တောင်ပိုင်း)** |
| ၀၉- ၂၀၀၂၂၄၄/ ၀၈၂- ၂၂၀၃၀၁၆ | ၀၉- ၂၀၂၈၂၂၈/ ၀၈၁- ၂၃၄၅၀၂၁ |
| **ရှမ်းပြည်နယ်(အရှေ့ပိုင်း)** | **သက်ဆိုင်ရာမြို့နယ်** |
| ၀၉- ၉၅၃၃၄၄၉၂၁/ ၀၈၁- ၂၀၂၁၃၁၄ | **အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန** |



## လေရှီးမြို့နယ်တွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဩဂုတ်လပထမပတ်မှစတင်၍ အကောင်အထည်ဖော်ဆောင်ရွက်

**လေရှီး ဩဂုတ် ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့နယ်အတွင်းရှိ ကျေးရွာများ၌ ကျေးလက်ရေပေးဝေရေးလုပ်ငန်းများ၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး(VDP) စီမံကိန်းလုပ်ငန်းများနှင့် ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်းများကို ယခုဘဏ္ဍာနှစ် ဩဂုတ်လပထမပတ်မှ စတင်၍ အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်ကြောင်း လေရှီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခေါင်းပေါ့ထံမှ သိရသည်။

ရေပေးဝေရေးလုပ်ငန်းများကို ကျေးရွာ ခြောက်ရွာတွင် လည်းကောင်း၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး(VDP)စီမံကိန်းလုပ်ငန်းများကို ကျေးရွာ ၁၀ ရွာတွင်လည်းကောင်း၊ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်းများကို ကျေးရွာ နှစ်ရွာတွင်လည်းကောင်း အသီးသီးအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

လေရှီးမြို့နယ် ကုံကိုင်လုံ(အလယ်)ရွာ၊ လေယုံရွာ၊ ဖွန်သရက်ရွာ၊ ဟိန်ကွတ်ရွာမ၊ ရေဒေါင်ကျေးရွာနှင့် ကော်လ်ကန်ကျေးရွာတို့တွင် ရေပေးဝေရေးလုပ်ငန်းများကိုလည်းကောင်း၊ ဒိန်းဂလိန်းအဝေး၊ မတ်စိသဲရှူ၊ အောင်မင်္ဂလာ၊ ကူကီးရွာမ(အမှတ်-၃)၊ ကုံကိုင်လုံ(တိုးချဲ့-၁)၊ ပန်ဆပ်(အမှတ်-၂)၊ ဆမ္မရာ(ကွက်သစ်)၊ ရေကျော်၊ တီးကွန်ရွာဟောင်းနှင့် အေးချမ်းဖြိုးကျေးရွာတို့တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး(VDP) စီမံကိန်းလုပ်ငန်းများကို လည်းကောင်း၊ ပန်ဆပ်နှင့် ငကျန်ကျေးရွာတို့တွင် ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်းများ စသည့်လုပ်ငန်းများကို ဘဏ္ဍာနှစ်ကုန်အမီ ပြီးစီးနိုင်ရေး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း လေရှီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခေါင်းပေါ့ထံမှ သိရသည်။

**ယွန်း(မုံရွာကိုယ်ပွား)**

**နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့**

# မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် တက္ကသိုလ်၊ ဒီဂရီ၊ ကောလိပ်ပေါင်းစုံ (အမျိုးသမီး) ဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲတက်ရောက်

**မန္တလေး ဩဂုတ် ၁၅**

၂၀၂၂ ခုနှစ် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား တက္ကသိုလ်၊ ဒီဂရီ၊ ကောလိပ်ပေါင်းစုံ (အမျိုးသမီး) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့ညနေပိုင်းက အောင်မြေသာစံခရိုင် အောင်မြေသာစံမြို့နယ်ရှိ အောင်မြေမန္တလာအားကစားကွင်းတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကို၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တက္ကသိုလ်အသီးသီးမှ ပါမောက္ခချုပ်၊ ပါမောက္ခ (ဌာနမှူး) များ၊ ကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ရတနာပုံတက္ကသိုလ်အသင်းနှင့် အစိုးရစက်မှုလက်မှုသိပ္ပံ (မန္တလေး) အသင်းတို့ ဗိုလ်လုပွဲယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးရာ ရတနာပုံတက္ကသိုလ်အသင်းက အစိုးရစက်မှုလက်မှုသိပ္ပံ (မန္တလေး) အသင်းကို ခုနစ်ဂိုးပြတ်ဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က **(ယာပုံ)** ပထမဆုရ ရတနာပုံတက္ကသိုလ်အသင်းအား ဆုတံဆိပ်များ၊ တံခွန်စိုက်ဆုဖလားနှင့် ငွေကျပ် ၁၅ သိန်း၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ဒုတိယဆုရ အစိုးရစက်မှုလက်မှုသိပ္ပံ (မန္တလေး) အသင်းအား ဆုတံဆိပ်များနှင့် ငွေကျပ် ၁၂၅၀၀၀၀၊ ပူးတွဲတတိယဆုရ မန္တလာတက္ကသိုလ်အသင်းနှင့် မန္တလေးပညာရေးဒီဂရီကောလိပ်အသင်းတို့ကို ဆုတံဆိပ်များနှင့် ငွေကျပ် ၁၀ သိန်းစီ၊ ဘောလုံးပြိုင်ပွဲ ပွဲစဉ်တစ်လျှောက် ဂိုးသမားအကောင်းဆုံးဆု၊ နောက်တန်းအကောင်းဆုံးဆု၊ အလယ်တန်းအကောင်းဆုံးဆု၊ ရှေ့တန်းအကောင်းဆုံးဆုနှင့် ပွဲစဉ်တစ်လျှောက် အကောင်းဆုံးအားကစားသမား ဆုရရှိကြသူများကို ဆုတံဆိပ်နှင့် ငွေကျပ် တစ်သိန်းစီတို့ကို ချီးမြှင့်ပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကာ အားကစားသမားများအား ရင်းနှီးစွာနှုတ်ဆက် အားပေးစကားများ ပြောကြားခဲ့ကြောင်း သိရသည်။




သတင်းစဉ်

# မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ၂၀၂၂ ခုနှစ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲပြုလုပ်

**နေပြည်တော် ဩဂုတ် ၁၅**

မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၀၂၂ ခုနှစ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့မွန်းလွဲပိုင်းက တိုင်းစစ်ဌာနချုပ် အားကစားခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ် မြတ်သက်ဦးနှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာ စကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပြိုင်ပွဲဝင်အသင်းများ၏ ပထမနေ့ပွဲစဉ်ယှဉ်ပြိုင်မှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ လက်ဝှေ့ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့ များမှ ပြိုင်ပွဲဝင်အသင်း ခုနစ်သင်းဖြင့် ဩဂုတ် ၁၉ ရက်အထိ ပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်





# ကချင်ပြည်နယ်အတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ရာနှုန်းပြည့်ထိုးနှံနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးပြုလုပ်

**နေပြည်တော် ဩဂုတ် ၁၅**

ကချင်ပြည်နယ်အတွင်းရှိ ခရိုင်၊ မြို့နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ရာနှုန်းပြည့်ထိုးနှံနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၁၁/၂၀၂၂) ကို ယနေ့နံနက်ပိုင်းက ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခ ခန်းမ၌ ပြုလုပ်ရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြပြီး ခရိုင်၊ မြို့နယ်များမှ ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌများက Virtual စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက ပြည်နယ်အတွင်း ဆောင်ရွက်လျက်ရှိသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် ကာကွယ်ဆေးများ ရာနှုန်းပြည့်ထိုးနှံနိုင်ရေး လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ဆွေးနွေးတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဒုတိယတိုင်းမှူးတို့က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ဒုတိယပိုင်းသွင်းဂိုးဖြင့် အား/ကာသိပ္ပံအသင်း နိုင်ပွဲဆက်

**ရန်ကုန် ဩဂုတ် ၁၅**

၂၀၂၂ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၈) တတိယနေ့အဖြစ် မဟာယူနိုက်တက်နှင့် အား/ကာသိပ္ပံအသင်းတို့ ဩဂုတ် ၁၅ ရက်က သုဝဏ္ဏကွင်း၌ ဆက်လက်ကျင်းပရာ အား/ကာသိပ္ပံအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

အား/ကာသိပ္ပံ အသင်းသည် တိုက်စစ်မှူး ခင်ကျော်ဝင်း၏ အနိုင်ဂိုးဖြင့် အမှတ်ပြည့်ရခဲ့ခြင်းဖြစ်သည်။ မဟာယူနိုက်တက် အသင်းမှာမူ ရှုံးပွဲထပ်မံကြုံတွေ့ခဲ့ပြီး ယခုပွဲတွင် သရေတစ်မှတ် ရယူနိုင်မည့် ပယ်နယ်တီကို ဝင်အောင် မသွင်းယူနိုင်ခဲ့ပေ။

အား/ကာသိပ္ပံအသင်း အနေဖြင့် ဇယားထိပ်ပိုင်းမှ အသင်းများကို ဆက်လက်ဖိအားပေးနိုင်ရန်၊ မဟာယူနိုက်တက်အသင်းက တန်းဆင်းဇုန်အန္တရာယ်မှ လွတ်မြောက်ရန်အတွက် နိုင်ပွဲရရှိရေး ကြိုးပမ်းခဲ့သည်။ ပထမပိုင်းတွင် အား/ကာသိပ္ပံအသင်းက ဂိုးရနိုင်သည့် အခွင့်အရေးပိုရသော်လည်း အသုံးမချနိုင်ဘဲ ပထမပိုင်းပြီးခါနီးတွင် မဟာယူနိုက်တက်အသင်းမှ ကျော်စွာမင်းနှင့် စိုးမင်းနိုင်တို့၏ ကန်သွင်းမှုများကို အား/ကာသိပ္ပံ ဂိုးသမား ကာကွယ်နိုင်ခဲ့သဖြင့် ပထမပိုင်းအပြီးတွင် ဂိုးမရှိသရေကျနေသည်။ ဒုတိယပိုင်းတွင် အား/ကာ သိပ္ပံအသင်းက အနိုင်ဂိုးရရန် ကြိုးပမ်းလာပြီး ၅၃ မိနစ်တွင် ခင်ကျော်ဝင်းက သွင်းယူခဲ့သည်။ မဟာယူနိုက်တက်အသင်းသည် ဂိုးပေးလိုက်ရပြီးနောက်ပိုင်းတွင် ချေပဂိုးရရန် ကြိုးပမ်းခဲ့ပြီး ၈၆ မိနစ်တွင် ပယ်နယ်တီကန်ခွင့်ရခဲ့သည်။ ယင်းပယ်နယ်တီကို ကျော်စွာမင်းကန်သွင်းသော်လည်း အား/ကာသိပ္ပံဂိုးသမား ဇင်ညီညီအောင် ကာကွယ်နိုင်ခဲ့သည်။

ယခုပွဲအပြီးတွင် အား/ကာသိပ္ပံအသင်းက ရှစ်ပွဲကစား ရမှတ် ၁၄ မှတ်၊ မဟာယူနိုက်တက်အသင်းက ရှစ်ပွဲကစား ရမှတ် ခြောက်မှတ် ရရှိထားသည်။ ပွဲစဉ် (၈) လက်ကျန်ပွဲများအဖြစ် ဩဂုတ် ၁၇ ရက်တွင် ရတနာပုံအသင်းနှင့် မြဝတီအသင်း၊ ဩဂုတ် ၁၈ ရက်တွင် ရခိုင်ယူနိုက်တက်အသင်းနှင့် GFA အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ရဲရင့်လွင်

*❍ ကျောဖုံးမှ*

ယနေ့နံနက် ၁၀နာရီမှစ၍ ဝဏ္ဏသိဒ္ဓိအားကစားရုံ (A) ၌ ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ကြရာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယအမြဲတမ်း အတွင်းဝန် ဦးကျော်ဆန်း၊ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦး၊ ဌာနခွဲများမှ ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ/နည်းပြများနှင့် အားကစားသမားများ လာရောက်ကြည့်ရှုအားပေးကြသည်။

ယနေ့ နံနက်ပိုင်းတွင်ဂျူဒိုပြိုင်ပွဲ ရှုံးထွက်ပွဲစဉ်များအဖြစ် အမျိုးသား (-၇၃) ကီလိုတန်း၊ (-၈၁) ကီလိုတန်း၊ (-၉၀) ကီလိုတန်း၊ (+၉၀) ကီလိုတန်းပြိုင်ပွဲများ၊ အမျိုးသမီး (-၆၃)ကီလိုတန်း၊(-၇၀)ကီလိုတန်း၊ (+၇၀) ကီလိုတန်းပြိုင်ပွဲများကို ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ကြပြီး ပြိုင်ပွဲများအပြီးတွင် ဆုပေးပွဲကို ဆက်လက်ကျင်းပသည်။

အဆိုပါ "၂၀၂၂ခုနှစ်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး ဂျူဒိုပြိုင်ပွဲ" ကို ဩဂုတ် ၁၂ ရက်မှ ၁၆ ရက်အထိ နံနက် ၁၀ နာရီတွင် ဝဏ္ဏသိဒ္ဓိအားကစားရုံ (A) ၌ ဆက်လက်ကျင်းပသွားမည်ဖြစ်ရာ ဂျူဒိုအားကစားနည်းကို စိတ်ပါဝင်စားသူမည်သူမဆို အခမဲ့လာရောက် ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**အားကာမောင်**

# ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လမ်းဘေးတောင်ပြိုကျမှုအခြေအနေကို တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေး



ဟိုပုံး ဩဂုတ် ၁၅

**ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်တွင် ယမန်နေ့က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လမ်းဘေးရှိ တောင်ပြိုကျ၍ လမ်းပေါ်သို့ မြေစာများပြိုကျသဖြင့် ယာဉ်သွားလာမှု ယာယီပြတ်တောက်မှုအခြေအနေကို တာဝန်ရှိသူများက ယနေ့ မွန်းတည့် ၁၂ နာရီ၌ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။**

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဟိုပုံးမြို့နယ် စင်ပေါ်ကျေးရွာအုပ်စု ပန်လျန်းကျေးရွာနှင့် စံဖူးကျေးရွာအုပ်စု စံဖူးကျေးရွာကြား နမ့်ခုတ်-စံဖူး-ရွာသစ်လမ်း မိုင်တိုင် (၁၈/၁၉) မိုင်ကြားတွင် လမ်းဘေးတောင်ပြိုကျမှုကြောင့် လမ်းမပေါ်သို့ မြေစာများပြိုကျသဖြင့် လမ်းအသုံးပြုမှု ယာယီပြတ်တောက်မှုအခြေအနေကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးခွန်ကောင်းချစ်ထွန်း၊ မြို့နယ်ရဲစခန်း ဒုရဲမှူး ခင်ဇော်ဦး၊ မြို့နယ်မီးသတ်တပ်ဖွဲ့၊ မြို့နယ်လမ်းဦးစီးဌာနနှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးရာ ဒေသခံပြည်သူများ လမ်းအသုံးပြုမှု အဆင်ပြေစေရန်အတွက် လမ်းရှင်းလင်းရေးလုပ်ငန်းများကို စက်ယန္တရားများဖြင့် ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။ **(ယာပုံ)**

**မြို့နယ်(ပြန်/ဆက်)**



# ညောင်ဦးမြို့နယ် တုရွင်းတိုင်ကျေးရွာ၌ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားနေ၍ ပြည်သူ့အကျိုးပြု ရွာလုံးကျွတ် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းများ ကူညီဆောင်ရွက်ပေး

**ညောင်ဦး ဩဂုတ် ၁၅**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် တုရွင်းတိုင်ကျေးရွာတွင် သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားနေ၍ ခြင်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးရန် အကူအညီတောင်းခံလာသဖြင့် ဩဂုတ် ၁၅ ရက် ယနေ့နံနက် ၇ နာရီက ညောင်ဦးမြို့နယ် မီးသတ်ဦးစီးဌာနနှင့် ညောင်ဦးမြို့ အမှတ်(၅) နယ်မြေ အရန်မီးသတ်တပ်ဖွဲ့တို့ ပူးပေါင်းအဖွဲ့က ပြည်သူ့အကျိုးပြု ရွာလုံးကျွတ် ခြင်ဆေးဖျန်းခြင်းလုပ်ငန်း ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

ညောင်ဦးမြို့နယ် တုရွင်းတိုင်ကျေးရွာသည် အိမ်ခြေ ၆၃ စုခန့်ရှိပြီး လူဦးရေ ၃၀၀ ကျော် နေထိုင်လျက်ရှိကြောင်း၊ ဒေသခံပြည်သူများမှာ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းကို အဓိကစီးပွားဖြစ် လုပ်ကိုင်ကြကြောင်း သိရသည်။ အဆိုပါကျေးရွာတွင် ကလေးငယ်အချို့မှာ သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားနေ၍ ကျေးရွာနေပြည်သူများက အခြားသော ကလေးငယ်များကို ရောဂါကူးစက်ပြန့်ပွားမှု မဖြစ်စေရန်နှင့် ထိရောက်စွာ ကြိုတင်ကာကွယ်တားဆီး နှိမ်နင်းနိုင်ရေးအတွက် ခြင်ဆေးဖျန်းခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးရန် ဆက်သွယ်အကူအညီ တောင်းခံလာသဖြင့် ညောင်ဦးမြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ညောင်ဦးမြို့ အမှတ်(၅) နယ်မြေ အရန်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့က ယနေ့နံနက် ၇ နာရီမှ ညနေ ၅ နာရီအထိ ခြင်ဆေးဖျန်းစက် နှစ်လုံးဖြင့် အဖွဲ့ခွဲပြီး တုရွင်းတိုင်ကျေးရွာရှိ လူနေအိမ်များ၊ ကျေးရွာတွင်းလမ်းများနှင့် ခြင်ခိုအောင်းနိုင်သော နေရာများကို ရွာလုံးကျွတ်နေရာအနှံ့ ခြင်နိုင်ဆေးများ စနစ်တကျ ပက်ဖျန်းဆောင်ရွက်ပေးခဲ့ကြပြီး ကျေးရွာနေ ပြည်သူများကိုလည်း သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ် နှိမ်နင်းရေးဆိုင်ရာ နည်းလမ်းများကို အသိပညာပေး ဆွေးနွေးဟောပြောခဲ့ကြောင်း ညောင်ဦးမြို့နယ်မီးသတ် ဦးစီးမှူး ဦးကျော်မင်းသူ ထံမှ သိရသည်။

ညောင်ဦးမြို့နယ်၌ မြို့ပေါ်ရပ်ကွက်အချို့နှင့် ကျေးရွာအချို့တွင် ကလေးငယ်များ သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားမှုများ တွေ့ရှိရသည့်အတွက် ညောင်ဦးခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာများ ပူးပေါင်းပြီး သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ် တားဆီးနှိမ်နင်းရေး လုပ်ငန်းကို စီမံချက်ဖြင့် ပြည်သူလူထုအား အသိပညာပေးခြင်း၊ ခြင်လောက်လမ်း မပေါက်ပွားရေး ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ လက်တွေ့ကာကွယ်နှိမ်နင်းရေး ခြင်ဆေးဖျန်းခြင်းလုပ်ငန်း ဆောင်ရွက်ခြင်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် ဩဂုတ် ၁၅** – မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ရန်ကုန်(မရမ်းကုန်း မြို့နယ်)တွင် ၂ ဒသမ ၄၄ လက်မ၊ ရန်ကုန်(မင်္ဂလာဒုံ မြို့နယ်)တွင် ၂ ဒသမ ၂၀ လက်မ၊ တွန်းဇံမြို့တွင် ၂ ဒသမ ၀၁ လက်မ၊ ရွှေဂွန်းတွင် ၂ ဒသမ ၀၀ လက်မ၊ နမ့်စန်မြို့နှင့် ဓနုဖြူမြို့တို့တွင် ၁ ဒသမ ၇၃ လက်မစီ၊ စစ်တွေမြို့တွင် ၁ ဒသမ ၆၉ လက်မ၊ မချမ်းဘောမြို့တွင် ၁ ဒသမ ၅၇ လက်မနှင့် ကျောက်တော်မြို့တွင် ၁ ဒသမ ၅၀ လက်မတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေအရ တရားစွဲဆိုခံရသည့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဟောင်း ဒေါ်အောင်ဆန်းစုကြည်၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့တော်ဝန်ဟောင်း ဒေါက်တာမျိုးအောင်၊ ဒုတိယမြို့တော်ဝန်ဟောင်း ဦးရဲမင်းဦး၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင်ဟောင်း ဦးမင်းသူ တို့အပေါ် အမိန့်ချမှတ်

**နေပြည်တော် ဩဂုတ် ၁၅**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဟောင်း ဒေါ်အောင်ဆန်းစုကြည်၏ ဆောင်ရွက်မှုများတွင် အဂတိလိုက်စားမှုများရှိသောကြောင့် ဥပဒေနှင့်အညီ လိုအပ်သလို စုံစမ်းစစ်ဆေး အရေးယူနိုင်ရန် တိုင်ကြားခြင်းနှင့် စပ်လျဉ်း၍ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးခဲ့ရာ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း အတွက် နေပြည်တော်ရှိ လရောင်တော စိုက်ပျိုးသက်မွေးပညာသင်တန်းကျောင်း စီမံကိန်း ဆောင်ရွက်ရန် ဥတ္တရသီရိမြို့နယ်ရှိ မြေဧရိယာ ၁၀၁ ဒသမ ၃၃ ဧကနှင့် ပုဗ္ဗသီရိမြို့နယ်ရှိ မြေဧရိယာ ၂၃ ဒသမ ၈၅၅ ဧကကို နေပြည်တော်စည်ပင်သာယာရေးကော်မတီထံမှ လျှောက်ထားရယူခဲ့ရာတွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ခြင်း မဟုတ်ဘဲ ရာထူးအရှိန်အဝါကို အသုံးပြု၍ ထိုက်သင့်သည့် တန်ဖိုးထက်များစွာ လျှော့နည်းပေးချေခဲ့သဖြင့် နိုင်ငံတော်မှ ငွေကျပ် ၁၉ ဘီလီယံကျော် နစ်နာဆုံးရှုံးခဲ့ကြောင်း။

ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည် နေထိုင်ရန် အဆောက်အဦ နေအိမ်ကို အများပြည်သူမှ ထည့်ဝင်လှူဒါန်းထားသော အလှူငွေများထဲမှ ငွေကျပ် ၁ ဒသမ ၆ ဘီလီယံကျော်ကို မလျော်ဩဇာ အသုံးပြု၍ သုံးစွဲဆောက်လုပ်စေခဲ့ကြောင်း။

ဒေါ်အောင်ဆန်းစုကြည် ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်သော ဒေါ်ခင်ကြည် ဖောင်ဒေးရှင်း(ရုံးချုပ်) ဖွင့်လှစ်ရန် ဇဗ္ဗူသီရိမြို့နယ်၊ တက္ကသိုလ်ရိပ်သာလမ်း၊ အမှတ်(၆၀)ရှိ မြေ ၁ ဒသမ ၈၆ ဧကနှင့် အဆောက်အဦ တို့ကို လုပ်ထုံးလုပ်နည်းများကို ဖောက်ဖျက်ပြီး ရာထူးတာဝန်ကို အလွဲသုံးစားပြု၍ ငှားရမ်းဆောင်ရွက်စေခဲ့ခြင်းကြောင့် နိုင်ငံတော်က ငွေကျပ် သန်း ၅၂၀၀ ကျော် နစ်နာဆုံးရှုံးခဲ့ကြောင်း။

နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့တော်ဝန်ဟောင်း ဒေါက်တာမျိုးအောင်၊ ဒုတိယမြို့တော်ဝန်ဟောင်း ဦးရဲမင်းဦး၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီဝင်ဟောင်း ဦးမင်းသူ တို့သည် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းအား နေပြည်တော်ရှိ လရောင်တော စိုက်ပျိုးသက်မွေးပညာ သင်တန်းကျောင်း စီမံကိန်းဆောင်ရွက်ရန်အတွက် ဥတ္တရသီရိမြို့နယ်ရှိ တစ်ဆက်တစ်စပ်တည်းဖြစ်သော မြေဧရိယာ ၁၀၁ ဒသမ ၃၃ ဧကနှင့် ပုဗ္ဗသီရိမြို့နယ်ရှိ မြေဧရိယာ ၂၃ ဒသမ ၈၅၅ ဧက လျှောက်ထားရယူရာတွင် ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၁၈ ရက်တွင် ပြုလုပ်သော နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ စီမံခန့်ခွဲမှုကော်မတီအစည်းအဝေး အမှတ်စဉ် (၇/၂၀၂၀)မှ မြေနေရာချပေးခြင်းနှင့် မြေငှားစာချုပ် (မြေဂရန်) ထုတ်ပေးရာတွင် သတ်မှတ်ထားသော လုပ်ထုံးလုပ်နည်း စည်းမျဉ်းစည်းကမ်းများကို ဖောက်ဖျက်ကျော်လွန်၍ ခွင့်ပြုပေးခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

ထို့ကြောင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဟောင်း ဒေါ်အောင်ဆန်းစုကြည်အပေါ် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၅ အရလည်းကောင်း၊ နေပြည်တော်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန်ဟောင်း ဒေါက်တာမျိုးအောင်၊ ဒုတိယမြို့တော်ဝန်ဟောင်း ဦးရဲမင်းဦး၊ နေပြည်တော်စည်ပင်သာယာရေး ကော်မတီဝင်ဟောင်း ဦးမင်းသူ တို့အပေါ် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၅/၆၃ အရ လည်းကောင်း ၂၀၂၂ ခုနှစ် ဇူလိုင် ၈ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်တွင် တရားစွဲတင်ပို့ခဲ့ရာ ရာဇဝတ်ကြီးမှု အမှတ် ၃/၂၀၂၂၊ ၄/၂၀၂၂၊ ၅/၂၀၂၂၊ ၂၅/၂၀၂၂ တို့ဖြင့် မန္တလေးတိုင်းဒေသကြီး သီးသန့်တရားရုံး (နေပြည်တော်) တွင် ရုံးထိုင်စစ်ဆေးခဲ့သည်။

မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်က ၂၀၂၂ ခုနှစ်၊ ဩဂုတ် ၁၅ ရက်တွင် ဒေါ်အောင်ဆန်းစုကြည်အား ရာဇဝတ်ကြီးမှုအမှတ် ၃/၂၀၂၂၊ ၄/၂၀၂၂၊ ၅/၂၀၂၂၊ ၂၅/၂၀၂၂ အမှု လေးမှုအတွက် တစ်မှုလျှင် ထောင်ဒဏ် သုံးနှစ်စီဖြင့် ကျခံစေရန် အမိန့်ချမှတ်ခဲ့ပြီး ရာဇဝတ်ကြီးမှု အမှတ် ၃/၂၀၂၂၊ ၄/၂၀၂၂၊ ၅/၂၀၂၂ အမှုသုံးမှုအတွက် ထောင်ဒဏ်ကို တစ်ပေါင်းတည်း ကျခံစေရန်၊ ဒေါက်တာမျိုးအောင် အား ရာဇဝတ်ကြီးမှုအမှတ် ၃/၂၀၂၂၊ ၄/၂၀၂၂ အမှုနှစ်မှုအတွက် ထောင်ဒဏ် သုံးနှစ် တစ်ပေါင်းတည်း ကျခံစေရန်၊ ဦးရဲမင်းဦးအား ရာဇဝတ်ကြီးမှု အမှတ် ၄/၂၀၂၂ အမှုတစ်မှုအတွက် ထောင်ဒဏ် သုံးနှစ်၊ ဦးမင်းသူအား ရာဇဝတ်ကြီးမှု အမှတ် ၃/၂၀၂၂ အမှုတစ်မှုအတွက် ထောင်ဒဏ် သုံးနှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အချိုးကျကိုယ်စားပြုစနစ်(PR )နှင့် မြန်မာနိုင်ငံ

**မောင်ကောင်းဆု**

**ရွေးကောက်ပွဲနှင့် ရွေးကောက်ပွဲစနစ်**

ကမ္ဘာ့နိုင်ငံအသီးသီးတွင် သမ္မတရွေးကောက်ပွဲများ၊ ဥပဒေပြုလွှတ်တော်ရွေးကောက်ပွဲများ၊ ဒေသန္တရအုပ်ချုပ်ရေးဆိုင်ရာ ရွေးကောက်ပွဲများ၊ မြူနီစီပယ်ရွေးကောက်ပွဲများ ကျင်းပရာ၌ မိမိကျင့်သုံးသည့် နိုင်ငံရေးစနစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများ၊ နိုင်ငံသမိုင်းကြောင်း အခြေအနေတို့အပေါ်မူတည်၍ ရွေးကောက်ပွဲစနစ်အမျိုးမျိုးကို ရွေးချယ်အသုံးပြုကြသည်။ ရွေးကောက်ပွဲစနစ် တစ်မျိုးတည်းသာ အသုံးပြုခြင်း၊ လွှတ်တော်တစ်ရပ်လျှင် ရွေးကောက်ပွဲစနစ် တစ်မျိုးစီ ခွဲခြားကျင့်သုံးခြင်း၊ ရွေးကောက်ပွဲစနစ်နှစ်မျိုး ပူးတွဲကျင့်သုံးခြင်း၊ ကျင့်သုံးခဲ့သည့် ရွေးကောက်ပွဲစနစ်ကို ပြန်လည်သုံးသပ်၍ ရွေးကောက်ပွဲစနစ်ပြောင်းလဲကျင့်သုံးခြင်းတို့အပြင် မိမိနိုင်ငံနှင့် လိုက်လျောညီထွေဖြစ်မည့် ရွေးကောက်ပွဲစနစ်သစ်တစ်ခု တီထွင်အသုံးပြုခြင်းများလည်း ရှိကြသည်။

မြန်မာနိုင်ငံတွင် ကျင်းပခဲ့သည့် ပါလီမန်ဒီမိုကရေစီခေတ်ရွေးကောက်ပွဲများ၊ ၁၉၉၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲနှင့် ၂၀၁၀ ပြည့်နှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း ကျင်းပခဲ့သော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲနှင့် ကြားဖြတ်ရွေးကောက်ပွဲများတွင် မဲအများဆုံးရသူ အရွေးခံရသည့်စနစ် ( First Past the Post – FPTP) တစ်နည်း နိုင်သူအကုန်ယူစနစ် ( Winner takes all )ကို ကျင့်သုံးခဲ့ကြသည်။ သို့ရာတွင် ယင်းကာလဖြစ်သည့် ၁၃–၇–၂၀၁၂ ရက်တွင် နိုင်ငံရေးပါတီ ၁၀ ပါတီပါဝင်သည့် ဒီမိုကရေစီမိတ်ဆွေပါတီများက ရွေးကောက်ပွဲစနစ်ပြုပြင်ရေးနှင့် ပတ်သက်၍ အကြံပြုချက်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌထံတင်ပြခြင်း၊ ပထမအကြိမ် လွှတ်တော်သက်တမ်းကာလ ၃– ၆–၂၀၁၄ ရက်တွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တစ်ဦး တင်သွင်းခဲ့သည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရွေးချယ်ရာ၌ အချိုးကျကိုယ်စားပြုစနစ်ကျင့်သုံးရန် အဆို အတည်ပြုအောင်မြင်ခြင်းတို့ ဖြစ်ပေါ်ခဲ့သည်။ သို့ဖြစ်ရာ မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲ သမိုင်း၊ ကြုံတွေ့ခဲ့သောဖြစ်စဉ်များကို လေ့လာသုံးသပ်ပြီး မိမိနိုင်ငံနှင့် ကိုက်ညီသင့်လျော်သည့် ရွေးကောက်ပွဲစနစ်ကို ရွေးချယ်အသုံးပြုရန် လိုအပ်လာပါသည်။

**နိုင်ငံတကာတွင် ကျင့်သုံးသည့် ရွေးကောက်ပွဲစနစ်များ**

နိုင်ငံတကာတွင် ကျင့်သုံးလျက်ရှိသော ရွေးကောက်ပွဲစနစ်များကို လေ့လာဆန်းစစ်မှုများအရ အောက်ပါအတိုင်း အုပ်စုသုံးစုတွေ့ရှိရသည်–

(က) ဗဟုအများစုကိုယ်စားပြုစနစ် ( Plurality / Majority System )

(ခ) အချိုးကျကိုယ်စားပြုစနစ် ( Proportional Represen–tation System )

(ဂ) အခြားစနစ် ( Other System )

ဗဟုအများစုကိုယ်စားပြုစနစ်တွင် မဲအများဆုံးရသူ အနိုင်ရစနစ် (FPTP)၊ ၅၀ ရာခိုင်နှုန်းကျော် ထောက်ခံမဲမရ၍ မဲနှစ်ကြိမ် ပြန်ပေးရသည့် နှစ်ကျော့ပြန်စနစ် ( Two Round System – TRS )၊ ကိုယ်စားလှယ်ဗဟိုပြု မဲအများစုစနစ် ( Block Vote – BV )၊ ပါတီဗဟိုပြု အများစုစနစ် ( Party Block Vote – PBV )၊ ကြိုက်နှစ်သက်မှု မဲအများစုစနစ် ( Alternative Vote – AV ) တို့ ပါဝင်သည်။

အခြားစနစ်တွင် လွှဲပြောင်း၍မရသော တစ်မဲပေးစနစ် ( Single Non Transferable Vote – SNTV )၊ ကန့်သတ်မဲပေးစနစ် ( Limited Vote – LV )နှင့် ဦးစားပေးမှုကို တွက်ချက်သောစနစ် ( Borda Count–BC ) အစရှိသည်တို့ ပါဝင်သည်။



**အချိုးကျကိုယ်စားပြုစနစ် ( Proportional Representation – PR )**

အချိုးကျကိုယ်စားပြုစနစ် (PR) ဆိုသည်မှာ တစ်ဦးထက်ပိုသော ကိုယ်စားလှယ်များ ရွေးကောက်တင်မြှောက်ရန်အတွက် မဲဆန္ဒနယ်ကို ဧရိယာကျယ်ပြန့်စွာ သတ်မှတ်၍ ယင်းမဲဆန္ဒနယ်မှ ရွေးကောက်တင်မြှောက်ရမည့် ကိုယ်စားလှယ်ဦးရေကိုပါ သတ်မှတ်ပေးပြီး ပါတီအဖွဲ့အစည်းအလိုက် ယှဉ်ပြိုင်စေခြင်းဖြစ်သည်။ ရွေးကောက်ပွဲတွင် ပါတီအဖွဲ့အစည်းအလိုက်ရရှိသည့် ထောက်ခံဆန္ဒမဲအပေါ် မူတည်၍ ရွေးကောက်ခံရသည့် ကိုယ်စားလှယ်ဦးရေကို သတ်မှတ်ပေးသည့် စနစ်လည်း ဖြစ်သည်။ ယင်းစနစ်အရ တစ်သီးပုဂ္ဂလများလည်း ပါဝင်ယှဉ်ပြိုင်နိုင်ပြီး ရရှိသော ထောက်ခံဆန္ဒမဲအပေါ် မူတည်ပြီး ရွေးကောက်တင်မြှောက်ခံရနိုင်သည်။ အချိုးကျကိုယ်စားပြုစနစ်ကို ယေဘုယျအားဖြင့် အောက်ပါအတိုင်း သုံးမျိုးခွဲခြားနိုင်သည် –

(က) ပါတီအမည်ကို မူတည်ပြီး အချိုးကျကိုယ်စားပြုစနစ် ( PartyList Proportional Representation System – LPR )

(ခ) ရောနှောထားသည့် အချိုးကျကိုယ်စားပြုစနစ် ( Mixed Member Proportional System – MMP )

(ဂ) လွှဲပြောင်း၍ရသော တစ်မဲတည်းပေးစနစ် ( Single Transfer–able Vote – STV )

ပါတီအမည်ကို မူတည်ပြီး အချိုးကျရွေးချယ်သည့်စနစ် ( Party List – PR )တွင် စာရင်းပိတ် ( Closed List )၊ စာရင်းဖွင့် ( Open List ) နှင့် စာရင်းလွတ် ( Free List )တို့ ပါရှိသည်။ ရောနှောထားသည့် အချိုးကျကိုယ်စားပြုစနစ်သည် သာမန်အားဖြင့် FPTP နှင့် PR ကို ရောနှောကျင့်သုံးသည့်စနစ်ဖြစ်သည်။ ယင်းစနစ်တွင် ပူးတွဲအပြိုင်စနစ် ( Parallel System )နှင့် ရောနှောထားသော ကိုယ်စားလှယ်အချိုးကျစနစ် (Mixed Member Proportional System )တို့ ပါဝင်ကြသည်။ Single Transferable Vote စနစ်မှာ မဲဆန္ဒရှင်များသည် ကိုယ်စားလှယ်၏အဆင့်ကို သတ်မှတ်ပေးပြီး ကြိုက်နှစ်သက်ရာကိုယ်စားလှယ်လောင်းကို ဦးစားပေး၍ ဆန္ဒမဲပေးခြင်းဖြစ်သည်။ ပထမဦးစားပေး မဲဝေစုရသည့် ကိုယ်စားလှယ်လောင်းက ရွေးချယ်ခံရပြီး သတ်မှတ်အရေအတွက်ထက် ပိုသောမဲများကို ကျန်ကိုယ်စားလှယ်များထံ ဖြန့်ဝေနိုင်သောစနစ်ဖြစ်သည်။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံပေါင်း ၁၉၃ နိုင်ငံအနက် မဲအများဆုံးရသူအရွေးခံရသည့်စနစ် ကျင့်သုံးသည့်နိုင်ငံ ၇၄ နိုင်ငံ၊ အချိုးကျကိုယ်စားပြုစနစ် ကျင့်သုံးသည့်နိုင်ငံ ၁၁၁ နိုင်ငံနှင့် အခြားစနစ်ကျင့်သုံးသည့် နိုင်ငံရှစ်နိုင်ငံဖြစ်ကြောင်း လေ့လာတွေ့ရှိရသည်။

**အချိုးကျကိုယ်စားပြုစနစ် (PR) နှင့် မဲအများဆုံးရသူအနိုင်ရစနစ် (FPTP) ခြားနားချက်**

အချိုးကျကိုယ်စားပြုစနစ် (PR)နှင့် မဲအများဆုံးရသူအနိုင်ရသည့် FPTP စနစ်အသီးသီးတွင် အားနည်းချက် အားသာချက်အပါအဝင် ခြားနားချက်များစွာရှိသည်။ အဓိက ခြားနားချက်မှာ မဲဆန္ဒရှင်ပြည်သူများက ပေးလိုက်သည့် ဆန္ဒမဲများ၏တန်ဖိုးနှင့် သက်ရောက်မှုကွာခြားခြင်းဖြစ်သည်။ FPTP စနစ်ဖြင့် ကျင်းပသည့်ရွေးကောက်ပွဲများတွင် အနိုင်ရသူရရှိသည့် ဆန္ဒမဲအရေအတွက်သည် ခိုင်လုံမဲစုစုပေါင်း၏ ထက်ဝက်အောက်ရှိသော်လည်း ယင်းကိုယ်စားလှယ်ကို ပေးလိုက်သည့် ဆန္ဒမဲများကသာ တန်ဖိုးနှင့် သက်ရောက်မှုရှိပြီး ကျန်ဆန္ဒမဲများ မှာ တန်ဖိုးနှင့် သက်ရောက်မှုလုံးဝမရှိ အဟောသိကံ၊ အလဟဿဖြစ်ခြင်းဖြစ်သည်။ အချိုးကျကိုယ်စားပြုစနစ်ဖြင့် ကျင်းပသည့် ရွေးကောက်ပွဲတွင်မူ ဝင်ရောက်ယှဉ်ပြိုင်သည့် နိုင်ငံရေးပါတီများ၊ တစ်သီးပုဂ္ဂလများ အပါအဝင် မဲဆန္ဒရှင်များက ပေးလိုက်သည့် ဆန္ဒမဲအရေအတွက် စုစုပေါင်းအပေါ် မိမိတို့ရရှိသည့် ဆန္ဒမဲအချိုးအစားအတိုင်း ကိုယ်စားလှယ်နေရာ ရရှိခြင်းဖြင့် ဆန္ဒမဲအားလုံးနီးပါး၏ တန်ဖိုးနှင့် သက်ရောက်မှုရှိခြင်းပင်ဖြစ်သည်။ သို့ဖြစ်၍လည်း FPTP စနစ်ဖြင့် ကျင်းပခဲ့သော ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲများကို လေ့လာပါက တစ်နိုင်ငံလုံးအတိုင်းအတာအရ ရရှိသော ခိုင်လုံမဲများ၏ ရာခိုင်နှုန်းနှင့် လွှတ်တော်အမတ်ရရှိသည့် ရာခိုင်နှုန်းအချိုးအစား ညီညွတ်မျှတမှုမရှိကြောင်း တွေ့ရှိရမည်ဖြစ်သည်။

**အချိုးကျကိုယ်စားပြုစနစ် (PR) နှင့် စပ်လျဉ်း၍ နိုင်ငံရေးပါတီများနှင့် တွေ့ဆုံမှုရလဒ်**

နောင်ကျင်းပပြုလုပ်မည့် ရွေးကောက်ပွဲများတွင် မြန်မာနိုင်ငံနှင့် သင့်လျော်ကိုက်ညီသည့် ရွေးကောက်ပွဲစနစ် ပြောင်းလဲကျင့်သုံးနိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် တည်ဆဲနိုင်ငံရေးပါတီများ တွေ့ဆုံဆွေးနွေးခြင်းများကို ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ၊ မေလ၊ နိုဝင်ဘာလနှင့် ဒီဇင်ဘာလများ၌ လေးကြိမ် ဆောင်ရွက်ခဲ့ရာ နိုင်ငံရေးပါတီအများစု တက်ရောက်ခဲ့သည်။ ပထမ နှစ်ကြိမ်ကို နေပြည်တော်တွင် ဆောင်ရွက်ခဲ့ပြီး အချိုးကျကိုယ်စားပြုစနစ် ကျင့်သုံးရေးကို မူအားဖြင့် သဘောတူညီခဲ့ကြသည်။ ဒုတိယနှစ်ကြိမ်ကိုမူ ရန်ကုန်မြို့တွင်ဆောင်ရွက်ခဲ့ပြီး ပါတီများ၏ စာတမ်းများဖတ်ကြားခြင်း၊ ရွေးကောက်ပွဲဒီဇိုင်းနှင့်စပ်လျဉ်း၍ ပါတီအစုအဖွဲ့အလိုက် ဆွေးနွေးညှိနှိုင်းပြီး စာတမ်းများ ဖတ်ကြားရှင်းလင်းခြင်းတို့ ဆောင်ရွက်ခဲ့သည်။ ရလဒ်အဖြစ် အောက်ပါဘုံသဘောတူညီချက်များ ရရှိခဲ့သည် –

(က) လာမည့်ရွေးကောက်ပွဲများတွင် စာရင်းပိတ် အချိုးကျကိုယ်စားပြုစနစ် ( Closed List – PR ) စတင်ကျင့်သုံးရန်၊

(ခ) မဲဆန္ဒရှင်ပြည်သူများ၏ ပညာတတ်မြောက်မှု၊ ရွေးကောက်ပွဲအတွေ့အကြုံနှင့် နိုင်ငံရေးယဉ်ကျေးမှု ရေချိန်မြင့်တက်လာချိန်တွင် ( Open List – PR ) သို့မဟုတ် အခြား PR စနစ် တစ်မျိုးမျိုးကို ပြောင်းလဲကျင့်သုံးရန်၊

(ဂ) ဖွဲ့စည်းပုံအခြေခံဥပဒေအရ သတ်မှတ်ထားသည့် လွှတ်တော်အလိုက် ရွေးကောက်တင်မြှောက်ရမည့် လွှတ်တော်ကိုယ်စားလှယ်အရေအတွက် မပြောင်းလဲဘဲ မဲဆန္ဒနယ်များကိုပိုင်းခြား၍ ရွေးကောက်ရမည့် လွှတ်တော်ကိုယ်စားလှယ်ဦးရေ သတ်မှတ်ဆောင်ရွက်ရန်၊

*စာမျက်နှာ ၁၁ သို့*

**❊ မြန်မာနိုင်ငံနှင့် သင့်လျော်ကိုက်ညီသည့် ရွေးကောက်ပွဲစနစ် ပြောင်းလဲကျင့်သုံးနိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် တည်ဆဲနိုင်ငံရေးပါတီများ တွေ့ဆုံဆွေးနွေးခြင်းများကို ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ၊ မေလ၊ နိုဝင်ဘာလနှင့် ဒီဇင်ဘာလများ၌ လေးကြိမ် ဆောင်ရွက်ခဲ့ရာ နိုင်ငံရေးပါတီအများစု တက်ရောက်ခဲ့သည်။ ပထမနှစ်ကြိမ်ကို နေပြည်တော်တွင် ဆောင်ရွက်ခဲ့ပြီး အချိုးကျကိုယ်စားပြုစနစ် ကျင့်သုံးရေးကို မူအားဖြင့် သဘောတူညီခဲ့ကြသည်**

*စာမျက်နှာ ၁၀ မှ*

(ဃ) ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၄၁ (က) ပါ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ ဒေသများမှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးစီ ရွေးကောက်တင်မြှောက်ရန်နှင့် ပုဒ်မ ၁၆၁ (ခ) ပါ တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်တစ်ဦးစီ ရွေးကောက်တင် မြှောက်ရန်အတွက် ယခင်ကျင့်သုံးခဲ့သည့် FPTP စနစ်ကိုသာ ဆက်လက်ကျင့်သုံးရန်၊

(င) Closed List PR အတွက် နိုင်ငံရေးပါတီများက မိမိပါတီကိုယ်စားပြု ကိုယ်စားလှယ်လောင်းအမည်စာရင်းအား ဦးစားပေး အစီအစဉ်အတိုင်း ကော်မရှင်သို့ ကြိုတင် တင်ပြရန်၊

(စ) မဲဆန္ဒရှင်များအနေဖြင့် မိမိမဲပေးလိုသည့် ပါတီနှင့် ၎င်းပါတီကိုယ်စားပြု ကိုယ်စားလှယ်လောင်းများကို သိရှိနိုင်ရန် ပါတီအမည်အောက်တွင် ကိုယ်စားလှယ်လောင်းအမည်နှင့် ဓာတ်ပုံဖော်ပြထားသော ဗီနိုင်းပိုစတာများအား ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ကပ်ထားရန်၊

(ဆ) Closed List PR စနစ်ဖြင့် မဲရေတွက်မှုနည်းလမ်းအရ ရိုးရှင်းလွယ်ကူသော လက်ကျန်မဲအများဆုံးစနစ် ( The Largest Remainder )ကို ကျင့်သုံးရန်၊ မဲဆန္ဒနယ်အလိုက် ခိုင်လုံမဲအပေါ်မူတည်၍ ကိုယ်စားလှယ်တစ်ဦးရရှိရမည့် အနိမ့်ဆုံးအခြေခံမဲ ( Thre-shold ) သတ်မှတ်ရန်၊

(ဇ) PR စနစ်၏ ဘေးထွက်ဆိုးကျိုးဖြစ်သော ပါတီများဖောင်းပွလာနိုင်မှုအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဥပဒေဖြင့်လည်းကောင်း၊ ညွှန်ကြားကြပ်မတ်ထိန်းကျောင်းခြင်းဖြင့် လည်းကောင်း ကန့်သတ်ရန်၊

(ဈ) ပြောင်းလဲကျင့်သုံးမည့် PR စနစ်ဖြင့် ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်၊ မဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များနှင့် မဲဆန္ဒရှင်ပြည်သူများ နားလည်သဘောပေါက်စေရန် ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်သွားရန်တို့ဖြစ်သည်။

**လွှတ်တော်သုံးရပ်အတွက် အချိုးကျကိုယ်စားပြုစနစ် ကျင့်သုံးနိုင်မှု**

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၀၉ (က) ပြည်သူ့လွှတ်တော်ဖွဲ့စည်းခြင်းတွင် “ **ဥပဒေနှင့်အညီ မဲဆန္ဒနယ်သတ်မှတ်၍ ရွေးကောက်တင်မြှောက်သည့် ၃၃၀ ဦးထက်မပိုသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ** ” ဟုလည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၄၁ (က) အမျိုးသားလွှတ်တော်ဖွဲ့စည်းခြင်းတွင် “ **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုစီအတွက် ကိုယ်စားလှယ် ၁၂ ဦးကျစီ တူညီစွာဖြင့် ရွေးကောက်တင်မြှောက်သည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၁၆၈ ဦး** ”ဟုလည်းကောင်း၊ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၆၁ (က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဖွဲ့စည်းခြင်းတွင် “ **မြို့နယ်တစ်မြို့နယ်လျှင် နှစ်ဦးကျစီ ရွေးကောက်တင်မြှောက်သည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ** ” ဟုလည်းကောင်း ပြဋ္ဌာန်းထားသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း (၉) ရွေးကောက်တင်မြှောက်ခြင်းပါ ပုဒ်မ ၃၉၉ (ဂ) အရ “ **မဲဆန္ဒ နယ်များ သတ်မှတ်ခြင်းနှင့် ပြင်ဆင်သတ်မှတ်ခြင်း**” သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ တာဝန်ဖြစ်ပြီး ပုဒ်မ ၄၀၂ (က) အရ “ **ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ လုပ်ငန်းများ**” နှင့် စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ဆုံးဖြတ်ချက်နှင့် ဆောင်ရွက်ချက်များသည် အပြီးအပြတ် အတည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားသည်။ သို့ဖြစ်၍ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ အရေအတွက်အတိုင်း ဖွဲ့စည်းရန်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဥပဒေနှင့်အညီ မဲဆန္ဒနယ်များ သတ်မှတ်ပြီး လွှတ်တော်ရွေးကောက်ပွဲများကို အချိုးကျကိုယ်စားပြုစနစ် (PR)အသုံးပြု၍ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်မှုမရှိဘဲ ကျင်းပဆောင်ရွက်နိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သုံးရပ်လုံးကို PR စနစ်ဖြင့် ရွေးကောက်ပွဲကျင်းပရန်အတွက် ကျယ်ဝန်းသော မဲဆန္ဒနယ်နှင့် ကိုယ်စားလှယ်အရေအတွက် သတ်မှတ်ရန် လိုအပ်မည်ဖြစ်သည်။ ပြည်သူ့လွှတ်တော် ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်နှင့်အညီ မြို့နယ်ကို အခြေခံ၍လည်းကောင်း၊ လူဦးရေကို အခြေခံ၍လည်းကောင်း ၃၃၀ ဦးထက်မပိုသော ကိုယ်စားလှယ်များ ရွေးကောက်တင်မြှောက်ရမည်ဖြစ်ရာ လူဦးရေကို အခြေခံတွက်ချက်ပါက တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ကိုယ်စားလှယ်ရရှိမှုများ ပြောင်းလဲပြီး လူဦးရေနည်းသည့် ပြည်နယ်များအတွက် ကိုယ်စားလှယ်အရေအတွက် များစွာလျော့နည်းနိုင်သဖြင့် ယခင်နည်းတူ မြို့နယ်ကိုသာ အခြေခံတွက်ချက်မည်ဖြစ်သည်။ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်များကို တိုင်းဒေသကြီး၊ ပြည်နယ်များအတွင်းရှိ ခရိုင်/ မြို့နယ်များကို လိုအပ်သလို စုစည်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က သတ်မှတ်ပါမည်။

အလားတူ အမျိုးသားလွှတ်တော်မဲဆန္ဒနယ်များ သတ်မှတ်ရာတွင် တိုင်းဒေသကြီး/ ပြည်နယ် တစ်ခုစီအတွက် ကိုယ်စားလှယ် ၁၂ ဦးကျစီ ရွေးကောက်တင်မြှောက်နိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က မဲဆန္ဒနယ်များ လိုအပ်သလို ပိုင်းခြားသတ်မှတ်နိုင်ပါသည်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်သတ်မှတ်ရာတွင်မူ မြို့နယ်တစ်မြို့နယ်လျှင် ကိုယ်စားလှယ်နှစ်ဦးကျစီ ရွေးကောက်တင်မြှောက်ရမည်ဖြစ်၍ တစ်မြို့နယ်လျှင် မဲဆန္ဒနယ်တစ်နယ် သတ်မှတ်ဆောင်ရွက်နိုင်ပါသည်။

သို့ရာတွင် အမျိုးသားလွှတ်တော်ဖွဲ့စည်းရာတွင် ပါရှိသည့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ဒေသတစ်ခုစီမှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးစီ ရွေးကောက်တင်မြှောက် ခြင်းနှင့် တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော် ဖွဲ့စည်းရာတွင်ပါရှိသော သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် သတ်မှတ်ချက်နှင့်အညီ ရရှိမည့် တိုင်းရင်းသားလွှတ်တော်ကိုယ်စားလှယ်များကိုမူ တစ်ဦးစီသာ ရွေးကောက်တင်မြှောက်ရမည်ဖြစ်သဖြင့် FPTP စနစ်ဖြင့်သာ ရွေးကောက်ပွဲကျင်းပပြုလုပ် မည်ဖြစ်ပါသည်။

**အချိုးကျကိုယ်စားပြုစနစ် (Closed List) ဖြင့် ရွေးကောက်ပွဲကျင်းပခြင်းနှင့် ရလဒ်ထုတ်ပြန်ခြင်း**

အချိုးကျကိုယ်စားပြုစနစ် (Closed List) ဖြင့် ကျင်းပသည့် အထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် နိုင်ငံရေးပါတီများသည် သက်ဆိုင်ရာလွှတ်တော် မဲဆန္ဒနယ်အလိုက် ရွေးကောက်တင်မြှောက်ခံမည့် ကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်းကို ဦးစားပေးအစီအစဉ်အတိုင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တင်ပြရမည်ဖြစ်ပြီး ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းလွှာများကို သတ်မှတ်ချက်နှင့်အညီ စိစစ်ခြင်းနှင့် ကိုယ်စားလှယ်လောင်းအမည်စာရင်း ကြေညာခြင်းများ ဆောင်ရွက်ရသည်။ PR – Closed List စနစ်သည် ပါတီကိုသာ မဲပေးရခြင်း ဖြစ်၍ ရွေးကောက်တင်မြှောက်ခံမည့် ကိုယ်စားလှယ်လောင်းများကို အများပြည်သူ လေ့လာ သိရှိနိုင်ရန်အတွက် မဲဆွယ်စည်းရုံးရေးကာလအတွင်း မဲဆန္ဒနယ်အလိုက် ကိုယ်စားလှယ်လောင်းစာရင်းကို ဗီနိုင်း၊ ပိုစတာစသည်များဖြင့် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ကပ်ထားခွင့် ရရှိမည်ဖြစ်သည်။ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များအတိုင်း ဆောင်ရွက်ပြီးပါက မဲဆန္ဒနယ်ပြင်ပနှင့် မဲဆန္ဒနယ် အတွင်း ကြိုတင်မဲပေးခြင်း၊ ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် မဲရုံများ၌ မဲပေးခြင်းနှင့် မဲရေတွက်ခြင်းများ ဆောင်ရွက်ပြီးနောက် ရလဒ်စာရင်းဇယားများကို မဲရုံမှူးများနှင့် ကော်မရှင်အဖွဲ့ခွဲများက သတ်မှတ်ပုံစံအတိုင်း ရေတွက်ဖြည့်သွင်းပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့ရသည်။ တိုင်းဒေသကြီး/ ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများအနေဖြင့် PR မဲဆန္ဒနယ်များအလိုက် ရလဒ်များကို စုစည်းပြီး နိုင်ငံရေးပါတီများနှင့် တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်များ ရရှိသည့် ခိုင်လုံမဲအရေအတွက်ကို တွက်ချက်ခြင်း၊ ခိုင်လုံမဲစုစုပေါင်းကို ကိုယ်စားလှယ်အရေအတွက်ဖြင့် စားခြင်းဖြင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအတွက် အနည်းဆုံးရရှိရမည့် အခြေခံမဲ (Threshold) တွက်ချက်သတ်မှတ်ခြင်းများ ဆောင်ရွက်ရသည်။ ၎င်းနောက် သက်ဆိုင်ရာ မဲဆန္ဒနယ်အလိုက် ရွေးကောက်တင်မြှောက်ရမည့် ကိုယ်စားလှယ်ဦးရေ ပြည့်မီသည်အထိ ကြွင်းကျန် မဲအများဆုံးစနစ် (Largest Remainder Formula) ဖြင့် တွက်ချက်ခြင်းနှင့် ရလဒ်ထုတ်ပြန်ခြင်းတို့ကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများက ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်သည်။

**အချိုးကျကိုယ်စားပြုစနစ်(PR)၏ အားသာချက်များနှင့် တိုင်းရင်းသားများအတွက် အခွင့်အလမ်းများ**

အချိုးကျကိုယ်စားပြုစနစ်(PR)၏ အဓိကအားသာချက်မှာ မဲဆန္ဒရှင်ပြည်သူများကပေးသော ဆန္ဒမဲများ အဟောသိကံ၊ အလဟဿဖြစ်မှု အလွန်နည်းပါးခြင်း ဖြစ်သည့်အပြင် အောက်ပါ အားသာချက်များရှိသည် –

(က) ကိုယ်စားပြုမှုကို အချိုးကျသတ်မှတ်ခြင်းဖြစ်၍ အချိုးအစားကျနသော ဥပဒေပြု လွှတ်တော်ကို ပုံဖော်နိုင်ပြီး ပါတီစုံစနစ် (Multi–party System) ကို ပေါ်လွင်အားကောင်းစေခြင်း၊

(ခ) လွှတ်တော်အတွင်း ပါတီကြီးများ၏ လက်ဝါးကြီးအုပ်မှုကို ကန့်သတ်ပေးခြင်းနှင့် ပါတီကြီးတစ်ခု၏ မူဝါဒနှင့် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်မှုများကို အပြန်အလှန် ထိန်းကျောင်းနိုင်ခြင်း၊

(ဂ) လူနည်းစုများ၏ ဆန္ဒသဘောထားကို ဖော်ထုတ်နိုင်ပြီး ပါတီငယ်များအနေဖြင့် ပါတီကြီးများကဲ့သို့ ကိုယ်စားလှယ်နေရာရရှိနိုင်ပြီး ပါတီတစ်ခုတည်း၏ ကြီးစိုးလွှမ်းမိုးမှုကို လျှော့ချနိုင်ခြင်း၊

(ဃ) မဲဆန္ဒနယ်အလိုက် ရွေးကောက်ခံရသော ပါတီစုံမှ ကိုယ်စားလှယ်များသည် မဲဆန္ဒနယ်တစ်ခုလုံး၏ ကိုယ်စားလှယ်ဖြစ်ပြီး မဲဆန္ဒနယ်အတွင်းရှိ ပြည်သူလူထုအားလုံးကို ကိုယ်စားပြုသဖြင့် ကိုယ်စားလှယ်အချင်းချင်း၊ ပါတီအချင်းချင်း ပြည်သူလူထုထောက်ခံမှုရရှိရေး အပြိုင်ကြိုးစားစေသည့် အားသာချက်ရှိခြင်း၊

(င) စာရင်းပိတ်အချိုးကျကိုယ်စားပြုစနစ် အသုံးပြုခြင်းဖြင့် လူပုဂ္ဂိုလ်ထက် ပါတီ ဦးဆောင်မှုမြင့်မားစေပြီး ပါတီများ၏ မူဝါဒလမ်းစဉ်များ ပိုမိုတည်တံ့ခိုင်မြဲစေခြင်း၊

(စ) မဲဆန္ဒရှင်များအနေဖြင့် မဲရုံများသို့ သွားရောက်မဲပေးခြင်းသည် တန်ဖိုးရှိသည်ဟူသော အမြင်နှင့် ယုံကြည်မှု မြင့်မားလာပြီး မဲပေးမှုရာခိုင်နှုန်း (Voter Turn Out) ကောင်းလာစေခြင်း၊

(ဆ) ပါတီစုံနှင့် လူတန်းစားစုံ၊ အလွှာစုံမှ ကိုယ်စားလှယ်များပါဝင်လာခြင်းဖြင့် စွမ်းဆောင်ရည် မြင့်မားသော အစိုးရတစ်ရပ် ဖွဲ့စည်းဖော်ဆောင်နိုင်ခြင်းတို့ဖြစ်သည်။

အလားတူ အချိုးကျကိုယ်စားပြုစနစ် (PR) ကျင့်သုံးခြင်းဖြင့် တိုင်းရင်းသားပါတီများ၊ လူနည်းစုများနှင့် ပါတီငယ်များအတွက် အောက်ပါအခွင့်အလမ်းများနှင့် အားသာချက်များ ရရှိနိုင်ပါသည် –

(က) တိုင်းရင်းသားပါတီများနှင့် လူနည်းစုပါတီများအနေဖြင့် ကိုယ်စားလှယ်နေရာ ပိုမို ရရှိပြီး ဥပဒေပြုလွှတ်တော်၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးကဏ္ဍများတွင် ပိုမိုပါဝင်ခွင့်ရရှိခြင်း၊

(ခ) တိုင်းရင်းသားပါတီများအနေဖြင့် ပြည်ထောင်စုလွှတ်တော်နှင့် ပြည်နယ်လွှတ်တော်များတွင် ပိုမိုပါဝင်ခွင့်ရရှိပြီး မိမိတိုင်းရင်းသားမျိုးနွယ်စု၏ အကျိုးကို ပိုမိုဖန်တီး ဖော်ဆောင်နိုင်ခြင်း၊

(ဂ) လွှတ်တော်အတွင်း ပါတီစုံ၊ တိုင်းရင်းသားလူမျိုးစုံ ကိုယ်စားလှယ်များနှင့် အမျိုးသမီးကိုယ်စားလှယ်များ စုံညီမျှတစွာ အချိုးကျကိုယ်စားပြုခွင့် ရရှိခြင်းဖြင့် နိုင်ငံတော်က ဦးတည်ဆောင်ရွက်လျက်ရှိသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်ကို အခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းရေး အထောက်အကူဖြစ်ခြင်းတို့ ဖြစ်ပါသည်။

**နိဂုံး**

မြန်မာနိုင်ငံ ရွေးကောက်ပွဲသမိုင်းနှင့် ဖြစ်စဉ်များကို လေ့လာသုံးသပ်ပြီး အနာဂတ် ရွေးကောက်ပွဲများ ကျင်းပရာ၌ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကို ပိုမိုဖော်ဆောင်နိုင်မည့် အချိုးကျကိုယ်စားပြုစနစ် (PR) ကို ကျင့်သုံးရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။ အချိုးကျကိုယ်စားပြုစနစ် (PR) ကျင့်သုံးခြင်းဖြင့် တစ်ပါတီကြီးစိုးမှု လျှော့ချနိုင်ပြီး ပါတီစုံစနစ် ခိုင်မာအားကောင်းခြင်း၊ တိုင်းရင်းသားလူမျိုးစုပါတီများနှင့် ပါတီငယ်များ ဥပဒေပြု လွှတ်တော်နှင့် အုပ်ချုပ်ရေးကဏ္ဍများတွင် ပါဝင်ခွင့်ရပြီး မိမိဒေသဖွံ့ဖြိုးရေး ဆောင်ရွက်နိုင်ခြင်းမှ တစ်ဆင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးရရှိနိုင်ခြင်း အစရှိသည့် အကျိုးရလဒ်များ ရရှိမည်ဖြစ်သည်။

**နိုင်ငံတော်သည် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးသည်** ဖြစ်ရာ ဒီမိုကရေစီ၏ အခြေခံဖြစ်သည့် ရွေးကောက်ပွဲများကို အကြားအလပ်မရှိ ကျင်းပနိုင်ရပါမည်။ လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲကျင်းပနိုင်ရေးအတွက် အခြေခံလိုအပ်ချက်မှာ မဲဆန္ဒနယ်များ၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးရှိရန်ဖြစ်သည်။ သို့ဖြစ်ရာ ရွေးကောက်ပွဲများ အောင်မြင်စွာ ကျင်းပပြီး နိုင်ငံတော်က မျှော်မှန်းသည့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်နိုင်ရေး ပြည်သူတစ်ရပ်လုံးက ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၆-၈-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၃၆၅ | ၂၄၁၀ | ၂၄၀၅ | ၂၃၇၅ | ၂၄၁၀ | ၂၄၃၅ | ၂၄၂၀ | ၂၄၀၀ | ၂၄၉၀ | ၂၅၀၅ | ၂၄၀၅ | ၂၄၁၀ | ၂၄၄၅ | ၂၄၅၀ | ၂၄၅၀ | ၂၆၇၀ | ၂၉၇၅ |
| 95 Ron | ၂၄၄၅ | ၂၄၉၅ | ၂၄၉၀ | ၂၄၅၅ | ၂၄၉၀ | ၂၅၁၅ | ၂၅၀၀ | ၂၄၈၀ | ၂၅၇၀ | ၂၅၈၅ | ၂၄၈၅ | ၂၅၀၀ | ၂၅၂၅ | ၂၅၃၀ | ၂၅၃၀ | ၂၇၅၀ | ၃၀၄၅ |
| HSD (500 ppm) | ၂၇၀၀ | ၂၇၅၀ | ၂၇၄၅ | ၂၇၁၀ | ၂၇၄၅ | ၂၇၇၀ | ၂၇၆၅ | ၂၇၃၅ | ၂၈၄၅ | ၂၈၄၀ | ၂၇၄၀ | ၂၇၄၅ | ၂၇၈၀ | ၂၇၈၅ | ၂၇၈၅ | ၃၀၀၅ | ၃၄၂၀ |
| HSD (50 ppm) | ၂၇၈၀ | ၂၈၂၅ | ၂၈၂၀ | ၂၇၈၅ | ၂၈၂၀ | ၂၈၄၅ | ၂၈၄၀ | ၂၈၁၀ | ၂၉၂၅ | ၂၉၂၀ | ၂၈၁၅ | ၂၈၂၅ | ၂၈၆၀ | ၂၈၆၀ | ၂၈၆၀ | ၃၀၈၀ | ၃၄၅၅ |
| HSD (10 ppm) | ၂၇၈၀ | ၂၈၂၅ | ၂၈၂၀ | ၂၇၈၅ | ၂၈၂၀ | ၂၈၄၅ | ၂၈၄၀ | ၂၈၁၀ | ၂၉၂၅ | ၂၉၂၀ | ၂၈၁၅ | ၂၈၂၅ | ၂၈၆၀ | ၂၈၆၀ | ၂၈၆၀ | ၃၀၈၀ | ၃၄၅၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၂၅၇ | ၂၃၃၆ |
| 95 Ron | ၂၃၃၅ | ၂၄၁၅ |
| HSD (500 ppm) | ၂၅၈၂ | ၂၆၆၃ |
| HSD (50 ppm) | ၂၆၅၆ | ၂၇၃၉ |
| HSD (10 ppm) | ၂၆၅၆ | ၂၇၃၉ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## သီပေါမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်

**သီပေါ ဩဂုတ် ၁၅**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌဖလား မြို့နယ်ကိုယ်စားပြု လက်ရွေးစင်အားကစားသမားများ ရွေးချယ်ရေးအခြေခံပညာကျောင်းများမှ အသက် ၁၆ နှစ်အောက် အမျိုးသား အမျိုးသမီး ဘောလုံးပြိုင်ပွဲ၊ ဆုချီးမြှင့်ပေးအပ်ပွဲကို ဩဂုတ် ၁၃ ရက် ညနေပိုင်းက အားကစားနှင့် ကာယပညာဦးစီးဌာန ဒုဋ္ဌဝတီပြည်သူ့အားကစားကွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် အမျိုးသမီး ဘောလုံးပြိုင်ပွဲ၌ ပထမဆုရရှိသော အထက (၁)၊ သီပေါအသင်းနှင့် ဒုတိယဆုရရှိသော အထက (ကုန်းသာ) အသင်း၊ အမျိုးသား ဘောလုံးပြိုင်ပွဲတွင် ပထမဆုရရှိသော အထက (၃) သီပေါ၊ ဒုတိယဆုရရှိသော အထက (ကုန်းသာ) နှင့် တတိယဆုရရှိ သော အထက (၁) သီပေါအသင်းတို့ကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်စိုးဝင်းနှင့် အဖွဲ့ဝင်တို့က တစ်ဦးချင်းဆွဲပြားဆု၊ ငွေသားဆုနှင့် ဆုဖလား ပေးအပ်ချီးမြှင့်ပြီး**(အောက်ပုံ)** အမျိုးသား အမျိုးသမီး အကောင်းဆုံး ဂိုးသမားဆု၊ နောက်တန်း အားကစားသမားဆု၊ အလယ်တန်း အားကစားသမားဆု၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံး အားကစားသမားဆုများကို မြို့နယ် အားကစားမှူး ဒေါ်သန်းရွှေမာနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ပေးအပ်ကြသည်။

**စိုင်း(သီပေါ)**




## အုတ်တွင်းမြို့နယ်၌ ဆန်တစ်ပြည်လျှင် ငွေကျပ် ၁၆၀၀ နှုန်းဖြင့် လိုက်လံရောင်းချပေး

**အုတ်တွင်း ဩဂုတ် ၁၅**

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် စားသုံးသူရေးရာ ဦးစီးဌာနတို့ပူးပေါင်း၍ စားသုံးသူပြည်သူများ စားဝတ်နေရေး အဆင်ပြေစေရန် ရည်ရွယ်၍ ဆန်တစ်ပြည်လျှင် ငွေကျပ် ၁၆၀၀ နှုန်းဖြင့် ယနေ့နံနက်ပိုင်းတွင် အုတ်တွင်း မြို့ပေါ်ရပ်ကွက်များ အတွင်းသို့ ရွှေ့လျားစနစ်ဖြင့် လိုက်လံ ရောင်းချပေးလျက်ရှိသည်။ (ယာပုံ)

အဆိုပါ ဆန်ရောင်းချရာ၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီနှင့်အဖွဲ့ဝင်များ၊ မြို့နယ် စားသုံးသူရေးရာ ဦးစီးဌာနနှင့် ဆန်ကုန်သည်ကြီးများအသင်းတို့ ပူးပေါင်း၍ မြို့ပေါ်ရပ်ကွက်အတွင်းရှိ အခြေခံလူတန်းစားများအတွက် ရည်ရွယ်ကာ ရွှေ့လျားစနစ်ဖြင့် ဈေးနှုန်းချိုသာစွာ လိုက်လံ ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**ခင်ခင်မာ(ပြန်/ဆက်)**




## မိုးသက်လေပြင်းတိုက်ခတ်၍ နေအိမ်လေးလုံး ပြိုကျပျက်စီးခဲ့ရသော လေဘေးသင့်အိမ်ထောင်စုအား ထောက်ပံ့ငွေနှင့်ပစ္စည်းများပေးအပ်

**သာပေါင်း ဩဂုတ် ၁၅**

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ် ကမ္ဘဲ့ညောင်ကုန်းကျေးရွာအုပ်စု စက်ဒေါင့်ကြီးကျေးရွာတွင် ဩဂုတ် ၇ ရက်က မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်ပြိုတစ်လုံး၊ မဲဇလီကွင်းပေါက်ကျေးရွာအုပ်စု အနောက်အုပ်စုကျေးရွာတွင် ဩဂုတ် ၉ ရက် နံနက်ပိုင်းက မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် ဦးစောလွင် နေအိမ် ပြိုကျပျက်စီးခဲ့ရပြီး စစ်ပင်ကြီးကျေးရွာအုပ်စု စစ်ပင်ကြီးကျေးရွာတွင် ဩဂုတ် ၁၃ ရက် နံနက်ပိုင်းက မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် ဦးတင်သိန်းမိသားစုနှင့် ဦးမြတ်မင်း မိသားစုနေအိမ်တို့ ပြိုကျပျက်စီးခဲ့ရခြင်းကို ယနေ့နံနက် ၁၀ နာရီခွဲက မြို့နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု ဦးစီးဌာနက လေဘေးသင့် မိသားစုများအတွက် သက်ဆိုင်ရာအုပ်ချုပ်ရေးမှူးတို့ လက်ဝယ်အရောက် ထောက်ပံ့ပေးသည်။

ထိုသို့ မိုးသက်လေပြင်းတိုက်ခတ်၍ နေအိမ်ပြိုကျပျက်စီးဆုံးရှုံးခဲ့ရသည့် မိသားစုများအား မြို့နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု ဦးစီးဌာနမှ ကမ္ဘဲ့ညောင်ကုန်းကျေးရွာအုပ်စု စက်ဒေါင့်ကြီးကျေးရွာတွင် ဦးဖြိုးဇင်အောင် နေအိမ်ပြို ထောက်ပံ့ငွေကျပ် ၁၀၀၀၀၀၊ မိသားစုသုံးဦးအတွက် ဆန်ရိက္ခာ ထောက်ပံ့ငွေကျပ် ၆၃၀၀၊ ကျောင်းသူ ကျောင်းဝတ်စုံ တစ်စုံအတွက် ငွေကျပ် ၁၅၀၀၊ ဦးစောလွင် အတွက် နေအိမ်ပြို ထောက်ပံ့ငွေကျပ် ၁၀၀၀၀၀၊ ဆန်ရိက္ခာထောက်ပံ့ငွေကျပ် ၂၁၀၀ စုစုပေါင်း ၁၀၂၁၀၀ နှင့် ကယ်ဆယ်ရေးပစ္စည်း ၁၆ မျိုးပါတစ်ပုံး၊ ဦးတင်သိန်း မိသားစုသုံးဦးအတွက် နေအိမ်ပြို ထောက်ပံ့ငွေကျပ် ၁၀၀၀၀၀၊ ဆန်ရိက္ခာတစ်ပတ်စာ ငွေကျပ် ၆၃၀၀ နှင့် ကယ်ဆယ်ရေးပစ္စည်း ၁၆ မျိုးပါတစ်ပုံး၊ ဦးမြတ်မင်းမိသားစုလေးဦးအတွက် နေအိမ်ပြိုထောက်ပံ့ငွေကျပ် ၁၀၀၀၀၀၊ ဆန်ရိက္ခာတစ်ပတ်စာ ငွေကျပ် ၈၄၀၀ နှင့် ကယ်ဆယ်ရေးပစ္စည်း ၁၆ မျိုးပါတစ်ပုံးတို့ကို သက်ဆိုင်ရာကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။

**မျိုးဇော်သိန်း(ပြန်/ဆက်)**

## လာအိုနိုင်ငံမြောက်ပိုင်းရှိ နေရာအနှံ့အပြား၌ လူထောင်ချီ ရေဘေးသင့်

**ဗီယင်ကျန်း ဩဂုတ် ၁၅**



လာအိုနိုင်ငံ၌ ရေကြီးမှုကြောင့် ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်နေသည်ကို တွေ့ရစဉ်။

လာအိုနိုင်ငံ မြောက်ပိုင်းဒေသများတွင် ရက်အတန်ကြာ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြစ်ရေကြီးမှုဖြစ်ပွားရာ ဒေသခံထောင်နှင့်ချီ၍ ရေဘေးသင့်ခဲ့ကြောင်း သိရသည်။

ခရိုင် ၁၀ ခုထက်မနည်း ရေကြီးမှုဖြစ်ပွားခဲ့ပြီး ဆာရာဘိုရီ၊ ဟူပင်၊ လွမ်ပရာဘန်နှင့် ဗီယင်ကျန်း ပြည်နယ်တို့တွင်လည်း ရေကြီးမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အချို့နေရာများတွင် လမ်းများ ရေလျှံကာ ရေနှင့် လျှပ်စစ်မီးများ ပြတ်တောက်ခဲ့ကြောင်း လာအို ပြန်ကြားရေး၊ ယဉ်ကျေးမှုနှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ သိရသည်။

ဟောင်းမြစ်တွင် ရေများလျှံတက်ကာ မြစ်ကမ်းစပ်ရှိ ကျေးရွာများနှင့် အိမ်များ တစ်စိတ်တစ်ပိုင်း နစ်မြုပ်သွားပြီးနောက် ဩဂုတ် ၁၂ ရက်တွင် ပြည်နယ်အာဏာပိုင်များက အရေးပေါ်အခြေအနေအဖြစ် ကြေညာခဲ့သည်။ ခရိုင်ငါးခုရှိ ကျေးရွာ ၁၀ ရွာကျော်မှာ ရေဘေးသင့်ခဲ့ကြောင်း သိရသည်။

ကယ်ဆယ်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်ရန် တပ်မတော်သား ၆၀၀ ခန့်ကို ဆင့်ခေါ်ထားကြောင်း ပြည်နယ်ဒုတိယ အုပ်ချုပ်ရေးမှူး ပက်သီရေး ဆွန်ဗီလေးက မီဒီယာများသို့ ပြောကြားခဲ့သည်။

လက်ရှိတွင် ရေဘေးသင့်ဒေသများရှိ ပြည်သူအများအပြားသည် အမိုးအကာ၊ အစားအစာနှင့် သောက်ရေများ လိုအပ်နေကြောင်း မီဒီယာများက ထုတ်ပြန်ထားသည်။

ဆင်ဟွာ

## အီကွေဒေါနိုင်ငံ၌ တောင်တက်သမားများ၏ အလောင်းများ ပြန်လည်တွေ့ရှိ

**ကွီတို ဩဂုတ် ၁၅**

ကာရီဟွာရေဇို မီးတောင်ထိပ်ပေါ်သို့ရောက်ရှိရန် ကြိုးပမ်းစဉ် သေဆုံးခဲ့သည့် တောင်တက်သမားသုံးဦး၏ ရုပ်အလောင်းများကို အီကွေဒေါ မီးသတ်တပ်ဖွဲ့က ဩဂုတ် ၁၄ ရက်တွင် ပြန်လည်တွေ့ရှိခဲ့ကြောင်း ကယ်ဆယ်ရေးဝန်ဆောင်မှုများက ပြောကြားသည်။

တောင်တက်သမားများသည် ကာရီဟွာရာဇိုတောင်၏ မီတာ ၅၀၂၀ သို့ တက်ရောက်နေစဉ် မီတာ ၆၀ အရှည် အက်ကြောင်းထဲသို့ ပြုတ်ကျသွားကြောင်း သိရသည်။ သေဆုံးသွားသူများမှာ အသက် ၄၇ နှစ် အရွယ်အမျိုးသမီးတစ်ဦး အပါအဝင် အသက် ၄၅ နှစ်မှ ၅၀ ကြားရှိသည့် အမျိုးသားနှစ်ဦးတို့ဖြစ်ကြောင်း လုံခြုံရေးဝန်ဆောင်မှု အဖွဲ့တစ်ဖွဲ့က ပြောကြားသည်။ အခင်းဖြစ်ပွားရာနေရာတွင် ဒဏ်ရာရရှိသူ ၁၂ ဦးရှိပြီး ၎င်းတို့အား ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက် ပြီး ဆေးရုံသို့ပို့ဆောင်ပေးထားကြောင်း သိရသည်။

ရာသီဥတုအခြေအနေနှင့် ညအချိန်မိုးချုပ်မှုတို့ကြောင့် ဩဂုတ် ၁၃ ရက်က သေဆုံးသူသုံးဦး၏ ခန္ဓာကိုယ်များကို ရှာဖွေနိုင်ခြင်း မရှိခဲ့ကြောင်း သိရသည်။

ဆင်ဟွာ

## ဖိလစ်ပိုင်နိုင်ငံသား သန်း ၂၀ နီးပါး ဆင်းရဲမွဲတေမှု သတ်မှတ်ချက်အောက် ရောက်ရှိနေ

**မနီလာ ဩဂုတ် ၁၅**

ဖိလစ်ပိုင်နိုင်ငံသား သန်း ၂၀ နီးပါးသည် ၂၀၂၁ ခုနှစ်တွင် အမျိုးသားဆင်းရဲမွဲတေမှု သတ်မှတ်ချက်မျဉ်းအောက်၌ ရောက်ရှိနေကြောင်း ဩဂုတ် ၁၄ ရက်က ထုတ်ပြန်သည့် အစိုးရစစ်တမ်းတစ်ခုက ဆိုသည်။ ၂၀၂၁ ခုနှစ်အတွင်း မိသားစုဝင်ငွေနှင့် အသုံးစရိတ်စစ်တမ်းကို ကိုးကား၍ ဖိလစ်ပိုင် စာရင်းအင်း အာဏာပိုင်အဖွဲ့ (ပီအက်စ်အေ) က လူဦးရေအကြား ဆင်းရဲမွဲတေမှု သို့မဟုတ် တစ်ဦးချင်းဝင်ငွေမှာ အခြေခံအစားအစာနှင့် အစားအစာ မဟုတ်သော လိုအပ်ချက်များကို လုံလောက်စွာ မဖြည့်ဆည်းနိုင်သည့် ဖိလစ်ပိုင်နိုင်ငံသားအချိုးသည် ၁၈ ဒသမ ၁ ရာခိုင်နှုန်းခန့်ရှိသည်ဟု ဆိုသည်။

ဖိလစ်ပိုင်နိုင်ငံ၏ လူဦးရေ သန်း ၁၁၀ ခန့်ရှိသည့်အနက် မိသားစုဝင်ငါးဦးအတွက် တစ်လလျှင် ပီဆို ၁၂၀၃၀ (အကြမ်းဖျင်းအားဖြင့် အမေရိကန်ဒေါ်လာ ၂၁၅ ဒသမ ၂၉ ခန့်)သာရှိသည့် ဆင်းရဲနွမ်းပါးမှု သတ်မှတ်ချက်အောက်၌ ရောက်ရှိနေသော ဖိလစ်ပိုင်နိုင်ငံသား ၁၉ ဒသမ ၉၉ သန်းခန့်ရှိကြောင်း ပီအက်စ်အေ၏ အကြီးအကဲ ဒင်းနစ် မာပါက ပြောကြားသည်။ မိသားစုဝင် ငါးဦးရှိသော မိသားစုတစ်စုသည် ၎င်းတို့၏ အခြေခံစားနပ်ရိက္ခာလိုအပ်ချက်များ ပြည့်မီရန်အတွက် တစ်လလျှင် အနည်းဆုံး ၈၃၇၉ ပီဆို (အမေရိကန်ဒေါ်လာ ၁၅၀ ခန့်) လိုအပ်သည်ဟု ခန့်မှန်းရကြောင်း၊ ၂၀၂၁ ခုနှစ်အတွင်း မိသားစုဝင်ငွေဖြင့် အခြေခံစားနပ်ရိက္ခာလိုအပ်ချက်များကိုပင် ဖြည့်ဆည်းရန် မလုံလောက်သည့် စားဝတ်နေရေးအကျပ်အတည်းကို ရင်ဆိုင်နေရသူအချိုးသည် ၅ ဒသမ ၉ ရာခိုင်နှုန်းအထိ အနည်းငယ်တိုးလာသည်ဟု ၎င်းကဆိုသည်။

ဆင်ဟွာ

## အာဖဂန်နစ္စတန်နိုင်ငံ၌ ရေကြီးရေလျှံမှုကြောင့် ၁၇ ဦးထက်မနည်း သေဆုံး

**ချရီကာ ဩဂုတ် ၁၅**

အာဖဂန်နစ္စတန်နိုင်ငံ ရှင်ဝရီခရိုင်နှင့် နိုင်ငံအရှေ့ပိုင်း ပါဝမ်ပြည်နယ်ရှိ ဒေသများတွင် မိုးသည်းထန်စွာ ရွာသွန်းပြီး ရေကြီးရေလျှံမှုကြောင့် ၁၇ ဦးထက်မနည်း သေဆုံးကြောင်း ခရိုင်အကြီးအကဲဖြစ်သူ မူလာခမ်း မိုဟာမက်က ဩဂုတ် ၁၅ ရက်တွင် ပြောသည်။

ထို့အပြင် အဆိုပါ ဒေသများမှ အိမ်ပေါင်းများစွာသည် ရုတ်တရက် ရေကြီးရေလျှံမှုကြောင့် ရေစီးနောက် မျောပါမှု ဖြစ်ပွားကြောင်းလည်း သိရသည်။

ဩဂုတ် ၁၄ ရက် ညနေပိုင်းတွင် မိုးသည်းထန်စွာ ရွာသွန်းပြီးနောက် ရေကြီးရေလျှံမှုဖြစ်ပွားကာ ရှင်ဝရီခရိုင်တွင် ၁၃ ဦး သေဆုံးပြီး ၎င်းနှင့် နယ်နိမိတ်ချင်းထိစပ်နေသည့် ဆီဂတ်ခရိုင်တွင် လေးဦး သေဆုံးကြောင်းနှင့် ရွာသားများစွာလည်း ပျောက်ဆုံးနေကြောင်း တာဝန်ရှိသူက ပြောသည်။



သို့သော်လည်း သေဆုံးသူနှင့် ထိခိုက်ပျက်စီးသည့် ပိုင်ဆိုင်မှုတိကျသည့် အရေအတွက်ကို ထုတ်ပြန်ထားခြင်း မရှိပေ။

အာဖဂန်နစ္စတန် နိုင်ငံတွင် ပြီးခဲ့သည့်လကလည်း မိုးသည်းထန်စွာရွာသွန်းပြီး ရုတ်တရက် ရေကြီးမှုကြောင့် လူပေါင်း ၂၀၀ ကျော် သေဆုံးပြီး အများအပြား ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဆင်ဟွာ

## ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်ခံရသူ ၃၄၈၄ ဦး စစ်ဆေးတွေ့ရှိ

**မနီလာ ဩဂုတ် ၁၅**

ဖိလစ်ပိုင်နိုင်ငံ၌ ဩဂုတ် ၁၅ ရက်တွင် ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်ခံရသူ ၃၄၈၄ ဦး စစ်ဆေးတွေ့ရှိသည့်အတွက် နိုင်ငံတစ်ဝန်း အဆိုပါရောဂါ ကူးစက်ခံရသူ စုစုပေါင်း ၃၈၃၅၄၂၂ ဦးအထိ ရှိလာပြီဖြစ်ကြောင်း သိရသည်။

ဖိလစ်ပိုင်နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ဆဲလူနာ ၃၈၉၈၂ ဦး ရှိကြောင်းနှင့် အဆိုပါရောဂါကြောင့် ထပ်မံသေဆုံးသူ ၄၂ ဦးရှိသည့်အတွက် ကိုဗစ်-၁၉ ရောဂါကြောင့် စုစုပေါင်း သေဆုံးသူ ၆၁၀၇၈ ဦးအထိ ရှိလာပြီဖြစ်သည်။

ဖိလစ်ပိုင်နိုင်ငံ၌ ဇန်နဝါရီ ၁၅ ရက် တစ်ရက်တည်းတွင် အမြင့်ဆုံးကူးစက်မှုအဖြစ် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၉၀၀၄ ဦးရှိကြောင်း သိရသည်။

လူဦးရေ သန်း ၁၁၀ ခန့်ရှိသော ဖိလစ်ပိုင်နိုင်ငံတွင် လူပေါင်း ၇၁ ဒသမ ၅ သန်းကျော် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအပြည့် ထိုးနှံပြီးဖြစ်ကြောင်း သိရသည်။

ဆင်ဟွာ

## အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါထပ်မံကူးစက်ခံရသူ ၁၄၉၁၇ ဦး စစ်ဆေးတွေ့ရှိ

**နယူးဒေလီ ဩဂုတ် ၁၅**

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်ခံရသူ ၁၄၉၁၇ ဦး စစ်ဆေးတွေ့ရှိသည့်အတွက် နိုင်ငံတစ်ဝန်း အဆိုပါ ရောဂါကူးစက်ခံရသူ စုစုပေါင်း ၄၄၂၆၈၃၈၁ ဦးအထိ ရှိလာပြီဖြစ်ကြောင်း ဩဂုတ် ၁၅ ရက်တွင် ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်သော အချက်အလက်အရ သိရသည်။

ထို့အပြင် အဆိုပါ ထပ်မံကူးစက်ခံရသူများကြောင့် အိန္ဒိယနိုင်ငံတွင် ပိုးတွေ့ဆဲ လူနာအရေအတွက် ၁၁၇၅၀၈ ဦး ရှိကြောင်းနှင့် အဆိုပါရောဂါကြောင့် ထပ်မံသေဆုံးသူ ၃၂ ဦးရှိသောကြောင့် စုစုပေါင်း သေဆုံးသူအရေအတွက် ၅၂၇၀၆၉ ဦးအထိ ရှိလာပြီဖြစ်ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ၌ လက်ရှိအချိန်အထိ ထပ်မံကျန်းမာရေးကောင်းမွန်လာသူ ၁၄၂၃၈ ဦးအပါအဝင် လူနာစုစုပေါင်း ၄၃၆၂၃၈၀၄ ဦး ရောဂါကင်းစင်၍ ကျန်းမာရေး ပြန်လည်ကောင်းမွန်လာပြီ ဖြစ်ကြောင်း သိရသည်။

ဆင်ဟွာ



# နိုင်ငံတကာရဲ့ အာရုံစိုက်မှုကိုရရှိနေတဲ့ ကမ္ဘာ့နိုင်ငံရေးဇာတ်ခုံပေါ်က အာဖဂန်နစ္စတန်နိုင်ငံရဲ့ အကျပ်အတည်း

ထွန်းကျော်



အာဖဂန်နစ္စတန်၌ စာသင်ကြားနေသည့် မိန်းကလေးငယ်များ။

၂၀၂၁ ခုနှစ် ဩဂုတ် ၁၅ ရက်မှာ တာလီဘန်တွေဟာ အာရှရက်ဖ်ဂါနီ အစိုးရကို ဖြုတ်ချလိုက်ပြီး နိုင်ငံ့အာဏာကို ရယူခဲ့ပါတယ်။ တစ်နှစ်ကြာပြီးနောက်မှာတော့ အာဖဂန်နစ္စတန်နိုင်ငံဟာ ကမ္ဘာက အာရုံစိုက်တဲ့ စိန်ခေါ်မှုပေါင်းများစွာနဲ့ ရင်ဆိုင်နေရပါတော့တယ်။

တာလီဘန်တွေဟာ မြို့တော်ကဘူးလ်ကို လွန်ခဲ့တဲ့နှစ် ဩဂုတ် ၁၅ ရက်မှာ သိမ်းပိုက်လိုက်တဲ့အတွက် ကမ္ဘာကြီးတောင် အံ့ဩသွားရပါတယ်။ သမ္မတဟောင်း အာရှရက်ဖ်ဂါနီရဲ့တပ်ဖွဲ့တွေဟာ နည်းနည်းလေးတောင် မခုခံနိုင်ခဲ့ပါဘူး။ အမေရိကန်က အာဖဂန်နစ္စတန်မှာ တာလီဘန်တို့ရဲ့အုပ်စိုးမှုကို ၂၀၀၁ ခုနှစ်က စစ်ဆင်ရေးနဲ့ အဆုံးသတ်လိုက်ပြီးနောက် ပထမဆုံးအနေဖြင့် အစ္စလာမ္မစ်အခြေခံဝါဒတွေ ကိန်းအောင်းနေတဲ့အဖွဲ့ဟာ နောက်ဆုံးမှာတော့ အာဏာကို ပြန်လည်ရယူနိုင်ခဲ့ပါတယ်။

၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလမှာ တာလီဘန်နဲ့ ဝါရှင်တန်တို့ရဲ့ သဘောတူညီချက်အဖြစ် ၂၀၂၁ ခုနှစ် မေလမှာ စစ်ပွဲဒဏ်ခံစားနေရတဲ့ အာဖဂန်နစ္စတန်နိုင်ငံမှ နေတိုးတပ်ဖွဲ့တွေ စတင်ဆုတ်ခွာခဲ့တဲ့အတွက် ဂါနီအစိုးရပြုတ်ကျသွားခြင်းဖြစ်တယ်လို့ ကျွမ်းကျင်သူတွေက ပြောကြားခဲ့ပါတယ်။ လူနည်းစုကတော့ အာဖဂန်နစ္စတန်နိုင်ငံဟာ စစ်သွေးကြွတွေလက်ထဲ လျင်လျင်မြန်မြန် သက်ဆင်းသွားမယ်လို့ ခန့်မှန်းခဲ့ပါတယ်။

**သာမန်ပြည်သူတွေရဲ့ ဘဝ အဆိုးဆုံးအခြေအနေကို ရောက်ရှိ**

တာလီဘန်တွေ အာဏာပြန်လည်ရယူခဲ့ခြင်းရဲ့ ပထဝီနိုင်ငံရေးသက်ရောက်မှုအပြင် သာမန်အာဖဂန်ပြည်သူတွေရဲ့ ဘဝတွေဟာ လွန်ခဲ့တဲ့နှစ်ကတည်းက ကြောက်မက်ဖွယ်ကောင်းအောင် ပြောင်းလဲသွားခဲ့ပါတယ်။ အများစုကတော့ အဆိုးဆုံးအခြေအနေကိုရောက်ရှိသွားကြပါတယ်။

အာဖဂန်နစ္စတန်မှာ ၂၀၀၁ ခုနှစ်မှာ တာလီဘန်အစိုးရ ပြုတ်ကျပြီးနောက် အမေရိကန် ကျောထောက်နောက်ခံပြု အစိုးရအပေါ် ဝေဖန်မှုများရှိခဲ့သော်လည်း ဆယ်စုနှစ် နှစ်ခုအတွင်းမှာ အာဖဂန်နစ္စတန်နိုင်ငံရဲ့ ကဏ္ဍအတော်များများမှာ တိုးတက်မှုတွေရှိခဲ့ပါတယ်။

**"အာဏာရယူပြီးကတည်းက တာလီဘန်တွေဟာ သူတို့ကို အာဖဂန်နစ္စတန် နိုင်ငံရဲ့ တရားဝင်အုပ်ချုပ်သူတွေအဖြစ် အသိအမှတ်ပြုဖို့ နိုင်ငံတကာအသိုင်းအဝိုင်းကို ဖိအားတွေပေးနေခဲ့ပါတယ်။ နိုင်ငံတကာအသိအမှတ်ပြုမှုဟာ တာလီဘန်တွေအတွက် စီးပွားရေးပြိုလဲမှုကို ရှောင်ရှားဖို့ အရေးကြီးတဲ့ အချက်ဖြစ်ပါတယ်"**

လွတ်လပ်တဲ့ သတင်းမီဒီယာတွေလည်း အရင်သမ္မတ ဟာမစ်ကာဆိုင်းနဲ့ အာရှရက်ဖ်ဂါနီတို့ လက်ထက်မှာ အတော်လေး တိုးတက်လာခဲ့ပါတယ်။ ထို့အတူ လူ့အခွင့်အရေးအခြေအနေတွေလည်း တိုးတက်ကောင်းမွန်လာခဲ့ပါတယ်။ ကျောင်းတွေ၊ တက္ကသိုလ်တွေတက်တဲ့ မိန်းကလေးတွေလည်း တိုးတက်များပြားလာခဲ့ပါတယ်။ အာဖဂန်နစ္စတန်နိုင်ငံရဲ့ အလယ်အလတ်တန်းစားအလွှာလည်း ဟိုးအရင် အလားတူကာလထက် ပိုပြီးပြည့်စုံလာခဲ့ပါတယ်။

**ကတိကဝတ်တွေ အကောင်အထည်မဖော်နိုင်**

လွန်ခဲ့တဲ့ ၁၂ လမှာတော့ ဒီအခြေအနေတွေဟာ ပြောင်းပြန်အခြေအနေတွေဖြစ်သွားခဲ့ပါတယ်။ တာလီဘန်တွေဟာ ၂၀၂၀ ဒိုဟာ သဘောတူညီချက်မှာပေးထားတဲ့ ကတိကဝတ်တွေကို ပြည့်ဝစွာ အကောင်အထည်မဖော်နိုင်ခဲ့ပါဘူး။ သူတို့ဟာ နိုင်ငံတွင်းမှာ အားလုံးပါဝင်တဲ့ အစိုးရတစ်ရပ်ဖွဲ့စည်းမယ်ဆိုတဲ့ အချက်ကို မျက်ကွယ်ပြုပြီး ပေါ့ပေါ့ဆဆနေခဲ့ပါတယ်။

အခုဆိုရင်တော့ အာဖဂန်နစ္စတန်နိုင်ငံမှာ မိန်းကလေးတွေ ခြောက်တန်းကျော်သွားပြီဆိုရင်ကို ကျောင်းဆက်တက်လို့မရတော့ပါဘူး။ ထို့အတူ အမျိုးသမီးတွေကိုလည်း ကဏ္ဍအများစုမှာ အလုပ်လုပ်ခွင့် မပေးတော့ပါဘူး။ သတ်မှတ်ထားတဲ့ရက်တွေမှာပဲ အများပြည်သူအပန်းဖြေ ဥယျာဉ်တွေကို သွားရောက်ခွင့်ရှိပါတယ်။

အာဖဂန်နစ္စတန်နိုင်ငံရဲ့ စီးပွားရေးဟာ အခုဆိုရင် အဆီးအတားမရှိ လက်လွှတ် ခြေလွှတ် ကျဆင်းလျက်ရှိပါတယ်။ ကုလသမဂ္ဂကတော့ လူသားချင်းဆိုင်ရာ ဘေးဒုက္ခအကျပ်အတည်းတွေအတွက် သတိပေးထားပါတယ်။

အာဏာရယူပြီးကတည်းက တာလီဘန်တွေဟာ သူတို့ကို အာဖဂန်နစ္စတန်နိုင်ငံရဲ့ တရားဝင်အုပ်ချုပ်သူတွေအဖြစ် အသိအမှတ်ပြုဖို့ နိုင်ငံတကာအသိုင်းအဝိုင်းကို ဖိအားတွေပေးနေခဲ့ပါတယ်။ နိုင်ငံတကာအသိအမှတ်ပြုမှုဟာ တာလီဘန်တွေအတွက် စီးပွားရေးပြိုလဲမှုကို ရှောင်ရှားဖို့ အရေးကြီးတဲ့ အချက်ဖြစ်ပါတယ်။

**သန်းပေါင်းများစွာ အလုပ်လက်မဲ့ဖြစ်**

အာဖဂန်ပြည်သူ သန်းပေါင်းများစွာဟာ အလုပ်လက်မဲ့တွေ ဖြစ်နေကြပြီး သူတို့ရဲ့ ဘဏ်အကောင့်တွေဟာလည်း သုံးစားမရ ဖြစ်နေပါတယ်။ ပြည်သူများစွာဟာ အစားအသောက်တွေဝယ်ဖို့ သူတို့ရဲ့ ပိုင်ဆိုင်မှုတွေကို ရောင်းချနေကြရပါတယ်။ ကျေးလက်ဒေသတွေမှာဆိုရင် စားနပ်ရိက္ခာမလုံလောက်မှုတွေကို ရင်ဆိုင်နေရပြီဖြစ်ပါတယ်။

ဇန်နဝါရီလမှာ ကုလသမဂ္ဂက အာဖဂန်နစ္စတန်နိုင်ငံအတွက် အကြီးမားဆုံးမေတ္တာရပ်ခံမှု ပြုလုပ်ခဲ့ပါတယ်။ အာဖဂန်နစ္စတန်နိုင်ငံဟာ ကမ္ဘာ့အဆိုးဆုံး လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဘေးဒုက္ခရောက်မှုကို အလျင်မြန်ဆုံး ကာကွယ်တားဆီးဖို့ အမေရိကန်ဒေါ်လာ ၄ ဒသမ ၄ ဘီလီယံ (ပေါင် ၃ ဒသမ ၉ ဘီလီယံ) လိုအပ်လျက်ရှိတယ်လို့ ပြောကြားခဲ့ပါတယ်။

သို့သော်လည်း နိုင်ငံတကာအသိုင်းအဝိုင်းကတော့ တာလီဘန်လက်ထဲ ရန်ပုံငွေတွေ တိုက်ရိုက်လွှဲပြောင်းပေးဖို့ တွန့်ဆုတ်လျက်ရှိပါတယ်။ နိုင်ငံတကာအသိုင်းအဝိုင်းက အလှူငွေတွေ တာလီဘန်လက်ထဲရောက်သွားရင် ဒီငွေတွေနဲ့ လက်နက်တွေဝယ်လိုက်မှာ စိုးရိမ်နေပါတယ်။ ထို့အတူ ဝါရှင်တန်ကလည်း အာဖဂန်နစ္စတန်နိုင်ငံရဲ့ ဘဏ်အသုံးပြုခွင့်တွေကို ပိတ်ထားလိုက်ပါတယ်။

ကုလသမဂ္ဂရဲ့အဆိုအရ ကမ္ဘာပေါ်မှာ အာဖဂန်နစ္စတန်နိုင်ငံ တစ်နိုင်ငံတည်းသာ အမျိုးသမီးတွေ အထက်တန်းကျောင်းတက်ခွင့်မရှိတဲ့ နိုင်ငံဖြစ်ပါတယ်။ အရင်အစိုးရခေတ်တုန်းက အမျိုးသမီးတွေဟာ ဝန်ကြီးအဆင့်ကနေ ရုံးစာရေးအထိ နိုင်ငံရဲ့ ကဏ္ဍအတော်များများမှာ အလုပ်လုပ်ခွင့်ရကြပါတယ်။ ဒါပေမယ့် တာလီဘန်တွေအုပ်ချုပ်လိုက်တဲ့ခြောက်လအတွင်းမှာပဲ သူတို့တွေဟာ အိမ်မှာ နေထိုင်ခြင်းသာ ရှိပါတော့တယ်။

**အာဖဂန်အမျိုးသမီးတွေ လမ်းပေါ်ထွက်**

တာလီဘန်တို့ရဲ့ ဖိနှိပ်ချုပ်ချယ်တဲ့ ဆုံးဖြတ်ချက်တွေကို ဆန္ဒပြဖို့ အာဖဂန်အမျိုးသမီးတွေ လမ်းပေါ်ထွက်ခဲ့ကြပါတယ်။ ဆန္ဒပြသူတွေကို အင်အားသုံးဖြိုခွင်းခဲ့ကြသလို အမျိုးသမီးအခွင့်အရေး တောင်းဆိုသူတွေကို ဖမ်းဆီးခဲ့ကြပါတယ်။

အာဖဂန်နစ္စတန်နိုင်ငံမှာ တာလီဘန်အုပ်ချုပ်တာ တစ်နှစ်မပြည့်မီအချိန်မှာပဲ သူတို့ရဲ့ ကြမ်းတမ်းပြင်းထန်တဲ့မူဝါဒတွေက အမျိုးသမီးသန်းပေါင်းများစွာရဲ့ လွတ်လပ်ပြီးအန္တရာယ်ကင်းတဲ့ ဦးဆောင်ခွင့်၊ ဘဝလိုအပ်ချက်တွေ ဖြည့်ဆည်းခွင့်တွေကို ပိတ်ပင်ခံခဲ့ရတယ်လို့ ကမ္ဘာလုံးဆိုင်ရာလူ့အခွင့်အရေး စောင့်ကြည့်အဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ Amnesty International မှ အတွင်းရေးမှူးချုပ် အက်ဂ်နက်စ်ကယ်လာမာ့ဒ်က ပြောပါတယ်။

အစ္စလာမ် စည်းကမ်းတွေနဲ့ ဘယ်လောက်ပဲ ပိတ်ပင်ပိတ်ပင် အာဖဂန်အမျိုးသမီးတွေကတော့ သူတို့ရဲ့ အသံကို ကမ္ဘာကကြားအောင်လုပ်ဆောင်နေကြပါတယ်။

မီဒီယာတွေပေါ်မှာ တင်းကျပ်တဲ့ ဆင်ဆာ ဖြတ်တောက်ခွင့်တွေနဲ့ လုပ်ကိုင် ဆောင်ရွက်လျက်ရှိပါတယ်။ နယ်စည်းမခြား သတင်းထောက်များအဖွဲ့က တာလီဘန်တို့ နိုင်ငံကို အုပ်ချုပ်လိုက်ချိန်ကတည်းက အမျိုးသမီးသတင်းထောက်တွေရဲ့ အခန်းကဏ္ဍတွေ ပျောက်ဆုံးလျက်ရှိတယ်လို့ပြောလိုက်ပါတယ်။

အာဖဂန်အရေးဟာ ကမ္ဘာ့နိုင်ငံရေးဇာတ်ခုံပေါ်မှာ ကြီးမားတဲ့အရေးဖြစ်တာနဲ့ အညီ အာဖဂန်နစ္စတန်အကျပ်အတည်းဟာ နိုင်ငံတကာအသိုင်းအဝိုင်းရဲ့ အာရုံစူးစိုက်မှုကို ရရှိလျက်ရှိပါတယ်။

**နိုင်ငံတကာအကြမ်းဖက်သမားတွေနဲ့ ဆက်သွယ်**

တာလီဘန်တွေဟာ နိုင်ငံတကာက အကြမ်းဖက်သမားတွေနဲ့ ဆက်သွယ်လျက်ရှိပါတယ်။ သူတို့ရဲ့အာဏာရရှိမှုဟာ ဒေသတွင်းမှာ ဂျီဟတ်အဖွဲ့အစည်းတွေကို ပိုအားကောင်းစေသလိုဖြစ်လာခဲ့ပါတယ်။ သူတို့အချင်းချင်းပေါင်းစည်းလျက်ရှိပြီး အကြမ်းဖက်ဝါဒီငွေကြေးထောက်ပံ့သူတွေနဲ့ သူတို့ရဲ့ နည်းဗျူဟာနဲ့ မဟာဗျူဟာမြောက်ချိတ်ဆက်ဆောင်ရွက်မှုတွေက ဒေသတွင်းနဲ့ တခြားနိုင်ငံတွေရဲ့ လုံခြုံရေးနဲ့ ငြိမ်းချမ်းရေးကို ထိပါးနှောင့်ယှက်လျက်ရှိပါတယ်။

ကိုးကား - ဒီဒဗလျူ

# ဩဂုတ် ၁၅ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၈ ဦး တွေ့ရှိ

## ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ ၀ ဒသမ ၂၅ ရာခိုင်နှုန်းရှိ

**(၁၅-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၄-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၅-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၇,၀၉၇) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၈) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၂၅) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၆၂၄,၉၀၃) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၁၄,၄၀၇) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိ ကုသမှုပေးခြင်းများဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူခြောက်ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၃,၀၉၉) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၅) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ**

**(၁၅-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၄၄) ခု | (၆)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းဆေးမှုအခြေအနေ | (၄) ခု | - |
| တပ်မတော်ဆေးရုံကြီးများ၏ ဓာတ်ခွဲခန်းများတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၁၇၃) ခု | (၈) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၈၅၇) ခု | (၄)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၃၉၁) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၅,၆၂၈) ခု | - |
| စုစုပေါင်း | (၇,၀၉၇) ခု | (၁၈)ဦး |

- ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံထားရှိရန် လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချို အစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံကြရန်အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှု ခံယူထားသူများအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၅ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာကျောင်းသူ/ ကျောင်းသားများ၊ ကျောင်းနေပြင်ပကလေးများနှင့် ပြည်သူများအားလုံးကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံပြီးစီးမှုကာလခြောက်လအတွင်းရောက်ရှိသော ပြည်သူများအား ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက် စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် ဩဂုတ် ၁၅**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ဘာသာရေးခေါင်းဆောင်များအပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၄၀ အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား၊ အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင်စခန်းများအတွင်းရှိ ပြည်သူများ၊ အသက်ငါးနှစ်မှ ၁၂ နှစ်အထက် အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများစသည့် ဦးတည်အုပ်စုများ သတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်နှင့် တာမွေမြို့နယ်တို့၌ ဒေသခံပြည်သူ ၂၀၈ ဦး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၁၈၆၉ ဦး၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ခုနစ်မြို့နယ်တို့၌ ဒေသခံပြည်သူ ၁၄၇၁ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုတို့မှ ဒေသခံပြည်သူ ၃၄၆၉ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့်ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ



ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၇၀၅၄ ဦး၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် သုံးမြို့နယ်၌ **(အပေါ်ပုံ)** ကျောင်းသား ကျောင်းသူ ၅၁၂ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရှမ်းရွာသစ်မြို့၌ အိုမီခရွန်မျိုးစိတ်သစ်ရောဂါ ကာကွယ်ရေးနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံရန် နှိုးဆော်

**ရှမ်းရွာသစ် ဩဂုတ် ၁၅**

ကရင်ပြည်နယ် ရှမ်းရွာသစ်မြို့တွင် ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲ “အိုမီခရွန်မျိုးစိတ်သစ်” ရောဂါ ကြိုတင်ကာကွယ်ရေးနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံနိုင်ရေးအတွက် အသိပညာပေး နှိုးဆော်မှုများကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ယနေ့နံနက်ပိုင်းက မြို့ပေါ်ရပ်ကွက်များ၌ ဆောင်ရွက်သည်။

နှိုးဆော်ပေးရာတွင် မျိုးကွဲသစ်အိုမီခရွန်မျိုးစိတ်သည် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရဖူးသူများလည်း ပြန်လည်ကူးစက်နိုင်သည့်အတွက် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများထိုးနှံပေးခြင်းဖြင့် ရောဂါကူးစက်မှု၊ ရောဂါပြင်းထန်မှုများကို ထိရောက်စွာလျှော့ချနိုင်ခြင်းတို့ကြောင့် မိဘပြည်သူများအနေဖြင့် ကိုဗစ်ကာကွယ်ဆေးများကို အကြိမ်ပြည့်ထိုးနှံကြရန် မိမိ၏အိမ်အတွင်းသာနေထိုင်ကြရန်၊ အပြင်သို့ထွက်ခွာပါက ပါးစပ်၊ နှာခေါင်းစည်းများကို စနစ်တကျတပ်ဆင်သွားလာကြရန်၊ ပြင်ပမှလာသော ဧည့်သည်များအား လက်မခံပါရန်၊ ပါးစပ်၊ နှာခေါင်းစည်း မတပ်ဆင်သူများနှင့် တွေ့ဆုံခြင်း၊ စကားပြောခြင်း၊ လူစုလူဝေးပြုလုပ်ခြင်းနှင့် သွားလာခြင်းများကို တတ်နိုင်သလောက် ရှောင်ကြဉ်ကြရန်၊ အရာဝတ္ထုပစ္စည်းများကို ကိုင်တွယ်ပြီးတိုင်း လက်များကို ဆပ်ပြာဖြင့် အနည်းဆုံးစက္ကန့် ၂၀ ကြာအောင် မကြာခဏဆေးကြောကြရန် စသည့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးနည်းလမ်းများကို အသိပညာပေးတိုက်တွန်းနှိုးဆော်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**



သိန်းညွန့်(PZL)

သဘာဝထုံးကျောက်လိုဏ်ဂူနှင့် ဂူအတွင်းကျက်စား သည့် တောက်တဲ့မျိုးစိတ်သစ်။

**“ဤဒေသတွင် နို့တိုက်သတ္တဝါမျိုးစိတ် ၄၄ မျိုး၊ တွားသွား သတ္တဝါမျိုးစိတ် ၄၆ မျိုး၊ လိပ်ပြာမျိုးစိတ် ၂၇ မျိုးတို့ကို မြင်တွေ့နိုင်ကြသည်။ ထို့ပြင် ငါးမျိုးစိတ် ၂၈ မျိုး၊ ငှက်မျိုးစိတ် ၂၂၇ မျိုးတို့ ရှင်သန် ကျက်စားနေခြင်းကလည်း ဘေးမဲ့တော၏ ပြယုဂ်အဖြစ် သိမှတ်နိုင် တစ်ချိန်တည်း၌ပင် ပြဒါးလင်းဂူနှင့် ရှေးဟောင်း ကျောက်ခေတ်ပန်းချီလက်ရာများကို လေ့လာခြင်း၊ တောခရီး ကြမ်းနှင်ခြင်း စသည်တို့ကို လုပ်ဆောင်နိုင်မည်ဖြစ်သကဲ့သို့ တောင်တက်လေ့ကျင့်ပြီး ငှက်ကြည့်ကြမည့် ဝါသနာရှင်တို့ သဘောခွေ့စေမည့် တောတောင်ရေမြေ အခင်းအကျင်းများ ကလည်း ဘေးမဲ့တောသို့လာရောက်ကြရန် ဆွဲဆောင်နေ”**

# ရှေးဟောင်းထုံးကျောက်လိုဏ်ဂူများနှင့် ဂေဟစနစ်များ ပေါင်းဆုံရာ ရွာငံဒေသ

**ပေ** ၁၀၀၀ မှသည် ပေ ၄၀၀၀ အထိ မြင့်မားလှသော တောင်ကုန်း၊ တောင်တန်းများက သာမောဖွယ်ရာ အတိ။ ပန်းလောင်မြစ် ရေစီးဆင်းသံများ က သာတောင့်သာယာ ရှိလှပါဘိ။

ဤသို့သော မြင်ကွင်းအဖုံဖုံဖြင့် အလှဆင်မြန်းထားသည့် နေရာကား “ပန်းလောင်နှင့် ပြဒါးလင်းဂူ တောရိုင်း တိရစ္ဆာန်ဘေးမဲ့တော”ပင် ဖြစ်ချေသည်။

တည်နေရာအားဖြင့် ဆိုရပါမူ ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးခရိုင် ရွာငံမြို့နယ်အတွင်း၌ရှိသော ဘေးမဲ့ တော။ မတ်စောက်၍ မြေပြန့်လွင်ပြင် နည်းပါးလှသည့် ယင်းဒေသ၌ တောရိုင်း တိရစ္ဆာန်နှင့် သဘာဝအပင်များ ကျက်စား၊ ရှင်သန်ပေါက်ရောက် ဖြစ်တည်လျက်ရှိနေ ပေသည်။

## ဝိသေသ လက္ခဏာ

သဘာဝတောတောင် အလှကို ဖြန့်ကြက် လွှမ်းခြုံထားသည်မှာကား အထက်ရွက်ပြတ် ရောနှောတောစို၊ တောခြောက်နှင့် အင်တိုင်းတောနိမ့်တို့ ဖြစ်ကြသည်။ တစ်ဆက်တည်း၌ပင် ပြဒါး လင်းဂူနှင့် ကျောက်ခေတ်ပန်းချီလက်ရာ များ တည်ရှိနေခြင်းကလည်း ယင်းနေရာ ၏ ထူးခြားသော ဝိသေသလက္ခဏာတစ်ခု အဖြစ် ထင်ဟပ်နေပေသည်။

ဤဒေသတွင် နို့တိုက်သတ္တဝါမျိုးစိတ် ၄၄ မျိုး၊ တွားသွားသတ္တဝါမျိုးစိတ် ၄၆ မျိုး၊ လိပ်ပြာမျိုးစိတ် ၂၇ မျိုးတို့ကို မြင်တွေ့နိုင်ကြသည်။ ထို့ပြင် ငါးမျိုးစိတ် ၂၈ မျိုး၊ ငှက်မျိုးစိတ် ၂၂၇ မျိုးတို့ ရှင်သန် ကျက်စားနေခြင်းကလည်း ဘေးမဲ့တော ၏ ပြယုဂ်အဖြစ် သိမှတ်နိုင်ကြသည်။

## ကြိုးဝိုင်းအဖြစ်စတင်ဖွဲ့စည်း

သစ်တောဦးစီးဌာန သဘာဝဝန်းကျင် နှင့် သားငှက်တိရစ္ဆာန် ထိန်းသိမ်းရေး ဌာနက ၁၉၃၃ ခုနှစ်၌ ပန်းလောင် ကြိုးဝိုင်းအဖြစ် စတင်ဖွဲ့စည်းခဲ့သော ယင်းဒေသကို ၂၀၀၂ ခုနှစ် မတ် ၁၈ ရက်မှ စ၍ စတုရန်းမိုင် ၁၂၈ ဒသမ ၈၈ မိုင် အကျယ်အဝန်းရှိ “တောရိုင်းတိရစ္ဆာန် ဘေးမဲ့တော”အဖြစ် သတ်မှတ်ဖြစ်တည် လာခဲ့ခြင်းဖြစ်သည်။ ဘေးမဲ့တောကို ကင်းတားဆည်၏ ရေဝေရေလဲသစ်တော များ ထိန်းသိမ်းကာကွယ်နိုင်ရေး၊ ရှားပါး တောရိုင်း တိရစ္ဆာန်များနှင့် ဂေဟစနစ်များ မပျက်မယွင်း ရေရှည်တည်တံ့စေနိုင်ရေး နှင့် သဘာဝအခြေခံ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက်ပါ ရည်မှန်း ဖော်ဆောင်နေကြောင်း သိမှတ်ရသည်။

## ကျောက်ခေတ်ပန်းချီလက်ရာ

ထို့ပြင် တစ်ချိန်တည်း၌ပင် ပြဒါး လင်းဂူနှင့် ရှေးဟောင်းကျောက်ခေတ် ပန်းချီလက်ရာများကို လေ့လာခြင်း၊ တောခရီးကြမ်းနှင်ခြင်း စသည်တို့ကို လုပ်ဆောင်နိုင်မည်ဖြစ်သကဲ့သို့ တောင် တက်လေ့ကျင့်ပြီး ငှက်ကြည့်ကြမည့် ဝါသနာရှင်တို့ သဘောခွေ့စေမည့် တောတောင်ရေမြေအခင်းအကျင်းများက လည်း ဘေးမဲ့တောသို့ လာရောက်ကြရန် ဆွဲဆောင်နေပေသည်။

## ကာကွယ်ထိန်းသိမ်းရေးဇုန်

ပြဒါးလင်းဂူဒေသသည် ရှေးဟောင်း ယဉ်ကျေးမှုအမွေအနှစ်၏ ပြယုဂ် ဘူမိနက်သန်နေရာမှန် တစ်ခုဖြစ်ပေရာ သက်ဆိုင်ရာဝန်ကြီးဌာနက ကာကွယ် ထိန်းသိမ်းရေးဇုန်နယ်များအဖြစ် ၂၀၁၂ ခုနှစ် စက်တင်ဘာလတွင် စတင်သတ်မှတ် ထားခဲ့ကြောင်းသိရသည်။ ရွာငံမြို့မှသည် သဘာဝနယ်မြေအတွင်းသို့ လမ်းလျှောက် ၍တစ်သွယ် အပျော်စီးစက်လှေများဖြင့် သာမက လက်လှော်လှေများဖြင့်ပါ ကြည့်ရှုခံစားနိုင်ကြမည်ဖြစ်သည်။



ဘေးမဲ့တောသို့ လာရောက်ကျက်စားသည့် ဥဒေါင်းငှက်များ။

## သွားရောက်လေ့လာနိုင်ကြ

မြို့တော်ရန်ကုန်မှ မော်တော်ယာဉ်ဖြင့် မိုင် ၃၅၀ ခန့်အကွာအဝေး၊ မန္တလေးမှ ဆိုပါလျှင် ၁၂၀ မိုင်ခန့် ခရီးနှင်ကာ ရွာငံသို့ လာရောက်နိုင်ကြမည်ဖြစ်သည်။ ရွာငံမြို့ မှ မျှားကလေးရွာသို့ ကျောက်ချော လမ်းအတိုင်း မော်တော်ယာဉ်၊ ဆိုင်ကယ် များဖြင့် ရောက်ရှိနိုင်ပြီး အဆိုပါရွာမှ ၁၂ မိုင်ခန့် ကွာဝေးသော ပြဒါးလင်းဂူသို့ ခြေကျင်လျှောက်လှမ်းပါက လေးနာရီခန့် ကြာမြင့်နိုင်ပေသည်။

သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ် များ စုစည်းရာ “ပြဒါးလင်းဂူ တောရိုင်း တိရစ္ဆာန်ဘေးမဲ့တော” ပတ်ဝန်းကျင်ရှိ ကင်းတားဆည် ရေဝေရေလဲဒေသ အစွန့်ရှည်တည်တံ့ရေးနှင့် မျိုးသုဉ်း ပျောက်ကွယ်လုနီးပါး ဖြစ်နေသော တောရိုင်းတိရစ္ဆာန်များ ကာကွယ် စောင့်ရှောက်ရေးတို့အတွက် ဝိုင်းဝန်း ပူးပေါင်း ဖော်ဆောင်ပေးကြရန် တိုက်တွန်း ရေးသားအပ်ပါသည်။ ။

---

## ရာသီဥတုဖောက်ပြန်ခြင်းကြောင့် မျိုးသုဉ်းရန်ခြိမ်းခြောက်ခံနေရသည့် ကေရာဇ်လိပ်ပြာများ

**အမေရိကတိုက်ရှိ ရွှေ့ပြောင်းကေရာဇ်လိပ်ပြာမျိုးစိတ်များ မျိုးပွားရန်အတွက် နေရင်းဒေသများ ပျက်စီးလာမှုနှင့် ရာသီဥတုပြောင်းလဲလာခြင်း တို့ကြောင့် မျိုးသုဉ်းရန်ခြိမ်းခြောက်ခံနေရကြောင်း မက္ကဆီကို အမျိုးသားကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတက္ကသိုလ်မှ ဇီဝဗေဒပညာရှင် ဂေဘရီရယ်လာ ဂျင်မီနက်ဇ် က သတိပေးပြောဆိုသည်။**

ကမ္ဘာကြီးပူနွေးလာမှုနှင့် အခြားသော အကြောင်းရင်းများကြောင့် အမေရိကန်၊ ကနေဒါနှင့် မက္ကဆီကိုတို့ရှိ ရွှေ့ပြောင်းလိပ်ပြာများ ခိုလှုံ ရာ နေရာများ ပျောက်ဆုံးနေကြောင်း၊ မကြာသေးမီနှစ်ကာလများ အတွင်း မက္ကဆီကို နိုင်ငံအတွင်း ရွှေ့ပြောင်းကေရာဇ်လိပ်ပြာ အကောင် ရေကျဆင်းလာခဲ့သည်။ အလားတူပင် ကနေဒါနိုင်ငံ၌လည်း ကောင်ရေကျဆင်းနေပြီး အထူးသဖြင့် ၎င်းတို့၏ ခိုလှုံရာ အအေးဒဏ် အကာအကွယ်ပေးနိုင်သည့် သစ်ပင်များ မရှိတော့ခြင်းနှင့်သစ်တော များပျက်စီးလာခြင်းတို့ကြောင့်ဖြစ်ကြောင်း သုတေသီ ဂျင်မီနက်ဇ်က ပြောသည်။

“လိပ်ပြာလေးတွေ ကောင်းကောင်းမွန်မွန် ရှင်သန်နေတာဟာ ဂေဟစနစ်ဟာ ကောင်းမွန်နေတယ်လို့ ဆိုလိုခြင်းဖြစ်ပါတယ်။ လိပ်ပြာ လေးတွေဟာ ကျွန်ုပ်တို့အတွက် အဓိက ဝတ်မှုန်ကူးပေးသူတွေဖြစ်ပြီး သူတို့ဘဝနဲ့ သူတို့ရဲ့ ဝန်ဆောင်မှုအခန်းကဏ္ဍသာ ပျက်သုဉ်းသွားမယ် ဆိုရင် ပြန်လည်ပြုပြင်လို့ မရတော့တဲ့ သဘာဝတရားရဲ့ ကပ်ဆိုးတစ်ခု ကို ရင်ဆိုင်ရတာနဲ့ အတူတူပဲဖြစ်ပါလိမ့်မယ်”ဟု ၎င်းက သတိပေးသည်။

ကမ္ဘာ့အပူချိန်မြင့်တက်လာခြင်းနှင့်အတူ လှပသည့် လိပ်ပြာလေး များ၏ ခိုလှုံရာ၊ ရှင်သန်ရာနှင့် သားပေါက်ရာ အပင်များမှာလည်း ပျောက်ဆုံး၊ ပျက်စီးခြင်းများဖြစ်ပေါ်လျက်ရှိသည်။ အပြည်ပြည်ဆိုင်ရာ သဘာဝအရင်းအမြစ်များ ထိန်းသိမ်းရေးအဖွဲ့(IUCN)က ၂၀၂၂ ခုနှစ် ဇူလိုင် ၂၁ ရက်တွင် ကေရာဇ် လိပ်ပြာမျိုးစိတ်ကို မျိုးသုဉ်းရန်အန္တရာယ် ခြိမ်းခြောက်ခံနေရသည့် မျိုးစိတ်အဖြစ် သတ်မှတ်ခဲ့သည်။

အဆိုပါ လိပ်ပြာမျိုးစိတ်များသည် ဆောင်းရာသီတွင် အမေရိကန် နှင့် ကနေဒါနိုင်ငံတို့မှ ကီလိုမီတာ ၄၂၀၀ ခန့် ကွာဝေးသည့် မက္ကဆီကို တောင်တန်းများဆီသို့ နှစ်စဉ် သွားရောက် ခိုလှုံလေ့ရှိပြီး လွန်ခဲ့သည့် ဆယ်စုနှစ်များအတွင်း ၎င်းတို့၏ ကောင်ရေသည် ၇၂ ရာခိုင်နှုန်း လျော့ကျလာခဲ့ကြောင်း IUCN ၏ အချက်အလက်များအရ သိရသည်။

**ကိုးကား – Interview: Migratory monarch butterfly endangered by habitat loss, climate change, says Mexican biologist**

**မြန်လင်းမောင်**

# သန်းပေါင်းများစွာသောလူသားများသည် တောရိုင်းတိရစ္ဆာန်များအပေါ် အမှီသဟဲပြုနေ

● သီဟစည်သူ



ဆင်စွယ်နှင့် တောရိုင်းတိရစ္ဆာန်ထွက်ပစ္စည်းများဖြင့် ပြုလုပ်ထားသည့် လက်ဝတ်ရတနာနှင့်အလှဆင်ပစ္စည်းများကို တွေ့ရစဉ်။

**သဘာဝသယံဇာတအရင်းအမြစ်များကို အလွန်အကျွံသုံးစွဲနေခြင်းသည် စားနပ်ရိက္ခာ၊ စွမ်းအင်နှင့် ဝင်ငွေရရှိရေးအတွက် တောရိုင်းတိရစ္ဆာန်များအပေါ် မှီခိုနေရသည့် ကမ္ဘာပေါ်ရှိ ဘီလီယံပေါင်းများစွာသော လူသားများ၏ ရေရှည်ရှင်သန်ရပ်တည်ရေးအတွက် ခြိမ်းခြောက်မှုတစ်ခုပင်ဖြစ်ကြောင်း ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲများဆိုင်ရာပညာရှင်များက သတိပေးထားသည်။**

> ❝ ဇီဝမျိုးစုံများအား အသုံးချ၍ အလွန်အကျွံအမြတ်ထုတ်နေခြင်းကို ရပ်တန့်ခြင်းဖြင့် ကမ္ဘာ့ဇီဝမျိုးစုံ မျိုးကွဲကျဆင်းမှုလမ်းကြောင်းကို ပြောင်းပြန်လှန်ပစ်နိုင်ရန် အရေးကြီး ❞

ငါးဖမ်းခြင်းနှင့် သစ်ခုတ်ခြင်းမှသည် ဆေးဝါးနှင့် ရေမွှေးများအတွက် တောရိုင်းတိရစ္ဆာန်နှင့် အပင်များ အသုံးပြုခြင်းအဆုံး ကမ္ဘာတစ်ဝန်းရှိ လူ့အဖွဲ့အစည်းများသည် နှစ်စဉ်တရားဝင်နှင့် တရားမဝင် ကုန်သွယ်မှုများဖြင့် ဒေါ်လာဘီလီယံရာနှင့်ချီ၍ ရရှိနေကြသည်။

သို့သော် လူသားများသည် ဇီဝမျိုးစုံမျိုးကွဲများ စိုးရိမ်ဖွယ်ရာ ဆုံးရှုံးနေခြင်းကို တွန်းအားပေးနေသကဲ့သို့ ရာသီဥတုပြောင်းလဲမှုကို အရှိန်မြှင့်ရန် လုပ်ဆောင်နေသကဲ့သို့ပင် ဖြစ်လာနေသဖြင့် ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲများ သိပ္ပံအကြံပေးအဖွဲ့ (IPBES)က တောရိုင်းမျိုးစိတ်များနှင့် လူတို့၏ ဆက်ဆံရေးတွင် “အသွင်ပြောင်းလဲမှုများ” ကို လုပ်ဆောင်ရန် တောင်းဆိုခဲ့ကြသည်။

**မျိုးသုဉ်းရန်အန္တရာယ်**

ကမ္ဘာပေါ်ရှိ ဇီဝမျိုးစုံမျိုးကွဲများ၏ မျိုးစိတ်သန်းပေါင်းများစွာ မျိုးသုဉ်းရန်အန္တရာယ်ရှိကြောင်း ယခင်က သတိပေးခဲ့ပြီးဖြစ်သည့်အပြင် ဇီဝမျိုးစုံများအား အသုံးချ၍ အလွန်အကျွံအမြတ်ထုတ်နေခြင်းကို ရပ်တန့်ခြင်းဖြင့် ကမ္ဘာ့ဇီဝမျိုးစုံမျိုးကွဲကျဆင်းမှုလမ်းကြောင်းကို ပြောင်းပြန်လှန်ပစ်နိုင်ရန် အရေးကြီးကြောင်း၊ ထို့အတူ သဘာဝကို ကာကွယ်စောင့်ရှောက်ရာတွင် ဌာနေတိုင်းရင်းသားများ၏ အရေးပါသောအခန်းကဏ္ဍကို ချီးကျူးဂုဏ်ပြုရန် လိုအပ်ကြောင်း ကုလသမဂ္ဂ ဇီဝမျိုးစုံမျိုးကွဲများ သိပ္ပံအကြံပေးအဖွဲ့က ဆိုသည်။

တောရိုင်းမျိုးစိတ်များသည် လူသားမျိုးနွယ်နှင့် သဘာဝဝန်းကျင်အတွက် လုံးဝအရေးပါနေပြီး ဇီဝမျိုးစုံမျိုးကွဲများသည် စားနပ်ရိက္ခာဖူလုံမှုအတွက် အဓိကအရင်းအမြစ်များပင် ဖြစ်သည်။ လူသားမျိုးနွယ်စု၏ ၄၀ ရာခိုင်နှုန်းခန့်သည် တောရိုင်းမျိုးစိတ်များအပေါ် တစ်နည်းနည်းဖြင့် မှီခိုနေရသည်ဟု ခန့်မှန်းထားပြီး ကျွမ်းကျင်သူများ ထင်ထားသည်ထက်ပင် များစွာပိုနိုင်ကြောင်း အကြံပေးအဖွဲ့၏ အစီရင်ခံစာကို ဦးဆောင်တင်ပြသူ ဂျင်းမတ် ဖရိုမန်တင်က ပြောကြားသည်။

**စားနပ်ရိက္ခာနှင့် လောင်စာ**

ယေဘုယျအားဖြင့် ဇီဝမျိုးစိတ်ပေါင်း ၅၀၀၀၀ခန့်ကို အစားအစာ၊ စွမ်းအင်၊ ဆေးဝါး၊ ပစ္စည်းနှင့် အခြားရည်ရွယ်ချက်များအတွက် အသုံးပြုကြပြီး အမျိုးအစားပေါင်း ၁၀၀၀၀ ကျော်ကို လူသားများက စားသုံးရန်အတွက် အသုံးပြုကြသည်ဟု အဆိုပါအစီရင်ခံစာက ဆိုသည်။

တောရိုင်း အပင်များ၊ ရေညှိများနှင့် မှိုများသည် ကမ္ဘာတစ်ဝန်းရှိ လူငါးဦးလျှင် တစ်ဦးအတွက် အစားအစာနှင့် ဝင်ငွေကို ပေးစွမ်းနိုင်ပြီး လူဦးရေ ၂ ဒသမ ၄ ဘီလီယံခန့်သည် အစားအစာ ချက်ပြုတ်ရန်အတွက် သစ်ပင်များကို မှီခိုနေရသည်။

ကမ္ဘာ့ဆင်းရဲနွမ်းပါးသူများ၏ ၇၀ ရာခိုင်နှုန်းသည် ၎င်းတို့နှင့်ဆက်စပ်နေသော တောရိုင်းမျိုးစိတ်များနှင့် စီးပွားရေးလုပ်ငန်းများအပေါ် တိုက်ရိုက်မှီခိုနေရသည်ဟု ကုလသမဂ္ဂ ဇီဝမျိုးစုံမျိုးကွဲများ သိပ္ပံ အကြံပေးအဖွဲ့က ခန့်မှန်းထားသည်။

သို့သော် ချမ်းသာသောနိုင်ငံများရှိ မြို့သူမြို့သားများကလည်း သတိမထားမိချိန်မှာပင် တောရိုင်းအပင်များကို ဆေးဝါး သို့မဟုတ် အလှကုန်များတွင် အသုံးပြုကြသည့်အပြင် အစားအစာအတွက် ငါးများကို စားသုံးခြင်းနှင့် ပရိဘောဂများကို တောရိုင်းအပင်များမှ သစ်များ ရရှိစေလျက်ရှိသည်။ သုတေသနပြုချက်များအရ အရှေ့ဥရောပ၊ မြောက်အမေရိကနှင့် ဥရောပရှိ လူများအတွက် အဆင့်မြင့်စားသောက်ဆိုင်များတွင် တောရိုင်းအစားအစာများအား မြင့်မားသောဈေးနှုန်းဖြင့်ပင် ဝယ်လိုအား များစွာတိုးလာနေသည်ဟုဆိုသည်။

**သယံဇာတ ‘လုယက်မှု’**

တောရိုင်းသစ်ပင်များသည် ကမ္ဘာ့စက်မှုသုံးကုန်ကြမ်းအဖြစ် အသုံးပြုသည့် သစ်သားပမာဏ၏ သုံးပုံနှစ်ပုံခန့်ရှိပြီး တောရိုင်းအပင်များ၊ ရေညှိနှင့် မှိုများ ရောင်းဝယ် ဖောက်ကားခြင်းသည် ဒေါ်လာ ဘီလီယံပေါင်းများစွာတန်သော လုပ်ငန်းအဖြစ် ကမ္ဘာ့ဈေးကွက်ဝင်နေသည်။

ထို့ကြောင့် မျိုးစိတ်များနှင့် ဂေဟစနစ်များကို အန္တရာယ်ပေးသည့် လိုအပ်ချက်များ မြင့်တက်လာခြင်းသည် ရေရှည်တည်တံ့သော ထောက်ပံ့ရေးချိတ်ဆက်မှုကွင်းဆက်များ ပြတ်တောက်သွားနိုင်သဖြင့် ဒေသတွင်းလိုအပ်ချက်များနှင့် လိုက်လျောညီထွေဖြစ်စေမည့် ထိရောက်သောမူဝါဒများ ချမှတ်ရန်အတွက် “အရေးတကြီး” လိုအပ်ကြောင်း အစီရင်ခံစာက သတိပေးထားသည်။

**တရားမဝင်ကုန်သွယ်မှု**

အဓိကပြဿနာတစ်ခုမှာ တောရိုင်းမျိုးစိတ်များ တရားမဝင်ကုန်သွယ်မှုတန်ဖိုးသည် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၆၉ ဘီလီယံမှ ၁၉၉ ဘီလီယံကြားအထိရရှိနေပြီး လူကုန်ကူးမှုနှင့် မူးယစ်ဆေးဝါးပြီးနောက် တတိယအကြီးဆုံး တရားမဝင် ဈေးကွက်ဖြစ်နေကြောင်း ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲများ သိပ္ပံအကြံပေးအဖွဲ့က ထောက်ပြထားသည်။

တရားမဝင် တောရိုင်းတိရစ္ဆာန်နှင့် အပင်များ ရောင်းဝယ်ဖောက်ကားရာတွင် သစ်ပင်များ၊ ငါးများ၊ ရှားပါးတောရိုင်းတိရစ္ဆာန်များနှင့် သစ်ခွကဲ့သို့သော အပင်ငယ်များကိုပါ ပစ်မှတ်ထားလုပ်ဆောင်နေကြသဖြင့် ဇီဝမျိုးစုံမျိုးကွဲများ မျိုးသုဉ်းပျောက်ကွယ်သွားစေမည့် ဆိုးရွားသောအကျိုးသက်ရောက်မှုများ ရှိနိုင်ကြောင်း၊ ထိုသို့လုပ်ဆောင်ခြင်းသည် နိုင်ငံများ၊ ဌာနေတိုင်းရင်းသားများနှင့် ဒေသခံပြည်သူများအား ၎င်းတို့၏ ကိုယ်ပိုင်အရင်းအမြစ်များနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ လက်လှမ်းမီမှုကို လုယက်ခြင်းပင်ဖြစ်သည်ဟု အစီရင်ခံစာက ဆိုသည်။

**ကြီးပွားတိုးတက်စေသော လုပ်ငန်း**

ကိုဗစ်-၁၉ ကပ်ရောဂါမဖြစ်ပွားမီကာလက တောရိုင်းမျိုးစိတ်များကို လေ့လာကြည့်ရှုခြင်းအပေါ် အခြေခံသည့် ခရီးသွားလုပ်ငန်းသည် ကမ္ဘာတစ်ဝန်းရှိ သဘာဝထိန်းသိမ်းရေး နယ်မြေများတွင် လာရောက်လည်ပတ်သူ ရှစ်ဘီလီယံခန့်ရှိပြီး နှစ်စဉ်ဒေါ်လာ ၆၀၀ ဘီလီယံရရှိစေလျက်ရှိကြောင်း သိရသည်။

ယေဘုယျအားဖြင့်သဘာဝသယံဇာတအရင်းအမြစ်များကို အလွန်အကျွံသုံးစွဲခြင်းသည် တောရိုင်း တိရစ္ဆာန်မျိုးစိတ်များ၊ ဂေဟစနစ်များ ရေရှည်တည်တံ့ရေးအတွက် အဓိကခြိမ်းခြောက်နေသည်။ ထို့ကြောင့် လူ့အဖွဲ့အစည်းများစွာ သဘာဝတရားအပေါ် များစွာလွှမ်းမိုးထားသောကြောင့် အထူးသဖြင့် ရာသီဥတုပြောင်းလဲမှုနှင့် ဇီဝမျိုးစုံမျိုးကွဲများ လျော့နည်း ကျဆင်းလာခြင်းတို့ကဲ့သို့သော ကြီးမားသော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကျပ်အတည်းများကို ဦးတည်ဖြေရှင်းသွားရမည် ဖြစ်သည်။

**ကိုးကား –**

**Billions of people rely on wild species for food, fuel, income: UN**

## သဘာဝဂေဟစနစ်ကို အကျိုးပြုနေသည့် ပင်လယ်မြက်များ

**ပင်လယ်မြက်** တွေဟာ လွန်ခဲ့တဲ့နှစ်သန်းပေါင်း ၁၀၀ ခန့်အချိန်ကတည်းက ကုန်းမြေပေါ်မှ မြက်တွေကနေ ဆင်းသက်လာတာဖြစ်ပါတယ်။ ရေအောက်ရှိ ပန်းပွင့်သော အပင်မျိုးစိတ်လို့ခေါ်တဲ့ ပင်လယ်မြက်ဟာ သက်ရှိဝန်းကျင်အတွက် လိုအပ်တဲ့အထောက်အပံ့အချို့ကို ပေးပါတယ်။

ပင်လယ်မြက်တွေဟာ သဘာဝဖြစ်စဉ်ရဲ့ အချို့အစိတ်အပိုင်းတွေမှာ လူတွေရဲ့လိုအပ်ချက်ကို တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်ပြီး အကျိုးပြု ပါတယ်။ ပင်လယ်ပြင်မှာ အချို့သောသန္တာကျောက်တန်းနေ ငါးမျိုးစိတ်တွေရဲ့ အရွယ်ရောက်မှုဖြစ်စဉ်အတွက် ပင်လယ်မြက်ကို မှီခိုကြရပါတယ်။

ပင်လယ်မြက်တွေဟာ ကမ်းရိုးတန်းဒေသရှိ အကာအကွယ်ရှိတဲ့ ရေငန်အိုင်၊ မြစ်ဝတွေမှာ ပေါက်ရောက်လေ့ရှိပြီး ၎င်းတို့ ရှင်သန်ဖို့ နေရောင်ခြည်နဲ့ ရှင်သန်နိုင်မယ့်အပူချိန်လိုအပ်ပါတယ်။ ပင်လယ်မြက်ရှိတဲ့နေရာမှာ ပင်လယ်မျှော့၊ ပင်လယ်လိပ်၊ ပုစွန်ဆိတ်၊ ပုစွန်တုပ်၊ ရေဝက်၊ လင်းပိုင်နဲ့ ပင်လယ်ငှက်အချို့ ကျက်စားလေ့ရှိတဲ့အတွက် ငါးမျိုးစိတ်အချို့ကို ထိန်းသိမ်းတဲ့ပတ်ဝန်းကျင်အဖြစ် တာဝန်ထမ်းဆောင်ကြပါတယ်။

မြိတ်ကျွန်းစုမှာတော့ လန်ပိကျွန်းနဲ့ အနီးအနားကျွန်းတချို့မှာ ပင်လယ်မြက်တွေ ပေါက်ရောက်လျက်ရှိပါတယ်။ ကမ္ဘာပေါ်မှာ ပင်လယ်မြက် အမျိုးအစား ၆၀ ခန့်ရှိပြီး လန်ပိကျွန်းတစ်ဝိုက်မှာ ပင်လယ်မြက်အမျိုးအစား ခုနစ်မျိုးနဲ့ ပင်လယ်မြက် area ဟာ 5.2 square km ရှိတယ်လို့ လေ့လာမှတ်သားဖူးပါတယ်။ ပင်လယ်မြက်အမျိုးအစားအချို့ကို ကော့သောင်းခရိုင်၊ သူရဲကောင်း ကျွန်းစုမှာရှိတဲ့ကျွန်းအချို့မှာတွေ့ရှိနိုင်ပြီး ထားဝယ်ကျွန်းဆွယ်၊ လောင်းလုံးမြို့နယ်ထဲက ကမ်းခြေတစ်ခုမှာလည်း ပင်လယ်မြက်များကို မြင်တွေ့နိုင်ပါတယ်။

ပင်လယ်ပြာ(ငါးဦးစီး)

❖ *ကျောဖုံးမှ*

ဆောင်ရွက်နိုင်မှုမရှိစေရေး ဖော်ထုတ်ဖမ်းဆီးခြင်းများ ဆောင်ရွက်လျက်ရှိရာ အကြမ်းဖက်မှုအား မလိုလားသော ပြည်သူများ၏ သတင်းပေး ပူးပေါင်းဆောင်ရွက်မှုများကြောင့် ၂၀၂၂ ခုနှစ် ဩဂုတ် ၁၃ ရက် မွန်းလွဲပိုင်းတွင် လုံခြုံရေးပူးပေါင်းအဖွဲ့မှ မြန်အောင်မြို့နယ်အတွင်း အပြစ်မဲ့ပြည်သူများအား ဒလန်ဟုစွပ်စွဲ၍ အကြောင်းမဲ့ လုပ်ကြံသတ်ဖြတ်ရာတွင် ပါဝင်ပတ်သက်သည့် တရားခံများဖြစ်သော ဝေပိုင်ဖြိုး (၃၃ နှစ်) နှင့် ၎င်း၏ ဇနီးဖြစ်သူ စံပယ်အောင်အောင် (၃၄ နှစ်) တို့ နှစ်ဦးကို မြန်အောင်မြို့နယ်အင်ပင်မြို့ ကညင်ငူကျေးရွာရှိ ၎င်းတို့၏နေအိမ်၌ ဖမ်းဆီးရမိခဲ့သည်။

**ပုဂ္ဂိုလ်ရေးအရ ရန်ငြိုးထား**

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ တရားခံဝေပိုင်ဖြိုးသည် ၂၀၂၁ ခုနှစ် ဇွန်လတွင် မြန်အောင်မြို့ပေါ်၌ ဆူပူဆန္ဒပြမှုများတွင် ပါဝင်ခဲ့သဖြင့် ဟင်္သာတအကျဉ်းထောင်၌ ထောင်ဒဏ်လေးလပြစ်ဒဏ်ကျခံခဲ့ရပြီး နိုင်ငံတော်အစိုးရ၏ ပြစ်ဒဏ်ဖြေလျှော့ပေးမှုများဖြင့် နိုဝင်ဘာလတွင် ပြန်လည်လွတ်မြောက်လာသူဖြစ်ကြောင်း၊ အဆိုပါ ပြစ်ဒဏ်ကျခံခဲ့ရမှုမှာ ၎င်းနှင့် တစ်ရွာတည်းနေထိုင်သည့် ပြည်ခိုင်ဖြိုးပါတီဝင်နံရံသူ ဒေါ်သန္တာစိုးကတိုင်ကြားခဲ့ခြင်းကြောင့်ဟု ယူဆကာ ပုဂ္ဂိုလ်ရေးအရ တစ်ဖက်သတ် ရန်ငြိုးထားခဲ့ကြောင်း၊ သို့ဖြစ်၍ ထောင်မှပြန်လည်လွတ်မြောက်လာချိန်တွင် ရိုးမရော အမည်ခံ အကြမ်းဖက်အဖွဲ့မှ ဖမ်းဆီးရန်ကျန် တရားခံဇင်မျိုးအောင် (ခ) ဇော်မျိုးအောင် (ခ) သားပေါက်နှင့် ဆက်သွယ်ချိတ်ဆက်ကာ အပြစ်မဲ့ပြည်သူ ပြည်ခိုင်ဖြိုးပါတီဝင်နံရံသူ ဒေါ်သန္တာစိုး အပါအဝင် ပုဂ္ဂိုလ်ရေးအရ မကျေနပ်သူခြောက်ဦး၏ အမည်စာရင်းအားပေး၍ ဒလန်ဟု စွပ်စွဲကာ လုပ်ကြံသတ်ဖြတ်ရန် သတင်းပေးခိုင်းစေခဲ့ခြင်းဖြစ်ကြောင်းနှင့် ၎င်း၏ဇနီးဖြစ်သူ စံပယ်အောင်အောင်သည် မြန်အောင်မြို့နယ် အခြေခံပညာမူလတန်းကျောင်း (ဗလန်းစိန်) ၌ တာဝန်ထမ်းဆောင်လျက်ရှိရာမှ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလတွင် CDM ပြုလုပ်



၂၀၂၂ ခုနှစ် ဇွန် ၂၉ ရက်တွင် မြန်အောင်မြို့နယ် ကနောင်နယ်မြေရဲစခန်းရှေ့၌ အကြမ်းဖက်သမားများက ပစ္စတိုဖြင့် ပစ်ခတ်ခဲ့မှုကြောင့် ဒဏ်ရာရရှိသည့် ရဲတပ်ဖွဲ့ဝင်တစ်ဦး။

**၂၀၂၂ ခုနှစ် ဩဂုတ် ၁၃ ရက်တွင် မြန်အောင်မြို့နယ် အင်ပင်မြို့ ကညင်ငူကျေးရွာ၌ ဖမ်းဆီးရမိသည့် တရားခံနှစ်ဦး၏ မှတ်တမ်းဓာတ်ပုံ**



ဝေပိုင်ဖြိုး (၃၃ နှစ်)



စံပယ်အောင်အောင် (၃၄ နှစ်)

ကာ မြန်အောင်မြို့နယ်အတွင်းရှိ ကျေးရွာများသို့ ထွက်ပြေးတိမ်းရှောင်နေထိုင်ကာ ခင်ပွန်းဖြစ်သူနှင့်အတူ ပုဂ္ဂိုလ်ရေးအရ မကျေနပ်သူများကို လုပ်ကြံသတ်ဖြတ်ရန် အကြမ်းဖက်သမားများထံ သတင်းပေးပို့ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

**အပြစ်မဲ့ပြည်သူများအား ဒလန်ဟုစွပ်စွဲ**

ဖမ်းဆီးရမိတရားခံ ဝေပိုင်ဖြိုး၏ ထွက်ဆိုချက်အရ မြန်အောင်မြို့နယ်အတွင်း အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်ရန် ဖမ်းဆီးရန် ကျန်တရားခံ အေးမင်းအောင်နှင့် ကျော်သူတို့က ရိုးမရောအမည်ခံ အကြမ်းဖက်အဖွဲ့မှ ဇင်မျိုးအောင် (ခ) ဇော်မျိုးအောင် (ခ) သားပေါက်ကို ငွေကြေးနှင့် လိုအပ်သော အထောက်အပံ့များ ပေးအပ်ကာ အကြမ်းဖက်မှုလုပ်ငန်းများ ကျူးလွန်စေသကဲ့သို့ တရားခံဝေပိုင်ဖြိုးကလည်း မြန်အောင်မြို့နယ်အတွင်းရှိ အစိုးရဌာနဆိုင်ရာများနှင့် ဆက်ဆံရေးအဆင်ပြေသော အပြစ်မဲ့ပြည်သူများအား ဒလန်ဟုစွပ်စွဲပြီး လုပ်ကြံသတ်ဖြတ်ရန်အတွက် ရိုးမရောအမည်ခံ အကြမ်းဖက်အဖွဲ့မှ ဇင်မျိုးအောင် (ခ) ဇော်မျိုးအောင် (ခ) သားပေါက်အား Wave Money မှတစ်ဆင့် ငွေကျပ်သုံးသိန်းလွှဲပြောင်းပေးအပ်ကာ လုပ်ကြံသတ်ဖြတ်မှုများနှင့် အကြမ်းဖက်လုပ်ငန်းများ ကျူးလွန်စေခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်-

- ၂၀၂၂ ခုနှစ်၊ ဇွန်လ ၂၉ ရက်တွင် မြန်အောင်မြို့နယ်၊ ကနောင်နယ်မြေရဲစခန်းရှေ့၌ ဇင်မျိုးအောင် (ခ) ဇော်မျိုးအောင် (ခ) သားပေါက်နှင့် အဖွဲ့တို့နှစ်ဦးသည် လက်လုပ်မိုင်းတစ်လုံးအားဖောက်ခွဲခဲ့ပြီး ရဲတပ်ဖွဲ့ဝင်တစ်ဦးအား ပစ္စတိုဖြင့် ပစ်ခတ်ခဲ့ကြောင်း။
- ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၆ ရက်တွင် မြန်အောင်မြို့နယ်၊ ကညင်ငူကျေးရွာရှိ ပြည်ခိုင်ဖြိုးပါတီဝင်နံရံသူ ဒေါ်သန္တာစိုးအား ၎င်းအားထောင်ကျစေရန် ပြုလုပ်သူဟု စွပ်စွဲကာ ဇင်မျိုးအောင် (ခ) ဇော်မျိုးအောင် (ခ) သားပေါက်နှင့် ငြိမ်းခန့်လင်း (ခ) တရုတ်ကြီးတို့နှစ်ဦးက ပစ္စတိုဖြင့် ပစ်ခတ်လုပ်ကြံ သတ်ဖြတ်ခဲ့ကြောင်း။

**သက်ဆိုင်ရာသို့ သတင်းပေးတိုင်ကြား**

သို့ဖြစ်ပါ၍ ဖမ်းဆီးရမိတရားခံများအား ဥပဒေအရ ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး အကြမ်းဖက်မှုဆောင်ရွက်နေသူများအား ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ်တိုက်ဖျက်ကြရန်နှင့် ပြစ်မှုကျူးလွန်ရာတွင် ပါဝင်ပတ်သက်သူများ၊ နောက်ကွယ်မှထောက်ပံ့ပေးလျက်ရှိသော ဆက်စပ်တရားခံများအား အမြန်ဆုံးဖမ်းဆီးရမိရေးအတွက် ၎င်းတို့ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှုသတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားနိုင်ပါကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများအား ထိုက်တန်စွာလျှို့ဝှက်၍ ဆုငွေများ ချီးမြှင့်ပေးလျက်ရှိကြောင်းနှင့် မြို့ရွာများအမြန်ဆုံး အေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင် ကြိုးပမ်းဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံထားကြောင်း သိရသည်။ **သတင်းစဉ်**



၂၀၂၂ ခုနှစ် ဩဂုတ် ၆ ရက်တွင် မြန်အောင်မြို့နယ် အင်ပင်မြို့ ကညင်ငူကျေးရွာ၌ ပြည်ခိုင်ဖြိုးပါတီဝင်နံရံသူ ဒေါ်သန္တာစိုးအား အကြမ်းဖက်သမားများက လုပ်ကြံသတ်ဖြတ်ခဲ့သည့် မှတ်တမ်းဓာတ်ပုံ။


## ကော့ကရိတ်မြို့နယ်အတွင်း KKO အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များက အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်

**နေပြည်တော် ဩဂုတ် ၁၅**

ကရင်ပြည်နယ် ကော့ကရိတ်မြို့ရှိ မြန်မာ့စီးပွားရေးဘဏ် မြို့အထွက်ရှိ ခင်နှိမ်းမူဂိတ်နှင့် ခရိုင်ရဲတပ်ဖွဲ့မှူးရုံးတို့အား ယနေ့နံနက်ပိုင်းတွင် အရပ်ဝတ်များဝတ်ဆင်ထားသည့် KKO အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များသည် မော်တော်ယာဉ်များဖြင့် လာရောက်၍ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် အကြမ်းဖက်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့ရာ အကြမ်းဖက်သမားများသည် ခရိုင်ရဲတပ်ဖွဲ့မှူးရုံးအနီးရှိ မြို့နယ်ဥပဒေရုံးအတွင်းသို့ဝင်ရောက်၍ စာရွက်စာတမ်းများအား မီးရှို့ဖျက်ဆီးပြီး အရှေ့ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားခဲ့ကြောင်း သိရသည်။

အဆိုပါ အကြမ်းဖက်အဖွဲ့များအား လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုက်လံချေမှုန်းတိုက်ခိုက်လျက်ရှိကြောင်းနှင့် လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

**ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့ရှိ မြန်မာစီးပွားရေးဘဏ်၊ ခင်နှိမ်းမူဂိတ်နှင့် ခရိုင်ရဲတပ်ဖွဲ့မှူးရုံး(ကော့ကရိတ်) သို့ KKO အဖွဲ့နှင့် PDF အကြမ်းဖက်ပူးပေါင်းအဖွဲ့မှ လာရောက်ပစ်ခတ်သည့် ဖြစ်စဉ်နေရာပြမြေပုံ**




## မြို့နယ်အချို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဩဂုတ် ၁၅**

လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၁၃ ရက် နံနက် ၉ နာရီ ၄၅ မိနစ်က ဘားအံမြို့နယ် လှာကမြင်ကျေးရွာအုပ်စု မဲဘောင်ကျေးရွာအနီးရှိ ဘားအံ- လှိုင်းဘွဲ့သွားကားလမ်းတွင် ဒေးချေ မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀,၀၀၀ကိုလည်းကောင်း၊ ထို့အတူ ယင်းနေ့ ညနေ ၆ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ရေဖြူမြို့နယ် ကလိန်အောင်မြို့ ၊လော့သိုင်းကျေးရွာအုပ်စု အလယ်စခန်းကျေးရွာအနီးရှိ မလွှဲတောင်ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် အောင်ဖြိုး (ခ) သားငယ် မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်နှင့် အောင်ပြည့်စုံ(ခ)တရုတ်ကြီး မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်တို့ကို ရပ်တန့်စစ်ဆေးရှာဖွေရာ အောင်ဖြိုး (ခ) သားငယ်ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၃,၉၀၀ ကိုလည်းကောင်း၊ အလားတူ ဩဂုတ် ၁၄ ရက် ညနေ ၅ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် ကွန်ဟိန်းမြို့နယ် တာကော်ကျေးရွာအုပ်စု တာကော်ကျေးရွာရှိ တာကော်တံတားပူးပေါင်းစစ်ဆေးရေးဂိတ်တွင် စိုင်းဆွေဆွာ မောင်းနှင်လာသည့် တိုယိုတာအယ်ဖာ အမျိုးအစားမော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ အိုက်စ် ၂၀ ကီလိုကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **(ရဲပြန်ကြား)**

## နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဩဂုတ် ၁၅**

ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်အရှေ့ပိုင်းနှင့် တောင်ပိုင်းတို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာမည်။ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် နေရာစိပ်စိပ်မှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်ဖြစ်သည်။ **မိုး/ဇလ**

# "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် ဩဂုတ် ၁၅**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများကို သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"သေတဲ့သူကသေပြီး ဘယ်သူသေသေ ကိုယ်မာဖို့ပဲလုပ်နေသော ငတေများ"** ခေါင်းစဉ်ဖြင့် ဩဂုတ် ၁၇ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့် တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ်ရှိ လဝကရုံးအတွင်းသို့ PDF အကြမ်းဖက်သေနတ်သမားနှစ်ဦး ဝင်ရောက်ပစ်ခတ်မှုကြောင့် ဦးစီးမှူး စိုးရိမ်ဒဏ်ရာရ၍ ဒုဦးစီးသေဆုံးခဲ့သည့်ဖြစ်စဉ်"** နှင့် ပတ်သက်သည့်ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၉) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကို MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် ဩဂုတ် ၁၅**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၉) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကို ဩဂုတ် ၁၇ ရက် မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ယင်းသတင်းစာရှင်းလင်းပွဲကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား MRTV-HD၊ MRTV News၊ MWD၊ MWD Variety၊ MITV၊ MOI Website၊ MOI Youtube၊ MRTV Website နှင့် မြန်မာ့အသံရေဒီယို၊ သဇင် FM၊ မန္တလေး FM၊ ပဒ္မဝတီ FM၊ ရွှေ FM၊ ပတ္တမြား FM ၊ FM ပုဂံ၊ ချယ်ရီ FM နှင့် Star FM တို့မှ တိုက်ရိုက် (LIVE) ထုတ်လွှင့်ပြသသွားမည်ဖြစ်သည်။

သတင်းစဉ်

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၅- ၈ - ၂၀၂၂

### ရွှေ

| | |
|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး | တစ်ကျပ်သား ကျပ် ၂၀၉၄၀၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး | တစ်ကျပ်သား ကျပ် ၂၀၈၆၀၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး | တစ်အောင်စ အမေရိကန်ဒေါ်လာ ၁၇၉၅ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး | တစ်အောင်စ အမေရိကန်ဒေါ်လာ ၁၇၈၇ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

### စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၆၅၅ ကျပ် | ၂၇၀၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၇၃၀ ကျပ် | ၂၇၇၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၃၂၀ ကျပ် | ၂၃၆၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၃၉၀ ကျပ် | ၂၄၃၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

### နိုင်ငံတကာ ငွေကြေးများ

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၂၁၀၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၂၁၃၉ . ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၅၂၅ . ၀ |
| ထိုင်း | တစ်ဘတ် | ကျပ် ၅၉ . ၁၂ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် ၁၅၇၄ . ၅ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၄၇၀ . ၉၀ |
| တရုတ် | တစ်ယွမ် | ကျပ် ၃၁၀ . ၁၁ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၆ . ၃၇၅ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇၀၀၀ | ၇၀၀၀ | ၇၂၂ | ၅၀၃၃၁၀၀ |
| MTSH | ၂၄၅၀ | ၂၄၅၀ | ၈၆၈ | ၂၁၁၁၆၀၀ |
| MCB | ၆၉၀၀ | ၆၉၀၀ | ၅၉ | ၄၀၇၁၀၀ |
| FPB | ၁၈၀၀၀ | ၁၈၀၀၀ | ၁၂၇၃ | ၂၂၉၁၄၀၀၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၂၃၀၀ | ၂၄၀၀ | ၅၀ | ၁၁၅၀၀၀ |
| AHP | ၀ | ၀ | ၀ | ၀ |

ညီညီ - စုစည်းသည်


မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၀၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။



MYANMAR Digital News — Presented by NPE — www.mdn.gov.mm


## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၆-၈-၂၀၂၂ အင်္ဂါနေ့

### MRTV HD

- ၀၆:၀၀ မေတ္တသုတ်၊ ရတနသုတ်၊ ဇောဗျ္ဈင်သုတ် အန္တရာယ်ကင်းပရိတ်တရားတော်
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၃၅ ဒီမိုကရေစီဆိုသည်မှာ
- ၀၉:၁၀ ထူးခြားစုံလင်အာရှပစိဖိတ်အစီအစဉ်
- ၀၉:၄၅ Sports Diary
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၂:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'အမှန်တရားရဲ့လျှို့ဝှက်ချက်' (အပိုင်း-၁၁၄)
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ဘတ်စကက်ဘောအက်ဆေး' (အပိုင်း-၃၄)
- ၁၇:၂၀ ဒေသတစ်ခုထုတ်ကုန်တစ်မျိုး
- ၁၇:၄၀ မောမြေထဲကပဒိုင်းဒေသ
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၀ သံစဉ်ချိုမြမြန်မာတေးအလှ
- ၁၉:၀၀ ရုပ်မြင်သံကြားဇာတ်လမ်း 'ကွဲအက်သွားသောပန်ခွက်ကလေး'
- ၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ချစ်ပန်းရနံ့လွင့်ပျံ့အမှန်း' (အပိုင်း-၂)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
- ၂၁:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'အချစ်ဆိုသည်မှာ' (အပိုင်း-၁၀)

### mitv

- 07:02 Evergreen Classic: Migadawon (Tekkatho Lei Lei)
- 07:09 Products of Myanmar - Strong And Stylish Pakokku Slippers
- 07:22 Let's Taste Delicious Insects: Silkworm Masala & Peppery Cricket Bread with Sunflower and Pumpkin Seeds
- 07:45 Village Belle
- 08:01 Faith & Worship (Part-1)
- 08:25 Healthy Diet: Detox Water
- 08:34 Great Shwedagon - The Historic Bells
- 08:47 Myanmar Orchestra: A Blend of Arts!
- 09:01 News
- 09:27 Global Partnership for Brighter Future: Norway Pavilion at Expo 2020 Dubai
- 09:37 Myanmar Puppeteers (Tha Nge Taw Dance)
- 09:47 Local Tour Guide: Pho Khant
- 10:02 Gardener: Rose Plantation

### MRTV NRC

**အရှေ့ပိုးကရင် (၀၆ :၀၀ မှ ၀၇:၀၀)**
ရိုးရာအိမ်ချက်ဟင်းတစ်ခွက်

**ချင်း(လိုင်ဇိုး) (၀၇:၀၀ မှ ၀၈:၀၀)**
သင်မယ်၊ ရေးမယ်၊ တို့ချင်းစာ(အပိုင်း-၅၅)

**ချင်း(ချိုး) (၀၈:၀၀ မှ ၀၉:၀၀)**
ချင်းရိုးရာပြတိုက်

**မွန် (၀၉:၀၀ မှ ၁၁:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၁၅)

**ရခိုင် (၁၁:၀၀ မှ ၁၃:၀၀)**
ဆွေညီနောင်များဘာသာစကားဖြင့် ချစ်ကြည်စေမည် (အပိုင်း-၁၀)

**ရှမ်း (၁၃:၀၀ မှ ၁၅:၀၀)**
ကျိုင်းတုံဒေသရဲ့သမိုင်းဝင်နေရာများ

**ဝ (၁၅:၀၀ မှ ၁၇:၀၀)**
ဆန်တိုပူးပြုလုပ်နည်း

**ကချင် (၁၇:၀၀ မှ ၁၉:၀၀)**
အင်းတော်ကြီးရဲ့လှပတဲ့သဘာဝပတ်ဝန်းကျင်

**ကယား (၁၉:၀၀ မှ ၂၁:၀၀)**
အစာသည်ဆေး ဆေးသည်အစာ အစားမှားရင်တော့ဘေး

**ဝကြောကရင် (၂၁:၀၀ မှ ၂၂:၀၀)**
ကရင်ဖြူမျိုးနွယ်စုနေထိုင်ရာတောင်တန်းဒေသ

**အနောက်ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)**
တိုင်းရောရဲ့ထင်ရှားကျော်ကြားဒေသများ

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၁၀:၄၅ အသိပညာနှင့်အမှန်တရား
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၃:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၄:၀၀ MRTV National News
- ၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၇:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၁:၃၀ နိုင်ငံတကာသတင်း (LIVE)

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'ကွက်လပ်ဖြည့်ပါ'
- ၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
- ၁၀:၃၀ ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း(အပိုင်း-၁)
- ၁၁:၀၀ ရွေးချယ်တင်မြှောက်ပုံစနစ် (အပိုင်း-၂)
- ၁၁:၃၀ အတွေးအမြင် (အပိုင်း-၁)

### MRTV FARMERS'

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- ၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
- ၀၇:၂၀ ရေရှည်တည်တံ့ခိုင်မြဲသောစိုက်ပျိုးရေးစနစ်သို့(အပိုင်း-၂)
- ၀၈:၂၀ တောင်သူ့အကျိုးကိုရည်မှန်းကာပျော်ဘွယ်မြို့နယ်မှအထူးဇုန်စံပြစိုက်ကွက်
- ၀၉:၀၀ မျိုးနှင့်နည်းပညာဖြန့်ဝေရာမြစ်သား စိုက်/သုခြံမှာ
- ၀၉:၄၅ ဘဝနောင်ရေးစိတ်အေးဖို့ဆီအုန်းစိုက်ပျိုးစို့

### MRTV SPORTS

- ၀၆:၀၀ အဖွင့်
- ၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
- ၀၇:၀၀ Sports News
- ၀၇:၃၀ Soccer View/ Weekly Sports Info
- ၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
- ၀၈:၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
- ၂၀:၀၀ ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်၊

SCAN ME


www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# ဗိဿနိုးမြို့ဟောင်းမှ အနုပညာလက်ရာမြောက် ပျူအရိုးအိုးများ

မြန်စာမြေ သိန်းလွင်



ကုန်းအမှတ်-၃၄ (BTO-34) မှ တူးဖော်ရရှိသော မြေအရိုးအိုးများ



ကုန်းအမှတ်-၃၃ (BTO-33) မှ တူးဖော်မှုမှ တွေ့ရှိရသော ကိုးကွယ်ယုံကြည်မှုသင်္ကေတပါသော အရိုးအိုး

*(ယမန်နေ့မှအဆက်)*

## တစ်ခေတ်တည်း ပေါ်ထွန်းခဲ့

ကုန်းအမှတ်- ၃၃ (BTO-33) တူးဖော်မှုတွင် အဆောက်အဦ၏ အရှေ့မြောက်ဘက်မှ နံရံကပ်လျက် ဟင်္သာငှက်ရုပ်ငယ်လေးများ အပေါ်သို့ မျှော်နေဟန် အရိုးအိုးငယ်တစ်လုံးနှင့် အခြားအရိုးအိုး နှစ်အိုး၊ ဆီမီးခွက် နှစ်ခုခန့်ကို တွေ့ရှိရပါသည်။ ထို့ပြင်အဆောက်အဦ၏ အလယ်နေရာမှ အတာအိုးငယ်ပုံသဏ္ဌာန် အိုး၏ပတ်လည်တွင် ငှက်ရုပ်အဖိုအမ၊ ငါးနှစ်ကောင်ရုပ်၊ ခရုသင်းနှင့် သမင်နှစ်ကောင်အနက် တစ်ကောင်မှာအနောက်ဘက်သို့ လည်ပြန်ကြည့်နေဟန် အရုပ်များကို လေးထောင့်ဘောင်အတွင်း ထည့်သွင်း၍ထားသကဲ့သို့ တံဆိပ်ရိုက်နှိပ်ကာ သရုပ်ဖော်ထားသည့် (Stamped ware) အိုးအကောင်းပကတိအတိုင်း ထူးထူးခြားခြား တူးဖော်တွေ့ရရှိခဲ့ပါသည်။ ထိုအိုးတွင်ပါသော အိုးခြမ်းကွဲများကို ယခင် (၁၉၅၉-၆၂ခုနှစ်) တူးဖော်မှု ကုန်းအမှတ်-၃(KKG-3)နှင့် ၅(KKG-5) တို့တွင် အိုးခြမ်းကွဲများအဖြစ် တွေ့ရှိခဲ့ရပြီး ယခုတူးဖော်မှုတွင် အိုးကို အကောင်းပကတိ အပြည့်အစုံ တွေ့ရ ခြင်းဖြစ်ပေသည်။ ထို့ကြောင့် ယခုကုန်းအမှတ် - ၃၃(BTO-33) သည် ယခင်ကာလ တူးဖော်မှု ကုန်းအမှတ်-၃ (KKG-3) စေတီကြီးနှင့်လည်းကောင်း၊ ကုန်းအမှတ်-၅ (KKG-5) နန်းတော်ရာကုန်းအဆောက်အဦနှင့် လည်းကောင်း တစ်ခေတ်တည်း ပေါ်ထွန်းခဲ့ကြောင်းကို ယခုတူးဖော်မှုမှ ရရှိသော အိုးနှင့် အိုးခြမ်းကွဲများက သက်သေပြနေပါသည်။

## ကုန်းအမှတ်-၃၄ တူးဖော်မှု

ကုန်းအမှတ်-၃၄ (BTO-34) သည် အိုးထိန်းတောင်၏အနောက်ဘက် ကိုက် ၃၀၀ ခန့် အကွာတွင် တည်ရှိသည်။ ကုန်းအမှတ်-၁၃ (KKG-13) မြို့ဝင်ပေါက်မှ ကိုက် ၁၀၀ ခန့်အကွာတွင် တည်ရှိသည်။ မတူးဖော်မီ ကုန်းကြီးမှာ တောင်မြောက်အလျားပေ ၇၀၊ အနံပေ ၆၀ နှင့် မြေပြင်မှ လေးပေခန့် မြင့်မားသည်ကို တွေ့ရှိရသည်။

တူးဖော်မှုအရ ပေါ်ထွက်လာသော အဆောက်အဦကြီးမှာ တောင်နှင့်မြောက် အလျား ၅၈ ပေ၊ အရှေ့အနောက် အလျား ၄၅ ပေနှင့် ထု ငါးပေရှိသော စတုဂံပုံခန်းမကြီးတစ်ခုဖြစ်ကြောင်း တွေ့ရှိရသည်။ အနောက်ဘက်တွင် ဝင်ပေါက်ရှိပြီး အရှေ့ဘက်တွင် အလျား ကိုးပေ၊ အနံ ရှစ်ပေနှင့် အုတ်လွှာ ရှစ်လွှာနှင့် အမြင့် နှစ်ပေခွဲရှိသော ပလ္လင်ခုံတစ်ခုကို တွေ့ရှိရသည်။ အတွင်းနံရံများ လေးဖက်လုံးတွင် အမိုးကို ထောက်ပင့်ရန် တိုင်ကျင်းရာများကို တွေ့ရှိရသည်။

ကုန်းအမှတ်-၃၄ (BTO-34) တူးဖော်ရာတွင် မြေဆီမီးခွက်များ၊ မြေပုတီးစေ့၊ မြေအရိုးအိုး အရွယ်အစားအမျိုးမျိုး၊ ဆေးတံငယ်တစ်ခု၊ ရေသယ်အိုးစသည်တို့ကို တွေ့ရှိရသည်။ မြေပုတီး နှစ်လုံးမှာ အရိုးအိုးအတွင်းမှ ရရှိခြင်းဖြစ်သည်။ အရိုးအိုးများမှာ ခြောက်လက်မမှ ရှစ်လက်မအရွယ် အရိုးအိုးငယ်များကို အကောင်းပကတိအတိုင်း ရရှိသည်။ အရိုးအိုးကြီးများမှာအများအားဖြင့် ကွဲကြေလျက်သာ တွေ့ရှိရသည်။ အရိုးအိုးတစ်ခု၏ ပခုံးနေရာတွင် ငှက်ရုပ် (ခိုငှက်) တစ်ခု၊ စကြာပန်းပွင့်တစ်ခုစသည်ဖြင့် အလှည့်ကျ ရုပ်ကြွပြုလုပ်တပ်ဆင်ထားသည်ကို လှပစွာတွေ့ရှိရသည်။ တွေ့ရှိရသောပစ္စည်းများအရ ထိုအဆောက်အဦမှာ ဘာသာရေးဆိုင်ရာအဆောက်အဦတစ်ခုဖြစ်ကြောင်း သိရှိနိုင်ပါသည်။

## ထူးခြားသော တူးဖော်တွေ့ရှိမှုများ

ဗိဿနိုးမြို့ဟောင်းတွင်၂၀၀၃ ခုနှစ်အတွင်း၌ ရှေးဟောင်းကုန်းပေါင်း ၁၀ ကုန်းနှင့်၂၀၀၉ ခုနှစ်တွင်မှ ရှေးဟောင်းကုန်းပေါင်း ငါးကုန်းတိတိကို တူးဖော်သုတေသနပြုခြင်းနှင့် တူးဖော်ခဲ့ရာတွင် ဖော်ပြပါ မြို့ပြအဆောက်အဦများ၏ ထူးခြားသော ဖွဲ့စည်းမှုအသစ်များသာမက ကြေးဗုဒ္ဓဆင်းတုတော်၊ ကြေးခေါင်းလောင်းစသော ဗုဒ္ဓဘာသာဆိုင်ရာ သာသနိကပစ္စည်းများကို ထူးထူးခြားခြား တွေ့ရှိခဲ့ရသည်။ ထိုသို့ထူးခြားသော တူးဖော်တွေ့ရှိမှုများက ဗိဿနိုးမြို့ဟောင်းနှင့် ပတ်သက်သော သမိုင်းရှုထောင့်အချို့ကို ပြောင်းလဲစေခဲ့ပါသည်။

ဗိဿနိုးမြို့ဟောင်းတူးဖော်မှုတွင် တူးဖော်မှုကုန်းတိုင်း၌မြေဆီမီးခွက်များကို အကောင်းပကတိအတိုင်း လည်းကောင်း၊ အိုးခြမ်းကွဲများအဖြစ်လည်းကောင်း အမြောက်အမြား တွေ့ရှိရပါသည်။ မြေဆီမီးခွက်များကိုအများအပြား တူးဖော်တွေ့ရှိရသော ရှေးဟောင်းကုန်းများမှထွက်ပေါ်လာသော အဆောက်အဦများသည် ဘာသာရေးဆိုင်ရာ အဆောက်အဦများဖြစ်ကြောင်း သိရှိနိုင်ပါသည်။

တူးဖော်တွေ့ရှိရသော အိုးခြမ်းကွဲများ၏ ပုံသဏ္ဌာန်များကို လေ့လာခြင်းအားဖြင့် ဆီမီးခွက်များ၊ အရိုးအိုးများ၊ ရေတည်အိုးကြီးများနှင့် ချက်ပြုတ်အိုးများကို တွေ့ရှိခဲ့ရပါသည်။ အရိုးအိုးများသည် ခြောက်လက်မအရွယ်ခန့်မှ လက်မ ၃၀ ခန့်အထိမြင့်သော အရိုးအိုးများအဖြစ် တွေ့ရှိရသည်။ အနို့တံပါသောအရိုးအိုး (Spouted Pottery) အကောင်းတစ်လုံးနှင့် အကွဲတစ်လုံးကို ကုန်းအမှတ်-၃၂ (BTO-32) တူးဖော်မှု မှ တူးဖော်တွေ့ရှိရသည်။ ထို့ပြင် ငှက်ရုပ်ပုံများ၊ စက်ဝိုင်းပုံများ၊ မြားပုံစံများ၊ ကြာပွင့်ပုံစံများ၊ ဗိန္ဒုပြောက်များဖြင့် တန်ဆာဆင်ထားသော အရိုးအိုးများ၏ အိုးခြမ်းကွဲများကို အမြောက်အမြား တွေ့ရှိရသည်။

## ပန်းချီပညာတွင်လည်း ကျွမ်းကျင်တတ်မြောက်

အထူးခြားဆုံးမှာ ကုန်းအမှတ်-၃၂ (BTO-32) မှ တူးဖော်ရရှိသော အိုးခြမ်းကွဲတွင် အိုးသားအနီရောင်ပေါ်၌ အနက်ရောင်ဆေးသားဖြင့် ကနုတ်ပန်းများ၊ ထောင်လိုက်ရေးဆွဲထားသော နယ်ခြားမျဉ်းများ စသည်ဖြင့်ပါရှိသော ဆေးရေးခြယ်ထားသောအိုး (Painted Pottery) တစ်လုံးကို တွေ့ရှိရပါသည်။ ရေးဆွဲထားသောပုံတို့မှာ သဘာဝကို တိုက်ရိုက်ပုံတူကူးယူ ရေးဆွဲခြင်းမဟုတ်ဘဲ မိမိတို့စိတ်ကူးဉာဏ်ဖြင့် ဖန်တီးရေးဆွဲထားသော ပုံသဏ္ဌာန်များ (Patterns) ဖြစ်ကြောင်း တွေ့ရှိရပါသည်။ ထို့ပြင် အိုးသားပေါ်၌ အဝါရောင်၊ မြေနီရောင် ခြယ်ထားသည့် အိုးခြမ်းကွဲအချို့ကို တွေ့ရှိရသော်လည်း ပုံသဏ္ဌာန်မထင်ရှားချေ။ ဆေးရေးခြယ်ထားသောအိုး (Painted Pottery) မှာ ပျူမြို့ဟောင်း တူးဖော်မှုများတွင် ပထမဆုံး တွေ့ရှိရသောအိုးဖြစ်ပါသည်။ ထိုအိုးကို တွေ့ရှိရခြင်းဖြင့် ပျူလူမျိုးတို့သည် ပန်းချီပညာတွင်လည်း ကျွမ်းကျင်တတ်မြောက်ကြကြောင်း၊ အချိုးအစား ကျနစွာရေးဆွဲတတ်ကြောင်း သိရှိနိုင်ပါသည်။

နောက်ထပ်ထူးခြားသောအိုးတစ်လုံးကိုမူ ကုန်းအမှတ်-၃၃ (BTO-33) တွင် တူးဖော်တွေ့ရှိခဲ့ပါသည်။ ထိုအိုးမှာ သကြဲ့န်အတာအိုးအရွယ်ခန့်ရှိပြီး အိုး၏ ကိုယ်ထည်အပေါ်ပိုင်းတွင် လေးထောင့်ပုံစတုရန်းကွက်အတွင်း သမင်နှစ်ကောင်ရုပ်၊ ငါးနှစ်ကောင်ရုပ်၊ ခရုသင်းရုပ်၊ ငှက်ဖိုငှက်မရုပ် စသည့် ရုပ်ပုံများကို တံဆိပ်တုံး (Stamp) ဖြင့် တံဆိပ်ရိုက်နှိပ်၍ ပုံဖော်ထားသည်ကို တွေ့ရှိရသည်။ ထိုကဲ့သို့ တံဆိပ်များပါသော အိုးခြမ်းကွဲများကို ယခင်တူးဖော်မှုများမှ တွေ့ရှိရသော်လည်း ယခုအခါတွင် တံဆိပ်များပါသောအိုးတစ်လုံးကို အကောင်းပကတိအတိုင်း ပထမဆုံး တူးဖော်တွေ့ရှိရခြင်းဖြစ်ပါသည်။

## အနုပညာဖန်တီးနိုင်မှုစွမ်းရည်

ပျူခေတ်အိုးများနှင့်ပတ်သက်၍ အကောင်းဆုံးသောအိုးများကို ဗိဿနိုးမြို့ဟောင်းတွင် တွေ့ရှိရကြောင်း ဆိုပါသည်။ ယခု တူးဖော်မှုတွင်လည်း ငှက်ရုပ်ပုံပါရှိသောအိုးများ၊ ကျက်သရေမင်္ဂလာရှိသော အမှတ်အသားများဖြစ်သည့် သမင်ရုပ်၊ ငါးရုပ်၊ ခရုသင်းရုပ်စသည်တို့ကို အိုးပေါ်တွင် တံဆိပ်ရိုက် နှိပ်သရုပ်ဖော်ထားသည်ကို တွေ့ရှိရပါသည်။ ထို့ပြင် အထူးခြားဆုံးအနေဖြင့် ဆေးရေးခြယ်ထားသောအိုး(Painted Pottery)ကို တူးဖော်တွေ့ရှိခြင်းဖြင့် ဗိဿနိုးမြို့ဟောင်း ပျူလူမျိုးတို့၏ ပန်းချီအနုပညာဖန်တီးနိုင်မှုစွမ်းရည်ကို ဖော်ထုတ်နိုင်ခဲ့ပါသည်။

ထိုအရိုးအိုးများ ဗိဿနိုးပျူတို့၏ အိုးအတတ်ပညာကျွမ်းကျင်မှုနှင့် တီထွင်ဖန်တီးနိုင်မှု အနုပညာအရည်အသွေးကို ကောင်းစွာဖော်ညွှန်းလျက်ရှိပါသည်။ ဗိဿနိုးမြို့ဟောင်းရှိ ပျူလူမျိုးတို့၏ အိုးအတတ်ပညာသည် ဟန်လင်း၊ သရေခေတ္တရာနှင့် မိုင်းမောဒေသရှိပျူလူမျိုးတို့၏ အိုးအတတ်ပညာထက်သာကြောင်း နှိုင်းယှဉ်တွေ့ရှိရပါသည်။

ထို့ကြောင့် ၂၀၀၃ ခုနှစ်နှင့် ၂၀၀၉ ခုနှစ် ဗိဿနိုးမြို့ဟောင်းတူးဖော်မှုမှ ပေါ်ထွက်လာသော အဆောက်အဦများ၊ စေတီ၊ ဘုန်းတော်ကြီးကျောင်း၊ မြေမီးဖုတ်ကနုတ်ပန်း၊ မြေအရိုးအိုးများနှင့် သာသနိကပစ္စည်းများသည် ဗိဿနိုးမြို့ဟောင်းမှ ပျူတို့၏ ယဉ်ကျေးမှုအဆင့်အတန်းကို တစ်စိတ်တစ်ဒေသအားဖြင့်ထပ်မံဖြည့်စွက်နိုင်ခဲ့ပါသည်။

ဗိဿနိုးမြို့ဟောင်းအိုးထိန်းတောင်မှ တူးဖော်တွေ့ရှိရသော ငှက်ရုပ်ကလေးများပါရှိသည့် မြေအရိုးအိုး တစ်လုံးကို ဧရာဝတီမြစ်အနောက်ဘက်ကမ်းရှိ မင်းဘူးဒေသ၊ မယ်ဘေကုန်းအရပ်မှ တူးဖော်တွေ့ရှိခဲ့ရဖူးပါသည်။ ထို့ကြောင့် ဧရာဝတီမြစ်အနောက်ဘက်ကမ်းရှိပျူလူမျိုးများသည် ဗိဿနိုးမြို့ဟောင်းမှ ပျူလူမျိုးတို့နှင့် ယဉ်ကျေးမှုကာလခေတ်ပြိုင်ထွန်းကားခဲ့ကြောင်း ညွှန်ပြနေပါသည်။

ထို့ကြောင့်ဗိဿနိုးမြို့ဟောင်း အိုးထိန်းတောင်နှင့် အခြားရှေးဟောင်းတူးဖော်မှုကုန်းများမှ ပေါ်ထွက်လာသော ပျူအရိုးအိုးများက ပျူလူမျိုးများ၏ အိုးလုပ်ငန်းအတတ်ပညာတွင် ကျွမ်းကျင်နိုင်နင်းမှုကိုလည်းကောင်း၊ ပျူလူမျိုးများ၏ တီထွင်ဖန်တီးနိုင်မှု အနုပညာအရည်အသွေးကိုလည်းကောင်း၊ ဗိဿနိုးမြို့ဟောင်းမှပျူလူမျိုးများ၏ ယဉ်ကျေးမှုအနုပညာအဆင့်အတန်းကိုလည်းကောင်း၊ ဗိဿနိုးမြို့ဟောင်း ပျူယဉ်ကျေးမှုကာလခေတ်ပြိုင်ထွန်းကားရာ ဒေသများကို လည်းကောင်း ထူးထူးခြားခြား ပေါ်လွင်ထင်ရှားစေလျက်ရှိပါသည်။ ။

> “ ပျူခေတ်အိုးများနှင့်ပတ်သက်၍ အကောင်းဆုံးသောအိုးများကို ဗိဿနိုးမြို့ဟောင်းတွင် တွေ့ရှိရကြောင်း ဆိုပါသည်။ ယခုတူးဖော်မှုတွင်လည်း ငှက်ရုပ်ပုံ ပါရှိသောအိုးများ၊ ကျက်သရေမင်္ဂလာရှိသော အမှတ်အသားများဖြစ်သည့် သမင်ရုပ်၊ ငါးရုပ်၊ ခရုသင်းရုပ်စသည်တို့ကို အိုးပေါ်တွင် တံဆိပ်ရိုက်နှိပ် သရုပ်ဖော်ထားသည်ကို တွေ့ရှိရပါသည်။ ထို့ပြင် အထူးခြားဆုံးအနေဖြင့် ဆေးရေးခြယ်ထားသောအိုး (Painted Pottery) ကို တူးဖော်တွေ့ရှိခြင်းဖြင့် ဗိဿနိုးမြို့ဟောင်း ပျူလူမျိုးတို့၏ ပန်းချီအနုပညာ ဖန်တီးနိုင်မှုစွမ်းရည်ကို ဖော်ထုတ်နိုင်ခဲ့ပါသည် ”

# မြင်းခြံမြို့၌ ရပ်ရွာအခြေပြု လူကုန်ကူးမှုစိစစ်ဖော်ထုတ်ရေး ရက်တိုသင်တန်းဖွင့်

**မြင်းခြံ ဩဂုတ် ၁၅**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့၌ ရပ်ရွာအခြေပြု လူကုန်ကူးမှုစိစစ်ဖော်ထုတ်ရေး ရက်တိုသင်တန်းကို ယနေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမင်းအောင်က အမှာစကားပြောကြားပြီး အမှတ် (၃) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စိတ် ရဲအုပ်ကျော်ဆန်းက လူကုန်ကူးမှု စိစစ်ဖော်ထုတ်ရေး ရက်တိုသင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

"ယခု ရပ်ရွာအခြေပြု လူကုန်ကူးမှုစိစစ်ဖော်ထုတ်ရေး ရက်တိုသင်တန်း အမှတ်စဉ်(၁/၂၀၂၂) မှာ မြို့ပေါ်ရပ်ကွက်အသီးသီးမှာ ဖွဲ့စည်းထားတဲ့အဖွဲ့တွေကို လူကုန်ကူးမှု စိစစ်ဖော်ထုတ်တဲ့ မှတ်တမ်းပုံစံ (၁) ရေးသွင်းနည်းတွေ၊ လူကုန်ကူးမှုစိစစ်ဖော်ထုတ်ရေးအဖွဲ့တွေအနေနဲ့ လူကုန်ကူးမှုနဲ့ စပ်လျဉ်းပြီး သတင်းအချက်အလက်ရရှိတဲ့အခါ သတ်မှတ်ချက်တွေနဲ့အညီ ဆောင်ရွက်ရမယ့် အချက်တွေအပြင် အသစ်ပြင်ဆင်ထားတဲ့ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးဥပဒေကိုလည်း ချပြဆွေးနွေးပို့ချသွားမှာ ဖြစ်ပါတယ်" ဟု အမှတ် (၃) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စိတ် မြင်းခြံမှ ရဲအုပ်ကျော်ဆန်းက ပြောသည်။

ယင်းသင်တန်းကို ဩဂုတ် ၁၅ ရက် မှ ၁၆ ရက် အထိ အမှတ်(၃) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စိတ် ရဲအုပ်နှင့် ရဲအုပ်သက်လွင်ဦးတို့က နံနက် ၉ နာရီမှ ညနေ ၃နာရီခွဲ အထိ သင်ကြားပို့ချမည်ဖြစ်ပြီး အဆိုပါသင်တန်းတွင် သင်တန်းသားသင်တန်းသူ ၈၀ တက်ရောက်သင်ကြားလျက်ရှိကြောင်း သိရသည်။

**ကျော်စွာ(မြင်းခြံ)**



# သထုံမြို့၌ လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု အခြေခံသင်တန်းဖွင့်

**သထုံ ဩဂုတ် ၁၅**

မွန်ပြည်နယ် သထုံမြို့ရှိ အမှတ်(၈၈)စက်မှု လယ်ယာစခန်း၌ ဖွင့်လှစ်မည့် လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု အခြေခံသင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက သထုံမြို့ လိပ်အင်းရပ်ကွက်ရှိ မြို့နယ်စက်မှုလယ်ယာဦးစီးဌာန လယ်ယာသုံးစက်ကိရိယာ အရောင်းပြခန်း၌ ပြုလုပ်သည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဆွေဝင်းက ယနေ့ကာလသည် လက်မှုလယ်ယာမှ စက်မှုလယ်ယာစနစ်ဆီသို့ ပြောင်းလဲနေပြီဖြစ်ရာ တောင်သူအများစုထံ၌ လယ်ယာသုံး




စက်ကိရိယာများ လက်ဝယ်ရှိနေပြီဖြစ်ကြောင်း၊ လယ်ယာ လုပ်ငန်းများ၌ စက်ကိရိယာများ အသုံးပြုခြင်းဖြင့် အချိန်ကုန် ငွေကုန် လူသက်သာပြီး တောင်သူများအတွက် အကျိုးများလာသည်နှင့်အတူ စက်ကိရိယာများကို စနစ်တကျ မောင်းနှင်ထိန်းသိမ်းတတ်ရန် လိုအပ်လာကြောင်း၊ ယခုဖွင့်လှစ်သည့်သင်တန်းမှာ အခြေခံဖြစ်ပြီး အဆင့်မြင့်သည့် နည်းပညာများကိုလည်း ထပ်မံလေ့လာစေလိုကြောင်း၊ သင်တန်းပို့ချချက်များကို စနစ်တကျသင်ယူပြီး မိမိတို့ရပ်ရွာများ၌လည်း ပြန်လည်ဖြန့်ဖြူးပေးခြင်းဖြင့် ရပ်ရွာအကျိုးရှိအောင် ဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ခရိုင်စက်မှုလယ်ယာဦးစီးဌာနမှူး ဦးဇော်မြင့်က သင်တန်းဖွင့်လှစ်ပေးရသည့် ရည်ရွယ်ချက်နှင့် သင်တန်း၏ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားပြီး မြို့နယ် စက်မှုလယ်ယာဦးစီးဌာနမှူး ဦးရဲမြင့်က သင်တန်းစည်းမျဉ်းများအား ရှင်းလင်းပြောကြားကာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးမင်းတင်နွယ်က သင်တန်းသားများထံ သင်ထောက်ကူပစ္စည်းများ ပေးအပ်သည်။

အဆိုပါသင်တန်းတွင် ဒေသတွင်းလယ်ယာလုပ်ငန်းခွင်များ၌ အသုံးပြုမှုများသည့် တစ်လုံးထိုးလက်တွန်းထွန်စက်၊ ထွန်စက်ကြီး၊ ရိတ်ခြွေစက်နှင့် ကောက်စိုက်စက်များကို စနစ်တကျ မောင်းနှင်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းများကို သထုံမြို့နယ်အတွင်းရှိ ကျေးရွာများမှ သင်တန်းသား တောင်သူ ၃၀ တို့အား စက်မှုလယ်ယာဦးစီးဌာနမှ ကျွမ်းကျင်နည်းပြများက ဩဂုတ် ၁၅ ရက် မှ ၂၆ ရက်အထိ စာတွေ့လက်တွေ့ ၁၂ ရက်ကြာ သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

**နဒီ(ပြန်/ဆက်)**

# ပင်းတယမြို့နယ်ထွက် ရင်ကွဲသရက်သီးများ ပြည်တွင်းဒေသများသို့ တင်ပို့ရောင်းချ

**ပင်းတယ ဩဂုတ် ၁၅**

ရှမ်းပြည်နယ်တောင်ပိုင်း ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ်ထွက် ရင်ကွဲသရက်သီးများ ပြည်တွင်းဒေသများသို့ တင်ပို့ရောင်းချလျက်ရှိသည်။

ထိုသို့ တင်ပို့ရောင်းချရာတွင် သရက်သီးထည့်သည့် သေတ္တာ၌ စတားသီး၊ ဝမ်း၊ တူး၊ အကြီး၊ အလတ်နှင့် အငယ် ခွဲခြားပြီး အရွယ်အစားပေါ်မူတည်၍ အလုံးရေ ၄၅ လုံးမှ ၆၀ ခန့် ထည့်သွင်းကာ ရန်ကုန်ပွဲရုံသို့ တင်ပို့ရောင်းချကြောင်း၊ သရက်သီး တစ်သေတ္တာကို ငွေကျပ် ၂၂၀၀၀ အထိ ရရှိကြောင်းနှင့် လက်ရှိဈေးနှုန်း အတက်အကျရှိကြောင်း သရက်ခြံစိုက်ပျိုးသည့် တောင်သူတစ်ဦးထံမှ သိရသည်။

ပင်းတယမြို့နယ်သည် ပင်လယ်ရေမျက်နှာပြင် အမြင့်ပေ ၃၈၈၀ ရှိပြီး စိုက်ပျိုးရေးကို အဓိကထားပြီး စိုက်ပျိုးရေးလုပ်ငန်းဖြစ်သည့် လက်ဖက်၊ ဂျုံ၊ ပဲပုပ်၊ ခရမ်းချဉ်သီး၊ ခရမ်းသီး၊ ပန်းကော်ဖီ၊ ပန်းမုန်လာ၊ ဆီနေကြာ၊ မြေပဲ၊ ပြောင်း၊ ထောပတ်၊ အာလူး၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ တောင်ယာနှင့် လယ်ယာ စသည်တို့ကို တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းအဖြစ် လုပ်ကိုင်ကြကြောင်း သိရသည်။

**အောင်ကိုဦး(ပြန်/ဆက်)**



**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

## အသိပေးကြေညာချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၀.၁၂.၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၆၆/၂၀၂၁ ဖြင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **"တရားမဝင်ကုန်သွယ်မှုသတင်းများ"**နှင့်ပတ်သက်၍ အောက်ဖော်ပြပါ တယ်လီဖုန်း၊ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့ကို လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

**ဆက်သွယ်ရန်**

| | | |
|---|---|---|
| အော်တိုတယ်လီဖုန်းနံပါတ် | - | ၀၆၇ ၄၁၉ ၈၈၃ |
| လက်ကိုင်ဖုန်းနံပါတ် | - | ၀၉ ၄၀၄၃၃၉၉၆၉ |
| ဖက်စ်ဖုန်းနံပါတ် | - | ၀၆၇ ၄၁၉ ၈၈၆ |
| အီးမေးလ်လိပ်စာ | - | antiillegaltradeinfo@gmail.com |

## အသိပေးကြေညာချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၀.၁၂.၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၆၆/၂၀၂၁ ဖြင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **"ကုန်သွယ်မှုဆောင်ရွက်ရာတွင် ဌာနဆိုင်ရာအဖွဲ့အစည်းများမှ ငွေကြေးတောင်းခံမှုသတင်းများ"**နှင့် ပတ်သက်၍ အောက်ဖော်ပြပါ တယ်လီဖုန်း၊ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့ကို လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

**ဆက်သွယ်ရန်**

| | | |
|---|---|---|
| အော်တိုတယ်လီဖုန်းနံပါတ် | - | ၀၆၇ ၄၁၉ ၈၈၁ |
| လက်ကိုင်ဖုန်းနံပါတ် | - | ၀၉ ၆၉၉၆၁၁၁၁၆ |
| ဖက်စ်ဖုန်းနံပါတ် | - | ၀၆၇ ၄၁၉ ၈၈၇ |
| အီးမေးလ်လိပ်စာ | - | antiillegaltradeoffice@gmail.com |

# နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှု အနာဂတ်သည် နိုင်ငံသားများ၏ ပညာရေးနှင့် ကျန်းမာရေးအဆင့်အတန်းပေါ်မှာ မူတည်

**မုံရွာ ဩဂုတ် ၁၅**

**စစ်ကိုင်းတိုင်းဒေသကြီး ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ကျောင်းကျန်းမာရေး သီတင်းပတ်အထိမ်းအမှတ် အခမ်းအနားကို ဩဂုတ် ၁၅ ရက်က တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးဝင်းအတွင်းရှိ ချင်းတွင်းခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီး တရားသူကြီးချုပ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ပညာရေးဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။**



စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ကျောင်းကျန်းမာရေးသီတင်းပတ် အထိမ်းအမှတ်လှုပ်ရှားမှုပြခန်း အတွင်း ခင်းကျင်းပြထားသော ကျောင်းကျန်းမာရေးလှုပ်ရှားမှုဓာတ်ပုံများအား ကြည့်ရှုစဉ်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကျန်းမာသန်စွမ်းသည့် လူ့အဖွဲ့အစည်း တည်ဆောက်နိုင်ရန်အတွက် ကျောင်းသား လူငယ်များ၏ ကျန်းမာရေး အဆင့်အတန်း မြင့်မားရေးဟာ အလွန်အရေးပါသည့် ကဏ္ဍတစ်ရပ်ဖြစ်ကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှု အနာဂတ်သည် နိုင်ငံသားများ၏ ပညာရေးနှင့် ကျန်းမာရေး အဆင့်အတန်းပေါ်တွင် မူတည်သည့်အတွက် မြန်မာနိုင်ငံ၏ အနာဂတ် လူ့စွမ်းအား အရင်းအမြစ်ဖြစ်သည့် ကျောင်းနေ အရွယ်ကလေးများ ကျန်းမာရေးသည် အလွန်အရေးကြီးကြောင်း၊ ကျောင်းသား လူငယ်များ ဉာဏ်ရည်ထက်မြက်ပြီး ကျန်းမာသန်စွမ်းမှသာ အနာဂတ်နိုင်ငံတော်ကို ဦးဆောင်နိုင်မည်ဖြစ်ကြောင်း၊ ကျောင်းသား ကျောင်းသူများ ကျန်းမာစွာပညာသင်ယူနိုင်ခြင်းဖြင့် မြန်မာနိုင်ငံ၏ ပညာရေး ရည်မှန်းချက်များ ပြည့်မီစေရေးကို များစွာ အထောက်အကူ ဖြစ်နိုင်ကြောင်း။

ကျောင်းသား လူငယ်များ ကျန်းမာသန်စွမ်းပြီး ကာယ၊ ဉာဏဖွံ့ဖြိုးမှုသည် အနာဂတ် နိုင်ငံတော်အတွက် ကောင်းမွန်သော အရင်းအနှီးဖြစ်သည့်အပြင် ကျောင်းသား လူငယ်များ၏ ကျန်းမာရေးအဆင့်အတန်းလည်း မြင့်မားလာမည် ဖြစ်သည့်အတွက် ပညာရေးနှင့် ကျန်းမာရေး လက်တွဲပြီး အခြားနီးနွယ်ဌာနများ၊ မိဘများ၊ ပြည်သူများ၏ ကူညီပံ့ပိုးမှုနှင့် ဆက်လက်ဆောင်ရွက်သွားကြရန် လိုအပ်ပြီး တစ်မျိုးသားလုံး ကျန်းမာဖို့ ကျောင်းကျန်းမာရေး မြှင့်တင်လို့ အားလုံးပူးပေါင်း ဆောင်ရွက်ဖို့ ဟူ၍ ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကျောင်းကျန်းမာရေး သီတင်းပတ် အထိမ်းအမှတ် ဗီဒီယိုကလစ်ကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ဆက်လက်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မုံရွာမြို့ အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းသို့ ရောက်ရှိရာ အပျိုဖော်ဝင်ကျောင်းသူများအား သံဓာတ်အားဖြည့်ဆေးပြားများနှင့် သူငယ်တန်း ကျောင်းသား ကျောင်းသူများအား နို့၊ ကြက်ဥနှင့် ငှက်ပျောသီးများကို ဝေငှခဲ့ကြပြီး ကျောင်းသား မိဘများနှင့် ဆရာ ဆရာမများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက် အားပေးခဲ့ကြကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

## လောင်းလုံးမြို့နယ်၌ မိုးစပါးစံပြစိုက်ခင်းနှင့် ဘဏ်ချေးငွေ အကျေပေးသွင်းသော တောင်သူများအား ဓာတ်မြေဩဇာ ပေးအပ်

**လောင်းလုံး ဩဂုတ် ၁၅**

တနင်္သာရီတိုင်းဒေသကြီး လောင်းလုံးမြို့နယ်တွင် စိုက်ပျိုးရေးဦးစီးဌာနမှ ၂၀၂၂-၂၀၂၃ ခုနှစ် မိုးစပါး စံပြစိုက်ခင်းနှင့် ဘဏ်ချေးငွေအကျေပေးသွင်းသော တောင်သူများအား ဓာတ်မြေဩဇာပေးအပ်ခြင်း အခမ်းအနားကို ဩဂုတ် ၁၅ ရက်က စိုက်ပျိုးရေးရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်လွင်က အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးတိုးလွင်ကပြောကြားရာတွင် လောင်းလုံးမြို့နယ်ကို ဓာတ်မြေဩဇာပေးအပ်ခြင်းအား သတ်မှတ်ထားသော မျိုးစပါး၊ နည်းပညာကို လိုက်နာသော တောင်သူများအားလည်းကောင်း၊ စမ်းသပ်ကွက်၊ စံပြကွက်ဆောင်ရွက်နေသော မျိုးစေ့ထုတ်တောင်သူများအားလည်းကောင်း၊ စိုက်ဘဏ် ချေးငွေပေးဆပ်မှု တာဝန်ကျေသော တောင်သူများအား ဦးစားပေးရွေးချယ်ပေးအပ်မည်ဖြစ်ကြောင်းနှင့် တောင်သူများ (သတ်မှတ်ထားသောဦးတည်ချက်) ဖြင့် ဓာတ်မြေဩဇာပေးအပ်ခြင်း၊ မျိုးစေ့ထုတ် တောင်သူ၊ ဘက်စုံနည်းပညာသုံး စံပြကျေးရွာ တောင်သူများ၊ ပေါင်ပျိုးစနစ်ဖြင့် စိုက်ပျိုးသော တောင်သူများအား ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ဓာမြေဩဇာများကို သက်ဆိုင်ရာ တာဝန်ရှိသူများက တောင်သူများထံ ပေးအပ်ခဲ့ပြီး Rs- Cs မျိုးစေ့ထုတ် စိုက်ပျိုးသည့် တောင်သူများ၊ ဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြကျေးရွာမှ တောင်သူများက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါ အခမ်းအနားတွင် မြို့နယ်စီမံအုပ်ရေး အဖွဲ့ ဥက္ကဋ္ဌ ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ တောင်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သိန်းသိန်း(လောင်းလုံး)**



## မုန်တိုင်းနှင့်ပတ်သက်သော အရောင်အဆင့် သတ်မှတ်ချက်များ

### အဝါရောင်အဆင့်

အဝါရောင်အဆင့်သည် ဘင်္ဂလားပင်လယ်အော်၊ ကပ္ပလီပင်လယ်အော်တွင် မုန်တိုင်းဖြစ်ပေါ်နေပြီး မုန်တိုင်း၏အခြေအနေကို သတိထားနိုင်ရန်။

### လိမ္မော်ရောင်အဆင့်

လိမ္မော်ရောင်အဆင့်သည် ကမ်းရိုးတန်းသို့ဦးတည်နေပြီး မုန်တိုင်းသည် မိမိနေထိုင်ရာဒေသသို့ ဦးတည်ရွေ့လျားသည်ဟု သတင်းရရှိပါက မုန်တိုင်း၏ ပြောင်းလဲမှုကို အထူးသတိထား စောင့်ကြည့်နိုင်ရန်။

### အနီရောင်အဆင့်

အနီရောင်အဆင့်သည် ကမ်းရိုးတန်းသို့ ၁၂ နာရီနောက်ပိုင်း မုန်တိုင်းရောက်ရှိလာမည်ဖြစ်ပြီး အန္တရာယ်ရှိနိုင်သဖြင့် လုံခြုံစိတ်ချရသည့်နေရာများသို့ ပြောင်းရွှေ့နေရာယူရန်။

### အညိုရောင်အဆင့်

အညိုရောင်အဆင့်သည် မုန်တိုင်းအန္တရာယ် ကျရောက်နေချိန်ဖြစ်ပြီး လုံခြုံစိတ်ချရသည့်နေရာတွင် ခိုလှုံပြီးစီးရန်။

### အစိမ်းရောင်အဆင့်

အစိမ်းရောင်အဆင့်သည် မုန်တိုင်းအားပျော့ ပျက်ပြယ်သွားပြီဖြစ်ပြီး မိမိတို့၏ နေအိမ်များသို့ ပြန်နိုင်သောအခြေအနေဖြစ်ကြောင်း သတ်မှတ်ထားပါသည်။

## နောင်ချိုမြို့နယ် အ.လ.က(ခွဲ)၌ ဂျပန်ဦးနှောက်ရောင် ရောဂါကာကွယ်ဆေးထိုး

**နောင်ချို ဩဂုတ် ၁၅**

ရှမ်းပြည်နယ်မြောက်ပိုင်း နောင်ချိုမြို့နယ်၌ ကျန်းမာရေးဦးစီးဌာနမှ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)သို့ ကွင်းဆင်း၍ ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်ဆေးထိုးနှံခြင်းကို ဩဂုတ် ၁၅ ရက်က ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ ထိုးနှံပေးရာတွင် အမျိုးသမီးကျန်းမာရေးဆရာမ ဒေါ်ခင်စန်းဦး ဦးဆောင်သော ကျန်းမာရေးဝန်ထမ်းများက ဂျပန်ဦးနှောက်ရောင်ရောဂါသည် သွေးလွန်တုပ်ကွေးကဲ့သို့ ခြင်မှတစ်ဆင့် ကူးစက်တတ်သော ဗိုင်းရပ်စ်ရောဂါတစ်မျိုးဖြစ်ပြီး ဦးနှောက်ရောင်ရမ်းမှုကို ဖြစ်စေနိုင်ခြင်း၊ အသက်အန္တရာယ် စိုးရိမ်ရခြင်းတို့ကြောင့် ဂျပန်ဦးနှောက်ရောင်ရောဂါကင်းဝေးစေရန်နှင့် ကျောင်းသား ကျောင်းသူများ ကျန်းမာစွာ ပညာသင်ကြားနိုင်စေရန် ရည်ရွယ်၍ နောင်ချိုမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများတွင် အသက် ငါးနှစ်မှကိုးနှစ်အထိ ကျောင်းသား ကျောင်းသူများအား ထိုးနှံပေးခြင်းဖြစ်ကြောင်း သိရသည်။

နောင်ချိုမြို့နယ် ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများသည် ကျောင်းကျန်းမာရေးလုပ်ငန်းများကို အခြေခံပညာကျောင်းများသို့ ဆက်လက်ကွင်းဆင်း ဆောင်ရွက်မည်ဖြစ်ကြောင်း မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

**ထွေးငယ် (ပြန်/ဆက်)**

# ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းများ ရန်ကုန်မြို့တော်ဝန် ကွင်းဆင်းစစ်ဆေး



**ရန်ကုန် ဩဂုတ် ၁၅**

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဥက္ကဋ္ဌ (မြို့တော်ဝန်) ဦးဗိုလ်ဌေးသည် ဒုတိယမြို့တော်ဝန်၊ အတွင်းရေးမှူး၊ ကော်မတီဝင်များ၊ ဌာနမှူးများနှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းက ကမာရွတ်မြို့နယ် အင်းစိန်လမ်း၊ (၁)၊ (၂)ရပ်ကွက်နှင့် လှိုင်မြို့နယ်၊ ၁၀ ရပ်ကွက်အကြား ကမာရွတ်ချောင်းသို့သွားရောက်၍ ချောင်းအတွင်း အမှိုက်များ၊ သဲမြေများ ရှင်းလင်းနေမှု၊ ချောင်းစပ်တစ်လျှောက် မြက်ပင်ချုံနွယ်များ ရှင်းလင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့မှတစ်ဆင့် မြို့တော်ဝန်နှင့် အဖွဲ့သည် လှိုင်မြို့နယ် ၁၂ ရပ်ကွက် မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးသို့ သွားရောက်၍ ရုံးအတွင်း ဝန်ထမ်းအိမ်ရာများ၊ ရုံးအဆောက်အအုံများ၊ ရုံးခန်းများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ရုံးဝင်းအတွင်း သန့်ရှင်းသပ်ရပ်ရေး ဆောင်ရွက်ရန်၊ လုံခြုံရေးများ အထူးကြပ်မတ်ရန်၊ ရုံးအဆောက်အအုံများ ကြံ့ခိုင်မှုရှိစေရေးဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ဒုတိယမြို့တော်ဝန်နှင့် အဖွဲ့သည် အင်းစိန်မြို့နယ် ရွာမအရှေ့ရပ်ကွက် မင်းကြီးလမ်းရှိ ကသွယ်ချောင်းသို့ သွားရောက်၍ ချောင်းအတွင်း အမှိုက်များ၊ နုန်းများနှင့် သဲမြေများကို Excavator ယန္တရားယာဉ်ဖြင့် ဆယ်ယူရှင်းလင်းနေမှုကို ကြည့်ရှုစစ်ဆေးပြီးလိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**သတင်းစဉ်**

## နမ့်စန်-မိုးနဲ-မိုင်းတုံ-မိုင်းဆတ် ပြည်ထောင်စုလမ်း မိုင်းပန်လမ်းပိုင်းပေါ်ရှိတံတား ပြန်လည်ပြုပြင်တည်ဆောက်

**မိုးနဲ ဩဂုတ် ၁၅**

ရှမ်းပြည်နယ် တောင်ပိုင်း မိုင်းပန်မြို့နယ်၌ ဩဂုတ် ၁၂ ရက်က မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် နမ့်စန်-မိုးနဲ-မိုင်းတုံ-မိုင်းဆတ် ပြည်ထောင်စုလမ်း မိုင်းပန်လမ်းပိုင်းရှိ မိုင်တိုင်အမှတ် (၀/၅)၊(၀/၆)ကြား အရှည် ၁၀ ပေရှိ သစ်သားတံတားသည် တောင်ကျချောင်းရေများကြောင့် ဩဂုတ် ၁၃ ရက် ညနေပိုင်းတွင် ရေကြီးရေလျှံမှုနှင့်အတူ မျောပါသွားခဲ့သည်။




အဆိုပါတံတား မျောပါခဲ့မှုကြောင့် ပြည်ထောင်စုလမ်းမကြီးကို အသုံးပြုလျက်ရှိသော ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် မြို့နယ်လမ်းဦးစီးဌာနမှ တာဝန်ရှိသူများက မူလသစ်သားတံတားအရှည် ၁၀ ပေအစား အရှည် ပေ ၅၀၊ အကျယ် ၁၃ ပေရှိ တစ်လွှာတစ်ထပ် ဘေလီတံတားကို ဆောက်လုပ်ပေးလျက်ရှိရာ ယင်းနေ့ ညနေပိုင်းတွင် ပြီးစီးအောင် တည်ဆောက်ပေးနိုင်မည်ဖြစ်ကြောင်း လမ်းအထူးအဖွဲ့(၅)မှ တာဝန်ခံအရာရှိ ဦးနိုင်လင်းခိုင်၏ ပြောကြားချက်အရ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## နတ်မောက်မြို့နယ်၌ တစ်နိုင်တစ်ပိုင်နှင်းပန်းများ စိုက်ပျိုး

**နတ်မောက် ဩဂုတ် ၁၅**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်အတွင်းရှိ တောင်သူအချို့သည် မျိုးတူမျိုးကွဲသီးနှံများကို သမားရိုးကျစိုက်ပျိုးလျက်ရှိရာမှ ယခုအခါ နှင်းပန်းများကို ပူးတွဲ၍ တစ်နိုင်တစ်ပိုင် စိုက်ပျိုးလာကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။

နှင်းပန်းများစိုက်ပျိုးရာတွင် အခြားဂန္ဓာမာပန်း၊ မေမြို့ပန်း၊ နှင်းဆီပန်းခင်းများကဲ့သို့ ပိုးမွှားကျရောက်မှု အန္တရာယ်လွန်စွာ မစိုးရိမ်ရဘဲ ဖြစ်ထွန်းမှု သေချာသော ပန်းမျိုးဖြစ်ကြောင်း၊ နှင်းပန်းကို စတင်စိုက်ပျိုးရာတွင် နှင်းပန်းဥကို တင်းချိန်ဖြင့်ဝယ်ယူပြီး အတန်းလိုက်စနစ်ဖြင့် စိုက်ပျိုးရကြောင်း နှင်းပန်းစိုက်သူ န-လက္ခုပွင်ကျေးရွာမှ မမိုးမိုးက ပြောသည်။

“ ဘုရားပန်းဈေးကွက်မှာ နှင်းပန်းရောင်းရတာ အခြားပန်းတွေလိုပဲ ဈေးကွက်မှာတွင်တွင်ကျယ်ကျယ် ရောင်းရပါတယ်။ အရောင်းအဆင်းကလည်း ဖွေးဥပြီး အနံ့ကလည်း မွှေးကြိုင်နေတော့ ဘုရားလှူမယ့်သူတွေက အဝယ်များပါတယ်။ ဖောက်သည်လက်ကားဈေးကွက်မှာ နှင်းပန်းအခက် ငါးခက် တစ်စည်းကို ငွေကျပ် ၃၀၀ နှုန်း ရောင်းချရပါတယ်။ ဝင်ငွေအနေနဲ့ကတော့ နှင်းပန်းပွင့်ပြီဆိုရင် ဧရိယာ ဧက ၀ ဒသမ ၁၅ လောက်ရှိတဲ့ နှင်းပန်းခင်းက နှစ်ရက်တစ်ကြိမ် ဝင်ငွေကျပ် ၁၂၀၀၀ ခန့်ရရှိတဲ့အတွက် လူတိုင်းစိုက်ပျိုးသင့်ပါတယ်။ နှင်းပန်း



တစ်ကြိမ်စိုက်ပျိုးရင် သုံးနှစ်သက်တမ်းရှိပြီး မိုးရာသီမှာ အဖူးအပွင့်တွေ ပိုမိုသန်မာကာ ရေသာပုံမှန်ရရင် ဆယ့်နှစ်လရာသီဖြစ်ထွန်းတဲ့ ပျိုးမျိုးဖြစ်လို့ တောင်သူတွေစိုက်ပျိုးသင့်ပါတယ်”ဟု နှင်းပန်းစိုက်သူများက ပြောသည်။

နတ်မောက်မြို့နယ်အတွင်း နှင်းပန်းများကို န-လက္ခုပွင်ကျေးရွာ၊ ကြူအိုင်ကျေးရွာ၊ အင်းကုန်းကျေးရွာ၊ ပင်ငွေးချိုကျေးရွာ၊ ကျောင်းကုန်းကျေးရွာများတွင် တစ်နိုင်တစ်ပိုင် စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

**မူမူစန်း**

### ပွင့်ဖြူမြို့နယ်၌ အိမ်ထောင်စုလူဦးရေစာရင်း ထည့်သွင်းဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**ပွင့်ဖြူ ဩဂုတ် ၁၅**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်ရှိ အိမ်ထောင်စုလူဦးရေစာရင်း (ပုံစံ ၆၆/၆) များကို Software Program ဖြင့် ထည့်သွင်းဆောင်ရွက်နေမှုလုပ်ငန်းကို ဩဂုတ် ၁၅ ရက်က မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြတ်ခိုင်နှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုသို့ ကြည့်ရှုစစ်ဆေးရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများတွင် မဲဆန္ဒရှင်စာရင်းများ တိကျမှန်ကန်စေရေးနှင့် အိမ်ထောင်စုလူဦးရေစာရင်း (ပုံစံ ၆၆/၆) များ တိကျမှန်ကန်မှုရှိစေရေးအတွက် မြို့နယ်အတွင်းရှိ အိမ်ထောင်စုလူဦးရေစာရင်းများကို e – ID စနစ်ဖြင့် Software အသုံးပြုကာ Database ထည့်သွင်းသည့်လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်နိုင်ရေး တာဝန်ရှိသူများအား ဆွေးနွေးမှာကြားကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ လုပ်ငန်းများဆောင်ရွက်နေမှုကို ဇူလိုင် ၁၈ ရက်မှ စတင်၍ ရက်ပေါင်း ၆၀ အတွင်း အိမ်ထောင်စု စုစုပေါင်း ၃၆၉၀၀ ကို ပြီးစီးအောင် ဆောင်ရွက်မည်ဖြစ်ကြောင်း မြို့နယ်လဝကဦးစီးမှူး ဦးညွန့်ဝင်းထူးထံမှ သိရသည်။

**လှိုင်ဝင်းလေး (ပွင့်ဖြူမြေ)**

### သိန္နီမြို့၌ ကျောင်းသား ကျောင်းသူများအား ကျန်းမာရေး စစ်ဆေးခြင်းနှင့် သန်ချဆေးတိုက်ကျွေးခြင်းများ ဆောင်ရွက်

**သိန္နီ ဩဂုတ် ၁၅**

ရှမ်းပြည်နယ် မြောက်ပိုင်း သိန္နီမြို့တွင် ကျောင်းသား ကျောင်းသူများ ကျန်းမာသန်စွမ်းစေရန်အတွက် ကျောင်းကျန်းမာရေး စစ်ဆေးခြင်းနှင့် သန်ချဆေးတိုက်ကျွေးခြင်းများကို ယနေ့ နံနက်ပိုင်းက သိန္နီမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာဇော်မိုးအောင်၏ ကြီးကြပ်မှုဖြင့် ကျန်းမာရေးဝန်ထမ်းများက အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းရှိ ကျောင်းသား ကျောင်းသူများအား ကျန်းမာရေးစစ်ဆေးခြင်းနှင့် ခြောက်လတစ်ကြိမ် သန်ချဆေးတိုက်ကျွေးခြင်းများ ဆောင်ရွက်ခဲ့သည်။

အဆိုပါကျန်းမာရေးစစ်ဆေးခြင်းနှင့် သန်ချဆေးတိုက်ကျွေးခြင်းကို ကျောင်းသား ကျောင်းသူများ အဆင်ပြေစေရေးအတွက် ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝင်းမြင့်နှင့် ဆရာ ဆရာမများက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးခဲ့ပြီး ကျောင်းသား ကျောင်းသူ ၁၀၀၀ ကျော်အား သန်ချဆေးတိုက်ကျွေးပေးခဲ့ကြောင်း သိရသည်။

**စောဥမ္မာ(သိန္နီ)**

**သစ်ပင်နည်းလာ တို့ကမ္ဘာ၊ လွန်စွာပူအေး ဥတုဘေး**

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဩဂုတ် ၁၅

**အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ဖြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ဖြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် (၉)ရပ်ကွက် သဇင်လမ်းနေ သိမ့်သိမ့်တင်ဦး(ခ) မသိမ့်သည် ၎င်းအသုံးပြုသည့် "Emeral Theint" Facebook အကောင့်နှင့် မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကလေးအရှေ့ရပ်ကွက်နေ ဂရေစီရှိုင်းသည် ၎င်းအသုံးပြုသည့် "Gracy Shine" Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တရားမဝင်သစ်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်း၊လျှပ်စစ်ပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၁၅**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၃ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ဌာနဆိုင်ရာ ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မကွေးမြို့ ကုန်တင်ကုန်ချ ကားကြီးကွင်းအတွင်း၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ၁၈ လီတာဆံ့ ဟင်းချက်ဆီပုံး ၂၀၀ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၂၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Condor အမျိုးအစား မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဩဂုတ် ၁၄ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရွှေဘိုမြို့နယ် တဲကြီးကျေးရွာ၌ Toyota Mark II အမျိုးအစား လိုင်စင်မဲ့ မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် သံလွင်တံတားစုပေါင်းစစ်ဆေးရေးဂိတ်၌ ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြဝတီမှ သထုံသို့ သွားရောက်မည့် မော်တော်ယာဉ်တစ်စီးပေါ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် တီဗွီ(အဟောင်း) လေးလုံး(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၀၀၀၀)နှင့် Soung Box (အဟောင်း) ၂၇ လုံး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၃၅၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Succeed အမျိုးအစား မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၉၁၅၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဩဂုတ် ၁၅ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်နှင့် သာယာဝတီခရိုင်များအတွင်း တရားမဝင် သစ်မျိုးစုံ ၁၅ ဒသမ ၁၇၇၈ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၉၃၇၂၂၈)ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဩဂုတ် ၁၃ ရက်၊ ၁၄ ရက် နှင့် ၁၅ ရက်တို့တွင် ဖမ်းဆီးရမိမှုစုစုပေါင်းမှာ အမှုတွဲ ခုနစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၈၃၅၂၂၂၈) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**

# ဟယ်ရီကိန်း၏ အငြင်းပွားဖွယ်ရာဂိုးကြောင့် သရေတစ်မှတ်နှင့် ကျေနပ်ခဲ့ရသည့် ချယ်ဆီး

ပရီမီယာလိဂ် ပွဲစဉ်(၂) မှ အကောင်းဆုံးပွဲစဉ်တစ်ပွဲဖြစ်သည့် တူချယ်၏ ချယ်ဆီးအသင်းနှင့် ကွန်တီ၏ စပါးအသင်းတို့ပွဲစဉ်ကို ဩဂုတ် ၁၄ ရက် ညပိုင်းက စတန်းဖို့ဒ်ဘရစ်ကွင်း၌ အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဖက် နှစ်ဂိုးစီဖြင့် ပွဲပြီးဆုံးခဲ့သည်။

အဆိုပါ ပွဲစဉ်တွင် ပွဲချိန်ပြည့်သည်အထိ ချယ်ဆီးအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် ဦးဆောင်နိုင်ခဲ့သော်လည်း နာကျင်အချိန်ပိုတွင် ဟယ်ရီကိန်း၏ အငြင်းပွားဖွယ်ရာ ဂိုးကြောင့် တစ်ဖက်နှစ်ဂိုးစီဖြင့် ပွဲပြီးဆုံးခဲ့ခြင်းဖြစ်သည်။ ပွဲပြီးချိန်တွင် ဟယ်ရီကိန်း၏ အဆိုပါ သွင်းဂိုးကို ခွင့်ပြုပေးမှုနှင့် ပတ်သက်ပြီး ချယ်ဆီးနည်းပြ တူချယ်က ကွင်းလယ်ဒိုင် အန်သိုနီတေလာကို အနာဂတ်မှာ ချယ်ဆီးအသင်းပွဲစဉ်များကို မကိုင်တွယ်သင့်ကြောင်း မှတ်ချက်ပြု ပြောကြားခဲ့သည့်အတွက် ဘောလုံးအဖွဲ့ချုပ်(အက်ဖ်အေ) အနေဖြင့် စုံစမ်းစစ်ဆေးမှု ပြုလုပ်သွားဖွယ်ရှိကြောင်း သိရသည်။



ထို့အပြင် ပွဲပြီးဆုံးချိန်တွင် နှစ်ဖက်နည်းပြများ အချင်းများမှုဖြစ်ပွားခဲ့သောကြောင့် အနီကတ်ပြ သတိပေးခဲ့ရသည်။ အဆိုပါပွဲစဉ်အတွက် ဦးဆောင်ဂိုးကို ချယ်ဆီးအသင်းကစတင်ရရှိခဲ့ပြီး ပွဲချိန် ၁၉ မိနစ်တွင် ကူလီဘာလီက သွင်းယူပေးခဲ့သည်။ စပါးအသင်းအတွက် ချေပဂိုးကို ပွဲချိန် ၆၈ မိနစ်တွင် ရရှိခဲ့ပြီး ဟိုးဘတ်က သွင်းယူပေးခဲ့သည်။ ချယ်ဆီးအသင်းအတွက် ဒုတိယဂိုးကို ပွဲချိန် ၇၇ မိနစ်တွင် ရေစီဂျိမ်းစ်က သွင်းယူပေးခဲ့ပြီး စပါးအသင်းအတွက် ဒုတိယမြောက် ချေပဂိုးကို နာကျင်အချိန်ပိုတွင် ဟယ်ရီကိန်းက သွင်းယူပေးနိုင်ခဲ့သည်။(ဝဲပုံ)

အခြားသောပွဲစဉ် နော်တင်ဟမ်ဖောရက်စ် အသင်းနှင့် ဝက်စ်ဟမ်းအသင်းတို့ ပွဲစဉ်တွင် နော်တင်ဟမ်အသင်းက အယိုနီရီ၏ တစ်လုံးတည်းသော သွင်းဂိုးဖြင့် ဝက်စ်ဟမ်းအသင်းကို အနိုင်ရရှိခဲ့သည်။

**အောင်ဇော်**

# MNL-2 ပြိုင်ပွဲတွင် ယောမြေကို မောရဝတီ အနိုင်ယူ

**ရန်ကုန် ဩဂုတ် ၁၅**

၂၀၂၂ ရာသီ MNL-2 (ပထမတန်း) အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၃) ပထမနေ့အဖြစ် မောရဝတီနှင့် ယောမြေတို့ ဩဂုတ် ၁၅ ရက်က သုဝဏ္ဏ လေ့ကျင့်ရေး ကွင်း-၁ ၌ ကျင်းပရာ မောရဝတီအသင်းက နှစ်ဂိုး - ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ပြိုင်ပွဲဝင် အသင်းအချို့၏ နိုင်ငံတကာပြိုင်ပွဲ ယှဉ်ပြိုင်မှုများကြောင့် ယနေ့ကစားသည့် နှစ်သင်းမှာ ပထမဆုံးပွဲ ကစားရခြင်းဖြစ်သည်။ အဖွင့်ပွဲတွင် ရလဒ်ကောင်းရန် နှစ်သင်းစလုံး ကြိုးပမ်းခဲ့သော်လည်း မောရဝတီအသင်းက ဒုတိယပိုင်းသွင်းဂိုးများဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ မောရဝတီအသင်းအတွက် အနိုင်ဂိုးများကို ၆၉ မိနစ်တွင် ဝင်းညွန့်နှင့် ၇၃ မိနစ်တွင် ပယ်နယ်တီမှတစ်ဆင့် ဇေယျာကျော်တို့က သွင်းယူခဲ့သည်။

ပွဲစဉ် (၃) ဒုတိယနေ့ကို ဩဂုတ် ၁၆ ရက် **(ယနေ့)** ဆက်လက် ကျင်းပမည်ဖြစ်ပြီး ကချင်ယူနိုက်တက်နှင့် Junior lions အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **ရဲရင့်လွင်**

# ကြက်တောင်၊ ဘိလိယက်နှင့် စနူကာ၊ တိုက်ကွမ်ဒိုအားကစားပြိုင်ပွဲများကျင်းပမည်

**ရန်ကုန် ဩဂုတ် ၁၅**

တိုင်းဒေသကြီးနှင့်ပြည်နယ် ကြက်တောင်အားကစားပြိုင်ပွဲကို ရန်ကုန်မြို့လမ်းမတော်မြို့နယ် အမျိုးသားကြက်တောင်အားကစားရုံ၌ ဩဂုတ် ၁၈ ရက်မှ ၂၂ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး ဂန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ ဘိလိယက်နှင့် စနူကာပြိုင်ပွဲကို ဩဂုတ် ၁၈ ရက်တွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် ၄၈ လမ်း ဘိလိယက်နှင့်စနူကာ အားကစားခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ်နှင့် ကိုရီးယားသံရုံးတို့မှ ပူးပေါင်းကျင်းပမည့် ကိုရီးယားသံအမတ်ကြီး ဖလားတိုက်ကွမ်ဒိုပြိုင်ပွဲကို စက်တင်ဘာ ၄ ရက်တွင် ရန်ကုန်မြို့ သုဝဏ္ဏ(ဘူရောင်း)တိုက်ကွမ်ဒိုလေ့ကျင့်ရေးစင်တာ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အာကာစိုး**




## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂–B)၊ မြေကွက်အမှတ် (ယခင်–၃/က၊ ယခု–၉)အကျယ်အဝန်းရှိ (၃၇ပေx ၅၇ပေ)ရှိ (အရပ်ခေါ်)အမှတ် (၇၉)၊ ခေမာလမ်း၊ ကမ်းနားအလယ်ရပ်ကွက်၊ အင်းစိန်မြို့နယ်ဟုခေါ်တွင်သည့် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ဦးကံဝင်း ၁၂/အစန(နိုင်)၀၂၂၄၅နှင့် ဒေါ်မြင့်မြင့်ရီ ၁၂/အစန(နိုင်)၀၂၂၄၆ တို့က အရပ်စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူကာ လက်ဝယ်ထားပိုင်ဆိုင်ပြီး အပေါင် အနှံ၊ အရှုပ်အရှင်း ကင်းရှင်း၍ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုလာသောကြောင့် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန ်စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်း မူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ငွေငွေဝင်း LL.B, D.I.L, W.I.P.O(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်– ၁၃၃၁၆)**
**အမှတ်(၂၇)၊ နိဂြောဓလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း–၀၉–၅၀၃၇၅၅၈၊ ၀၉–၇၈၅၀၃၇၅၅၈**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ချမ်း ၈/မလန(နိုင်) ၁၄၃၂၇၈၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၄၀၈၈၆၆၆၂၆**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်သက်နောင်ထွန်း ၈/ဆပဝ(နိုင်)၁၂၁၁၆၄ ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။ **ဖုန်း–၀၉–၄၀၈၈၆၆၆၂၆**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်မင်းသူအောင် ၈/ပဖန(နိုင်)၁၁၇၄၄၀၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။ **ဖုန်း–၀၉–၄၀၈၈၆၆၆၂၆**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်အောင်နိုင်စိုး ၈/ငဖန(နိုင်)၀၄၅၀၅၆ ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။ **ဖုန်း–၀၉–၄၀၈၈၆၆၆၂၆**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4D/6534, Toyota Caldina ET196 ယာဉ်လက်ဝယ်ရှိသူ ဦးတင်ဝင်း ၁၂/တတန(နိုင်)၀၀၈၃၃၇ က(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန(နေပြည်တော်ရုံး)**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်အနောက်မြို့နယ်၊ ကြက်ပေါင်ကျေးရွာနေ (အဖ) ဦးနိုင်ဝင်း ၁၄/ပသန(နိုင်) ၁၈၂၇၉၄၊ (အမိ) ဒေါ်ခင်စန်းတင့် ၁၄/ပသန(နိုင်)၁၅၈၅၄၁ တို့၏ သားဖြစ်သူ မောင်ထက်စည်သူ ၁၄/ပသန(နိုင်)၂၈၁၈၅၆သည် မိဘများထံမှ တက်တူးသင်တန်းနှင့် ကွန်ပျူတာသင်တန်းများ တက်ရောက်ရန် သင်တန်းကြေးပေးရန်ငွေများကို သင်တန်းများတက်ရောက်ခြင်းမရှိဘဲ ငွေများသုံးစွဲခြင်း၊ မိဘများ၏ ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲကိုယ်ဆင်းရဲဖြစ်အောင်ပြုလုပ်သည့်အပြင် မိဘများ၏ ဆိုဆုံးမမှုအပေါ် ရိုင်းပျစွာပြုမူပြောဆိုပြီး (၆–၆–၂၀၂၂) ရက်တွင် နေအိမ်မှ ထွက်သွားပါသဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ၎င်းအား သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ ၎င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စရပ်ကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။ (စုံစမ်းမေးမြန်းခြင်း သည်းခံပါ။)

**မိဘများ ဦးနိုင်ဝင်း–ဒေါ်ခင်စန်းတင့် တို့၏လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ယဉ်လဲ့လဲ့ဖြိုး (LL.B,CBL)**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၉၈၅၄)**
**အမှတ်–၁/၂၊ ကျောက်ငူလမ်း၊ ပုသိမ်မြို့**

## ကန့်ကွက်ရန်ရှိမရှိ အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မလွှကုန်း ငွေကြွယ်(က)ရပ်ကွက်၊ မေဓာ္ဘက လမ်း၊ အမှတ်(၁၈)ဟုခေါ်တွင်သော မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် (၈)ထပ်တိုက် အဆောက်အအုံ၏ (၇)လွှာ(ဆင္ဒမထပ်)ဟုခေါ်တွင်သော နေအိမ်တိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်ကို လက်ဝယ်ထားရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဒေါ်ခင်ပန်းအိမွန် ၁၂/ဒဂမ(နိုင်)၀၁၂၁၄၉ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုသောတန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကိုစရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါနေအိမ်တိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှု အထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်အတူ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါတိုက်ခန်းအရောင်းအဝယ်ကို ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ– ဦးငွေလွင်**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၇၃၄၈)**
**အမှတ်(၉)၊ မင်္ဂလာလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း–၀၉–၇၉၈၃၀၈၁၇၁**

## အများသိစေရန်ကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ မင်္ဂလာရပ်ကွက်၊ ကေးလမ်း၊ အမှတ် (၁၄/၇)နေ ဦးဂျွန်ကိုကိုကျော်ဝင်း(ဘ)ဦးကျော်ဝင်း ၉/ပမန(နိုင်) ၂၉၇၉၉၉ မှ အများသိစေရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်။ နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ အောင်ချမ်းသာရပ်ကွက်၊ ဘုရားလမ်း၊ အရှေ့လားသော်–ဦးလှငွေ၊ အနောက်လားသော်–လမ်း၊ တောင်လားသော်–ဦးဝင်းလှိုင်၊ မြောက်လားသော်–ဦးခင်မောင်ဝင်း၊ အလား (၄)ရပ်အတွင်းရှိ အိမ်အမှတ် (၂)၊ ပေ (၈၀ x၄၅)ကျယ်ဝန်းသော မြေကွက်နှင့် ယင်းမြေကွက်ပေါ် ဆောက်လုပ်ထားသော အဆောက်အအုံအပါအဝင် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ဦးဂျွန်ကိုကိုကျော်ဝင်း တစ်ဦးတည်းမှသာ ပိုင်ဆိုင်ပြီး ၎င်းတစ်ဦးတည်းမှသာ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်း၊ အမည်ပြောင်း ဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်ပိုင်ခွင့်ရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဂျွန်ကိုကိုကျော်ဝင်း(ဘ)ဦးကျော်ဝင်း**
**၉/ပမန(နိုင်)၂၉၇၉၉၉**
**အမှတ် ၁၄/၇၊ ကေးလမ်း၊ မင်္ဂလာရပ်ကွက်၊ ပျဉ်းမနားမြို့**

## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
## အိတ်ဖွင့်တင်ဒါပြောင်းလဲဖွင့်လှစ်ခြင်း

မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရေနံနှင့်ရေနံဓာတုဗေဒပစ္စည်းများ သယ်ယူပို့ဆောင်ရေးဌာနမှ ရေနံစိမ်းတွဲ(၄)တွဲရှိ ရေနံစိမ်း+အနည်အနှစ် ၈၇,၂၀၃ဂါလန် (ဂါလန်ရှစ်သောင်းခုနစ်ထောင့်နှစ်ရာသုံးတိတိ)ကို မျက်မြင်အခြေအနေအတိုင်း အပြောင်ရှင်းစနစ်ဖြင့် ၁၈–၈–၂၀၂၂ရက်တွင် ဖွင့်လှစ်ရောင်းချမည့်တင်ဒါအား ၂၃–၈–၂၀၂၂ရက်သို့ ပြောင်းလဲဖွင့်လှစ်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ဥဿာမြို့သစ်၊ ရပ်ကွက်ကြီး(၈)၊ မြေတိုင်း(၂၀)၊ ဦးပိုင်အမှတ်(၁၇၅)၊ ဧရိယာ(၀ဒသမ၀၁၈၄) ကေရှိ မြေကွက် (ယင်းမြေကွက်သည် ဦးမောင်မောင်လွင် အမည်ဖြင့် ဂရန်ရရှိထားသောမြေကွက်ဖြစ်ပါသည်)နှင့် ယင်းမြေ ကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အရပ်ကတိစာချုပ်အဆက်ဆက်အရ လက်ရှိလက်ဝယ်ထားပိုင်ဆိုင်သူ ဦးတင်ထွန်း(ဘ)ဦးမောင်ထွန်း ၇/ပခန(နိုင်) ၁၆၂၈၈၉ထံမှ ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်သည့်အတွက် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက် နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ် ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးဟိန်းပြည့်စုံအောင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၄၀၅၅)**
**အမှတ်(၁၉၆)၊ ခေမာလမ်း၊ ကျွန်းသာယာရပ်ကွက်၊ပဲခူးမြို့**
**ဖုန်း–၀၉–၂၅၀၃၉၁၅၀၀**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 72W/93505 ယာဉ်လက်ဝယ်ရှိသူ ဦးဝေယံမင်း ၇/ရတရ(နိုင်)၂၁၁၂၅၄ က (ကမ–၃) ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(တောင်ငူ)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2Q/6069 ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးစန္ဒာ ၁၂/ဒဂတ(နိုင်) ၀၃၂၅၃၀ က(ကမ–၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 52W/83260 ယာဉ်လက်ဝယ်ရှိသူ ဦးကြည်ဝင်းလှိုင် ၇/အတန(နိုင်)၀၆၉၂၁၁ က (ကမ–၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(တောင်ငူ)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 82W/10916, Honda Wave I 110 ယာဉ်အမည်ပေါက်သူ ဦးရဲထွဋ်နိုင် ၇/သနပ(နိုင်)၀၄၀၉၅၂ က(ကမ–၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်၊ ကန်ဖျားရပ်ကွက်၊ ပါရမီ(၂)ရပ်၊ စံပယ်လမ်းဟုခေါ်တွင်သော ကွင်းအမှတ်/အမည် ၂၀–AS/ကန်ဖျား၊ ဦးပိုင်အမှတ်(၉၆)၊ မြေဧရိယာ(၀ဒသမ၀၃၁)ကေရှိ ဦးအေးအို–ဒေါ်စန်းယုအမည်ပေါက် အိမ်ရာမြေကွက်နှင့် ၎င်းမြေပေါ်တွင်ဆောက်လုပ်ထားသည့် နေအိမ်တစ်လုံးအား လက်ရှိနေထိုင်ပိုင်ဆိုင်သူ ဦးသန့်ဇော်–ဒေါ်ကြူကြူချို တို့က တစ်ပါးသူထံသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် စီစဉ်ဆောင်ရွက်ထားပြီးဖြစ်ရာ ဖော်ပြပါမြေကွက်နှင့် မြေကွက်ပေါ်ရှိ နေအိမ်ကို ပိုင်ဆိုင် အကျိုးခံစားခွင့်ရှိသူဟု ယူဆသူမည်သူမဆို ကျွန်ုပ်ထံသို့ဖြစ်စေ၊ ဦးသန့်ဇော်–ဒေါ်ကြူကြူချို တို့ထံသို့ဖြစ်စေ ယခုကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း တရားဝင်စာရွက်စာတမ်း အထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်အရေးဆိုနိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည့်တိုင် လာရောက်ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်အတည်ပြုချုပ်ဆိုသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးအောင်မြတ်**
**အထက်တန်းရှေ့နေ(စဉ်–၅၄၀၇၂)**
**အမှတ်(၀၈၄)၊ အေးချမ်းသာယာလမ်း၊ အေးချမ်းသာယာရပ်၊ လေဆိပ်အနီး၊ မြိတ်မြို့**

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၃၆–H)၊ မြေကွက်အမှတ် (၆၇H/၁–E)၊ ဧရိယာ ၀ဒသမ ၁၀၂ ဧက+မြေတိုင်းရပ်ကွက်အမှတ်(၃၆–H/၃၆–G)အတွင်းရှိ မြေကွက်အမှတ်(၆၇–K/၁+ ၆၈–စီ/၂–၁)၊ ဧရိယာ (၀ဒသမ၁၈၆ ဧက+၀ဒသမ ၀၅၀ ဧက)ရှိ မြေပိုင်မြေကွက်(၃)ကွက်နှင့် ယင်းမြေကွက်များပေါ်ရှိ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ အင်းယားမြိုင်စုပေါင်းလမ်းသွယ်၊ အမှတ်(၈၁.အေ.၇/၁)ဟုခေါ်တွင်သည့် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက် ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဦးထွန်းအေး ၁၂/ပဘတ(နိုင်)၀၁၁၉၉၄ ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ် ပြုလုပ်သည့် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသအဖြစ် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါ မြေပိုင်မြေကွက်(၃)ကွက်နှင့် ယင်းမြေကွက်များပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့် ပတ်သက်၍(မြဝတီဘဏ်မှအပ) အကျိုးသက်ဆိုင်ခံစားခွင့်ရှိသည်ဆိုပါက စာချုပ်စာတမ်း မူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်းကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်သီတာအုန်း**
**တရားလွှတ်တော်ရှေ့နေ(စဉ်– ၆၃၀၇)**
**တိုက်အမှတ်(၃၂)၊ဒုတိယထပ်၊**
**၂၃လမ်း၊ လသာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း–၀၉–၅၁၆၀၆၀၇**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် –၅၊ နည်းဥပဒေ– ၂၀)
## သဃ်န်းကျွန်းမြို့နယ်တရားရုံးတော်
## ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၂

| ဒေါ်စိုးသန္တာအေး(ခ)ဟဖ်ဆဟ်ဘီ | နှင့် | ဦးရဲမင်းဝင်း(ခ) မုဟမ္မဒ်ရဖီ |
|---|---|---|
| **တရားလို** | | **တရားပြိုင်** |

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ (ဆ/က)ရပ်ကွက်၊ ရတနာသုခလမ်း၊ ဒါဘာထပ်၊ အမှတ်(၂)နေ ဦးရဲမင်းဝင်း(ခ)မုဟမ္မဒ်ရဖီ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်စိုးသန္တာအေး(ခ)ဟဖ်ဆဟ်ဘီမှ လင်မယားကွာရှင်းပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာ ၇ရက် (၁၃၈၄ ခုနှစ်၊ တော်သလင်းလဆန်း ၁၃ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကိုထုချေရှင်းလင်းရန် ဤရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါရက်တွင် သင်မလာရောက်ဘဲ ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုရန် လိုအပ်သည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြလိုသည့် စာချုပ်စာတမ်းများအစရှိသည်တို့ကို သင်နှင့် အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၂ခုနှစ်၊ ဩဂုတ် ၁၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဝင်းဝါခိုင်)**
**ဒုတိယမြို့နယ်တရားသူကြီး(၂)**
**သဃ်န်းကျွန်းမြို့နယ်တရားရုံး**

## မွေးသက္ကရာဇ်အမှန်

ကျုံပျော်ခရိုင်၊ ကျောင်းကုန်းမြို့နယ်၊ ဆင်ကူးကျေးရွာနေ ဦးထွန်းလွင်–ဒေါ်သန်းသန်းဦးတို့၏ သမီး မမေသူဖြိုး ၁၄/ကကန(နိုင်)၁၁၉၅၀၄ ၏ မွေးသက္ကရာဇ်အမှန်မှာ ၇–၇–၁၉၉၄ ဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်အမှန်

ကျုံပျော်ခရိုင်၊ ကျောင်းကုန်းမြို့နယ်၊ ဘုရားကြီးကုန်းကျေးရွာနေ ဦးသောင်းဝင်း–ဒေါ်တင်တင်ဝင်းတို့၏ သမီး ဒေါ်နှင်းအိ ခိုင် ၁၄/ကကန(နိုင်)၁၂၂၁၄၀ ၏ မွေးသက္ကရာဇ်အမှန်မှာ ၁၅–၉–၁၉၉၃ ဖြစ်ပါကြောင်း။

## ပတ်စ်ပို့ပျောက်

ကျွန်တော် ဦးနော်ထွယ် ၉/ပဥလ(နိုင်)၀၁၈၀၇၉ ၏ နိုင်ငံကူးလက်မှတ် အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၄၂၁၁၂၇၈၄၁**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 64W/61125, Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မျိုးသန့် ၁၄/မမက(နိုင်)၁၆၂၀၂၂ က (ကမ–၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## မွေးသက္ကရာဇ်အမှန်

ဦးဘရမ်ဒီး၏သမီး မြစ်ကြီးနားမြို့၊ ပမ္မတီးရပ်ကွက်၊ နယ်မြေ(၅)၊ အမှတ် ၁၃၄နေ မရိုစလင်းထွယ်နူ၏ မွေးသက္ကရာဇ်အမှန်မှာ ၂၁–၁၁–၂၀၀၃ ဖြစ်ပါကြောင်း။

## အမည်မှန်

ဦးဝင်းအေး၏သမီး ဖားကန့်မြို့နယ်၊ ဆိုင်းတောင်(အထက) Grade–2 အောင်မှ မနဒီဝင့်ဝါ ၏ အမည်မှန်မှာ မနန်းရွှေရေးဟေသီ ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 75W/59716, Honda Wave 110 ,M/C ယာဉ်လက်ဝယ်ရှိသူ ဦးနေမျိုးသူ ၁၄/ငဆန(နိုင်)၀၀၉၅၇၀ က(ကမ–၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးမင်းပိုင်စိုး (၁၂/လသယ(နိုင်) ၀၃၉၃၃၄)နှင့် ဒေါ်သက်ဖြူစင်လှိုင် (၅/ဟမလ(နိုင်) ၀၆၂၆၁၅) တို့သည် (၁၁–၂–၂၀၂၂)ရက်နေ့မှစ၍ အကြင် လင်မယား အဖြစ်မှ နှစ်ဦးသဘောတူ တရားဝင် ကွာရှင်း ပျက်စဲပြီးသည် ဖြစ်ပါသဖြင့် ဒေါ်သက်ဖြူစင်လှိုင်နှင့် ပတ်သက်သော ကိစ္စအရပ်ရပ်တို့သည် ကျွန်ုပ်၏မိတ်ဆွေနှင့် တစ်စုံတစ်ရာ ပတ်သက်ခြင်း မရှိတော့ပါကြောင်း၊ ဒေါ်သက်ဖြူစင်လှိုင်နှင့် ပတ်သက်သည့် မည်သည့် ကိစ္စအဝဝအား ကျွန်ုပ်၏မိတ်ဆွေမှ တာဝန်ယူ ဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးခင်မောင်ဦး**
**LL.B, D.B.L, D.I.L,**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၈၈၅၂)**
**Hein Htet San Law Firm**
**ဖုန်း–၀၉၅၅၀၆၁၄၆၊ ၀၉ ၄၂၀ ၁၂၄၀၀၃**

## (၂၅-၇-၂၀၂၂)ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ၌
## ဦးကျော်ကျော်မိုး၏ ကြေညာချက်အား ပြန်လည်ရှင်းလင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ တ/၁၅ရပ်ကွက်၊ စံပယ်(၃)လမ်း၊ အမှတ်(၁၅၀၀)နေ ဒေါ်ကြည်ကြည်မာ ၁၂/ ရပသ(နိုင်)၀၇၀၆၉၇၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်–

ဦးကျော်ကျော်မိုး နှင့်ဒေါ်ကြည်ကြည်မာတို့သည် တရားဝင်အကြင်လင်မယားများဖြစ်ကြပြီး၊ ပေါင်းသင်းနေထိုင်စဉ် တစ်လျှောက်လုံး၌ ဒေါ်ကြည်ကြည်မာသည် ဇနီး ဝတ္တရားမပျက်၊ အကျင့်စာရိတ္တ ပျက်ပြားခြင်းများလုံးဝမရှိဘဲ ခင်ပွန်းဖြစ်သူ ဦးကျော်ကျော်မိုးအား သစ္စာစောင့်သိစွာ ပေါင်းသင်းနေထိုင်ခဲ့သော်လည်း ဦးကျော်ကျော်မိုးမှာ (၂၃–၆–၂၀၂၂)ရက်တွင် နေအိမ်မှ လင်မယား(၂)ဦးပိုင်ပစ္စည်းများဖြစ်သော ရွှေနှင့်ငွေများ ယူဆောင်ကာ ဆင်းသွားခဲ့ပါသည်။ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ကြည်ကြည်မာသည်ခင်ပွန်းဖြစ်သူ ဦးကျော်ကျော်မိုး ပြန်လာနိုးဖြင့် စောင့်စားရင်း တစ်လခန့်ကြာသည်အထိ အဆက်အသွယ်လည်းမရရှိ၊ လူလည်းနေအိမ်သို့ ပြန်လာခဲ့ခြင်းမရှိပါ။ ထိုသို့ဆက်သွယ်၍ မရရှိဘဲဖြစ်နေစဉ် (၂၅–၇–၂၀၂၂)ရက်ထုတ် မြန်မာ့အလင်း သတင်းစာ၏ စာမျက်နှာ(၂၉)တွင် ဒေါ်ကြည်ကြည်မာ(ဘ) ဦးခင်မောင်ညို ၁၂/ရပသ(နိုင်)၀၇၀၆၉၇ နှင့် အများသိစေရန် ဟူသောခေါင်းစဉ်ဖြင့် ကြော်ငြာထည့်သွင်းခဲ့သည်ဟု ဦးကျော်ကျော်မိုးမှ Viber မှတစ်ဆင့်ဓာတ်ပုံပေးပို့လာခဲ့သဖြင့် ကျွန်ုပ်မိတ်ဆွေ ဒေါ်ကြည်ကြည်မာမှာ အဆိုပါကြော်ငြာအား ဖတ်ရှုပြီး ထိတ်လန့်တုန်လှုပ်ရုံသာမက များစွာဝမ်းနည်းကြေကွဲခဲ့ရပါသည်။ ဦးကျော်ကျော်မိုးမှ အိမ်ထောင်ရေးဖောက်ပြန်နေသည်ကို ကျွန်ုပ်မိတ်ဆွေမှ သိရှိသွားခြင်းအပေါ် ဦးကျော်ကျော်မိုးမှ မဟုတ်မမှန်ထည့်သွင်းကြော်ငြာခဲ့သဖြင့် ယခုကဲ့သို့ ပြန်လည်ရှင်းလင်းရခြင်းဖြစ်ပါသည်။ ဦးကျော်ကျော်မိုးအနေဖြင့်လည်း ဒေါ်ကြည်ကြည်မာအပေါ် မဟုတ်မမှန် စွပ်စွဲကြော်ငြာပြီး မိမိ၏အိမ်ထောင်ရေးဖောက်ပြန်နေသည်ကို ဖုံးဖိလို၍ မဟုတ်မမှန်ထည့်သွင်းကြော်ငြာခြင်းအပေါ် ဦးကျော်ကျော်မိုးမှ တာဝန်ယူရမည်ဖြစ်ပါသည်။ ယနေ့အချိန်အထိ ဦးကျော်ကျော်မိုးနှင့် ကျွန်ုပ်မိတ်ဆွေ ဒေါ်ကြည်ကြည်မာတို့သည် တရားဝင်ကွာရှင်းပြတ်စဲခြင်းမရှိသေးသည့်အတွက် ဒေါ်ကြည်ကြည်မာသာလျှင် တရားဝင်ဇနီးမယားသာ ဖြစ်နေပါကြောင်း ဦးကျော်ကျော်မိုးနှင့် အများသိစေရန် ရှင်းလင်းကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ– ဒေါ်ရွှေစိန်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၀၉၅၄)**
**(ဖုန်း–၀၉–၄၃၀၉၁၅၅၃)**

## ကန့်ကွက်နိုင်ပါကြောင်း

မြစ်ကြီးနားမြို့၊ တပ်ကုန်းရပ်ကွက်၊ ကွင်း/အကွက်အမှတ်-၉/၆က (တာပူ)၊ ဦးပိုင်အမှတ်-၅/၄၊ ဧရိယာ ၀ ဒသမ ၂၈၃ဧကရှိ ဂရန်မြေကွက်နှင့် မြစ်ကြီးနားမြို့၊ တပ်ကုန်းရပ်ကွက်၊ ကွင်း/အကွက် အမှတ်-၉/၆က(တာပူ)၊ ဦးပိုင်အမှတ်(၅/၁ဃ)၊ ဧရိယာ အလျား ပေ ၁၃၀၊ အနံ(၈၃/၆၈)ပေရှိ မြေကွက်တို့အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးဆန်အောင် ၁/မကန(နိုင်)၁၃၆၆၈၅ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးငြိမ်းဦးကို ၇/ထတပ(နိုင်)၁၀၀၂၃၄က ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာမှတ်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာစာပါသည့် ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးလနူး(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၃၀၇၇၈)**
**ဖုန်း-၀၉-၂၅၈၆၂၂၆၅၆**

## ကန့်ကွက်နိုင်ကြောင်းအများသိရှိနိုင်စေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူသည် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရွှေဥဒေါင်း(၂)လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၅၃)၊ မြေကွက်အမှတ်၃၄၀(ခ)၊ အကျယ် (၁၄x၆၀)ပေပေါ်ရှိ ဦးသန်းရွှေ+ဦးမြရှိန်အမည်ပေါက် နှစ်(၆၀)ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အိမ်(မီတာ၊ ရေ) အပါ မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့အား တရားဝင်အဆင့်ဆင့်ဝယ်ယူပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဒေါ်အေးအေးလွင် ၁၂/ဗတထ(နိုင်)၀၃၉၉၀၉ ထံမှတရားဝင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသည့် စာချုပ်၊ စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့် ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဂျူလိုင်မိုး(LL.B,D.B.L)**
**အထက်တန်းရှေ့နေ(စဉ်-၅၂၀၇၃)**
**၅၄ရပ်ကွက်၊ ကျွန်းရွှေဝါလမ်း၊ အမှတ်(၁၃၀၇)၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ဖုန်း-၀၉-၄၅၆၁၃၃၄၄၆**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မလွကုန်းငွေးကြွယ်ကရပ်ကွက်၊ သမ္မာဒိဋ္ဌိလမ်း၊ အိမ်အမှတ်(၄၈)၊ ပထမထပ်(ခေါင်းရင်းခန်း)၊ အကျယ်အဝန်း (၁၅ပေ x ပေ၆၀) ကိုယ်ပိုင်မီတာ၊ ကိုယ်ပိုင်ရေမော်တာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား ဒေါ်ခင်စောမြ ၁၁/စတန(နိုင်)၀၆၂၄၄၀မှ တရားဝင်စာချုပ်စာတမ်းများဖြင့် ပိုင်ဆိုင်ကြောင်း တာဝန်ယူဝန်ခံ၍ ရောင်းချရန်ကမ်းလှမ်းသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပါသည်။ အထက်ဖော်ပြပါ တိုက်ခန်းပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ပိုင်ရေးပိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဇင်မာမြင့် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၂၂၀ )**
**အမှတ် ၄၆၊ သတိပဋ္ဌာန်လမ်း၊ ကျားကွက်သစ်ရပ်ကွယ်၊ တာမွေမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၉၈၄၂၅၇၄၅**

## အများသိစေရန် ကြေညာခြင်း

